www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ငါ့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ငါ့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ငါ့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ငါ့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# [illegible]

## သက်ဆက်နှင်းချင်

(အချစ်မေတ္တာဘွဲ့ရှုံးချင်းသန့်သန့်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၀၀၀၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၁၃၀၂၀၀၈
ထုတ်ဝေခြင်း
၂၀၀၈ ခုနှစ်၊ မေလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်
ထုတ်ဝေသူ
ဦးအောင်ကြည်(ခ)ဦးသစ်လွင်(ကံ့ကော်မြိုင်စာပေ)
(၉၄၈)၊ အမှတ် (၁၁၃)၊ ရွှေပြည်သာလမ်း။
(၆)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်အိမွန်သက်လွင် (မြ-၀၇၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်
အမှတ်(၁၀၆)၊ တာမွေလမ်း။
တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ကိုအောင်လွင်(CONQUEROR)
ကွန်ပျူတာ - ပန်းအိမ်
ပြင်ပဆက်သွယ်ရေး - ခင်မာဆွေ
ဖြန့်ချိရေး - မြတ်မာမာမင်း၊ ရန်နိုင်
အတွင်းဖလင် - ကိုသောင်းမြင့်
စာအုပ်ချုပ် - သစ္စာမွန်
သစ္စာမွန် (T.S.M) Publishing Center မှ
တာဝန်ယူစီစဉ်ပါသည်။



"မျိုးမျိုးရယ်… ဘယ်မှာလဲ နှင့်အကောင်က၊ ငါ စိတ် မရှည်တော့ဘူး"

"လာမှာပါဟာ၊ နင်ကလည်း"

"လာမှာပါက ဘယ်လောက်ကြာပြီလဲ၊ မိန်းကလေး နှစ်ယောက်တည်း အမှောင်ထဲမှာ မကောင်းဘူးဟ"

မျိုးစန္ဒီက လူလူနဲ့ လက်ဖဝါးချင်းထပ်ဆုပ်ဖျစ်လိုက်ပြီး လည်ပင်းလေးရှည်၍ လမ်းဘက်ကို မျှော်ကြည့်သည်။

သူလာမည့်လမ်းရဲ့ အစအဆုံး မှောင်နဲ့မည်းမည်းမှ လမ်း ဘေးမီးတိုင်ကွက်ကွက်ကလေးတွေအတိုင်း အလင်းရောင် ပျောက်တိပျောက်ကျားက ထရံကွက်ကြားက နေပျောက် လောက်ပင် မလင်းနိုင်ဘဲ မှုန်တိမှုန်ဝါး ဖြစ်သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညက အစောကြီးရှိသေးပေမယ့် ဒီလမ်း ဒီနေရာမျိုးမှာက ဒီအချိန်ဆို လူသွားလူလာ ရှိတော့တာမဟုတ်။

"လူလူ… ငါတို့ နွယ်နွယ်တို့အိမ် ခဏပြန်သွားနေကြမလား"

"နင့်ကောင်ရောက်လာရင် လွဲကုန်မှာပေါ့၊ ပြီးတော့ဟိုမှာ တစ်ညနေလုံး အလည်လာသလိုနေ၊ မိုးချုပ်တော့မှ ပြန်တော့မယ်ဆိုပြီး အကြောင်းပြထွက်လာတာ၊ ခုမှပြန်ဝင်ရင် သူ့ရဲ့ဂရင်းမားကြီးက လက်ဖက်ခြောက်ထုပ်နဲ့ စောင့်နေလိမ့်မယ်"

"အဖွားကြီးက စပ်စုတာပါဟာ၊ မဆူလောက်ပါဘူး၊ နွယ်နွယ့်ကို ကပ်ပြောထားလိုက်ရင် ပြီးတာပဲ"

"နင် သူ့ကို သေသေချာချာ ချိန်းမထားဘူးလား"

"ချိန်းပြီးသား လူလူရယ်၊ စာလည်း ပေးခိုင်းထားတယ်၊ မနက်က လူလစ်တာနဲ့ ဖုန်းလည်းဆက်ထားသေးတယ်၊ သူ ဘာဖြစ်လို့ မလာတာလဲ မသိဘူး"

"သူမလာရင် နင် ဘယ်လိုလုပ်မလဲ"

မှောင်ရိပ်ခပ်ကျကျထဲမှာ မျိုးမျိုးမျက်နှာဖွေးဖွေးလေး





မဲ့ကျသွားသည်။

မလာရင်ဆိုသည့်အသံကြောင့် ရင်ဝမှာ မြားမှန်သွားလေရော့သလား…

"သူမလာဘူးဆိုရင်တော့ ငါ အိမ်ပဲပြန်ရတော့မှာပေါ့၊ ခိုးရာလိုက်သွားပြီလို့ စာရေးခဲ့တာမှ မဟုတ်တာ"

"ဖွဲ့… လိုက်မသွားဘူးလို့ထင်မလား။ နင့်ကို အ… တံခါးပိတ် အကျဉ်းချထားတဲ့ကြားက နင် ဖောက်… ကြည့်… ကတည်းက ဘယ်သောက်ဖောင်းပွနေပြီလဲ မသိ… တို့ ဒီရောက်ကတည်းက နွယ့်ကို ဖုန်းဆက်… ဒါကိုပဲ၊ ယော… ကူးလူးသွားလာကြတာ ဒီသုံးအိမ်ပဲရှိတဲ့ဥစ္စာ၊ …က်လာတာ… သွားခိုနေတာပါလို့ ပြောမှာလဲ"

"ဘာဖြစ်ဖြစ်ဟာ၊ အချိန်ကုန်သေးတာမှ မဟုတ်… နောက်တစ်နာရီလေးတည်း ထပ်စောင့်လို့မှမလာရင်တော့… ပြန်မယ်၊ မေမေတို့ရိုက်ရင် ရိုက်ပစေ"

"အမလေး… မြတ်စွာဘုရား၊ တစ်နာရီ… တစ်နာရီ ထပ်စောင့်မယ် ဟုတ်လား"

"အေးလေဟာ နင်ကလည်း၊ လူဆိုတာ တကိမ်း



www.burmeseclassic.com

www.burmeseclassic.com



တစောင်း ရှိတတ်ကြတာပဲ၊ ရုပ်ရှင်တွေထဲကလို လမ်းမှာ တစ်ယောက်ယောက်ကို ကူညီနေတာမျိုး၊ တစ်ခုခုကြောင့် နောက်ကျတာမျိုး…”

“တော်ပါဟာ၊ စိတ်ကူးယဉ်နေပြန်ပြီ၊ ဒီလိုနေရာမျိုးမှာ နောက်တစ်နာရီ ဘယ်လိုလုပ်ထပ်နေမလဲ၊ ပြီးတော့ ပုဂ္ဂိုလ်ခြံထဲက ဘာတွေလုပ်နေသလဲ မသိဘူး၊ မီးတွေလင်းလို့ ပြန့်တော့မှာ ဝင်လိုက်၊ ထွက်လိုက်နဲ့ မြင်နေရသမျှ မိန်းမကို သူ့ရဲ့ဂရင်းမှာ ဒီလူတွေ ဒီဘက်ကို ပြုကျလာရင် ငါတို့မျှော်ပြီ”

လိမ့်မယ်” ကလည်း… ငါက နင်ပါလို့ တအားရှိနေတာ၊

“အဖွားကနေတော့ ဘယ်လိုနေရမှန်းတောင် မသိတော့ နှယ်”

“အို… ငါလည်း မိန်းကလေးပဲ၊ ကြောက်စရာရှိရင် ကြောက်တာပဲ၊ နောက်ပြီး… ငါလည်း ဘာထူးလဲ၊ ဘွားတို့ အိမ်ကို သွားမယ်ဆိုပြီး ကြားထဲမှာ လစ်နေတာ၊ ဘိုကြီးတို့ ဘွားဆီကိုသာ လှမ်းဖုန်းဆက်ရင် ရွာလည်ပြီ”

“နင်ကလည်း ငါတို့ ဘယ်…”

စကားတစ်ပိုင်းတစ်စနှင့် မျိုးမျိုးလည်ပင်းလေး





နောက်လိမ်ကြည့်ကာ အလန့်တကြားဖြစ်သွားလျှင် လူလူက လှည့်ကြည့်၍

“ဘာလဲ…”

“ဟို… ဟိုမှာ လူတွေလာနေပြီ၊ အရက်သမားတွေ ထင်တယ်”

“ဟုတ်လို့လား”

မှောင်မည်းမည်းနောက်ထဲကို ရုတ်တရက်ကြည့်တော့ ဘာမှမမြင်။

“ဟုတ်တယ်၊ ငါကြည့်နေတာ အဲဒါကိုပဲ၊ ယောက်ျား သုံးယောက်ဟ၊ ခြေထောက်တွေနဲ့ လျှောက်လာတာ”

“ခြေထောက်နဲ့မလာလို့ ခေါင်းနဲ့လျှောက်တဲ့လူရှိလို့ လား မိမျိုးရယ်”

“မဟုတ်ဘူးလေ၊ ဒီလိုရုပ်ကွက်မျိုးမှာ ဒီအချိန် ဘယ် သူတွေက ကားမပါဘဲ ထွက်မှာလဲ၊ ဒုက္ခပါပဲ လူလူရယ်၊ ကိုယ်ကျိုးတော့ နည်းပြီထင်တယ်၊ နှယ်နှယ်တို့အိမ်ကလည်း လမ်းကြွေထဲမှာ၊ ဒီလူတွေ ဘယ်လိုမှ လူကောင်းမဖြစ်နိုင်ဘူး ဘယ်လိုလုပ်ကြမလဲ”



www.burmeseclassic.com

www.burmeseclassic.com



လူလူ ကြာကြာတွေးချိန်မရ။

လှုပ်ရှားနိုးကပ်လာသည့် လူရိပ်တွေက သူတို့နဲ့ သိပ်မကွာတော့ပေ။

"လာ... မီးရောင်အောက်ကို သွားနေရအောင်"

"အို... ဟဲ့ လူလူ"

ကျောပိုးအိတ်လေးတစ်ဖက်ကဆွဲလျက် မျိုးမျိုး နားမလည်နိုင်ဘဲ မေးချိန်လည်းမရ။

လူလူဆွဲခေါ်ရာကို ပါသွားခဲ့လေသည်။

လူရည်ချွန်၊ မျိုးစန္ဒီမျိုး၊ နွယ်နွယ်ကျော်သိန်း...

ဒီသုံးယောက်ကို စုပေါင်း၍ လူမျိုးနွယ်ဟု မိဘ သူငယ်ချင်းအချို့က ကင်ပွန်းတပ်ထားသည်။

ရှစ်တန်းတည်းက တစ်ခန်းတည်း၊ တစ်တန်းတည်း ထိုင်ကာ အခု စီးပွားရေးတက္ကသိုလ်ပထမနှစ် ဖြေထားပြီးသည် အထိ အတူတူပဲဖြစ်သော သူတို့သုံးယောက်ဟာ လက်တွဲညီ သည်။

ထိုအထဲမှာ လူရည်ချွန်ခေါ် လူလူနှင့် နွယ်နွယ် ကျော်သိန်းခေါ် နွယ်နွယ်က နှစ်ယောက်လုံး မဟုတ်မခံတတ်





သည့် ခပ်စွာစွာ ဆတ်ဆတ်ကျဲတွေဖြစ်ကာ မျိုးစန္ဒီမျိုးခေါ် မျိုးမျိုးကတော့ ကြောက်တတ်သည်။

ပုံစံကိုက ဖြူဖက်ဖက် ပျော့နွဲ့နွဲ့ကလေးဖြစ်၏။

လူလူနဲ့ နွယ်နွယ်က ရည်းစားမထားကြပေမယ့် ရည်းစားစာ ဖတ်ရခြင်းကို ဝါသနာပါသည်။

ချောချော မချောချော၊ ပေါပေါကြောင်ကြောင် ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် စာလိုက်ပေးလို့ကတော့ ယူလိုက်တာပဲ ဖြစ်ကာ နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ စာတွေဖတ်ကြ သည်။

လက်ရေးက ဘယ်လိုကြီးလဲ...

ဒီကောင် ဘယ်မျောကလဲ...

ကဗျာကြီးက ကြောင်လိုက်တာ၊ ဒီကဗျာလေးက မိုက်တယ်ဟ...

ဖတ်ရှုဝေဖန်ပြီးတာနဲ့ အဲဒီစာသွားပြီ။

"စာတွေ ဘာလို့ယူထားလိုက်တာလဲ လူလူရယ်... သူ့စာကို ယူလိုက်မှတော့ သူ့ကိုချစ်တယ်ထင်ပြီး ထပ်လိုက်မှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မျိုးမျိုးက စိုးရိမ်ကြီးစွာ တားမြစ်မြဲ။

"ဘာဖြစ်လဲ၊ ရည်းစားစာဖတ်ရတာ ဘယ်လောက် အပျင်းပြေတယ် မှတ်လဲ"

"အေးပါ အပျင်းပြေ အပျင်းပြေနဲ့၊ တကယ်ချစ်သူ တွေ့မှ အခါတွေကြောင့် စိတ်ညစ်ရမယ် သိလား"

"သွားစမ်းပါ၊ နင့်လို ကျောင်းဆင်းမျှော်၊ ကျောင်း တက်မျှော်နဲ့၊ ဘယ်နေ့ကြည့်ကြည့် ဒီမျက်နှာကြီးပဲ မြင်နေရတာ ဘာလုပ်ဖို့လဲ၊ ရည်းစားထားရတာ စာချုပ်နဲ့အတည်ပြုထားတဲ့ အပေါင်ပစ္စည်းကြီး ကျနေတာပဲ၊ ဟိုနေရာသွားမယ်ဆိုလည်း ဖုန်းဆက်ရ၊ ဒီလာမယ်ဆိုလည်း လှမ်းချိန်းရ၊ သူက ကိုယ့်ကို အထင်လွဲလိုက်၊ ကိုယ်က အထင်လွဲပြီး ကြိတ်ငိုလိုက်၊ ငါတို့ဖြင့် မျက်လုံးထဲ ပရုတ်ဆီတစ်ဝိသာလောက် ထိုးသိပ်ထည့်တာ တောင် မျက်ရည်ကျလို့ရမှာ မဟုတ်ဘူး၊ ဘယ်လောက် အေးချမ်းလဲ"

"အေးလေ… ကြိုက်တယ်ထင်လို့ လိုက်ရင်လိုက် ပေါ့၊ မော်ရင် ကျွန်နေခဲ့လိမ့်မယ်"

နှစ်ယောက်လုံးက အတွဲညီသည်။

သစ္စာမွန်စာပေ



မျိုးမျိုးကတော့ သူတို့ထဲမှာ ခပ်ကြောင်ကြောင်မလေး အဖြစ် သတ်မှတ်ခံထားရသူဖြစ်၏။

ဒါပေမယ့် ဘယ်သူဘာအပြစ်လုပ်လုပ်၊ ဆရာ ဆရာမ လာမစစ်နဲ့။

လူကြီးတွေ မစုံစမ်းနဲ့။

လူမျိုးနှယ်သုံးယောက်ကို တစ်ယောက်အကြောင်း တစ်ယောက်က ဖွင့်ပြောလိုက်သည်။ လက်ညှိုးထိုးပြလိုက် သည်ဆိုတာ ဘယ်တော့မှ မရှိခဲ့ပေ။

ခုလည်း မျိုးမျိုးရည်းစားထားတာ အိမ်က သိသွား သည်။ ကျောင်းတန်းလန်းနဲ့ပဲ အိမ်ထောင်ချပေးဖို့ စီစဉ်ကြ၏။

လိုက်ပြေးဖို့စီစဉ်ကြတဲ့အထဲမှာ သုံးယောက်လုံး ပေါင်းကြံကြတာ ဖြစ်သည်။

မျိုးမျိုးရဲ့ချစ်သူက မဆင်းရဲသော်လည်း မချမ်းသာပေ။

မိဘနှစ်ပါးလုံးက ရိုးရိုးဝန်ထမ်းတွေသာဖြစ်ပြီး အစ်မ အကြီးဆုံးက အထည်ရောင်းသည်။

မျိုးမျိုးမိဘတွေက သဘောမတူလိုက်ကြတာ ဆတ် ဆတ်ခါ၊ ဖျတ်ဖျတ်လူး။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'သူနဲ့စာတွဲရရင် ငါတော့သေမှာပဲ' လို့ တကယ်သေတော့မယ့်ရုပ်လေးနဲ့ တုန်တုန်ယင်ယင်ပြောတော့ သူတို့နည်းလမ်းရှာ၍ မျိုးမျိုးကို ခေါ်ထုတ်ခဲ့ကြလေသည်။

ခုတော့… ဟိုတစ်ယောက်က မလာသေး။

အချိန်တန်ပြီဟုတွက်ကာ နွယ်နွယ်တို့အိမ်က ထွက်လာခဲ့ပြီးမှ အကြီးအကျယ် ဒုက္ခရောက်လေသည်။

"လူလူ… ခြံထဲမှာလည်း ယောကျ်ားတွေချည်းပဲ၊ ပိုဆိုးကုန်တော့မှာပဲ၊ ဘာလုပ်မလို့လဲ"

"နင် အသာနေစမ်းပါ"

အမြဲတမ်း သူတို့ထဲမှာ လူလူက ခေါင်းဆောင်။

စေ့ထားသည့် တံခါးနှစ်ချပ် သံပန်းတွေကြားက လှမ်းကြည့်တော့ ခြံထဲမှာ ကားတွေ ထပ်ကပ်တန်းစီနေသည်။

အလူမီနီယံ မှန်ချပ်များနှင့် ဆလင်ဒါပုံမျက်နှာစာရှိသော ပြာလဲ့လဲ့တိုက်ကြီးရဲ့ မျက်နှာစာမှာတော့ စားပွဲတွေအပြည့်၊ လူတွေအပြည့်။

ရှေ့ကနေ သေချာတပ်ကြည့်တော့မှ တိုးတိုးငြိမ့်ငြိမ့်လေး စီးမျောလွင့်ပျံ့နေသော တေးသွားသဲ့သဲ့ကို ကြားရသည်။





ယောကျ်ားတွေချည်းများသော်လည်း အမျိုးသမီးတချို့ကိုလည်း လှမ်းမြင်လိုက်ရသဖြင့် လူလူက ခြံတံခါးကို တွန်းဖွင့်ကာ အထဲဝင်လိုက်၏။

ဘာပဲဖြစ်ဖြစ် အမှောင်ရိပ်လမ်းကြားထဲမှာ ဘာတွေလိုလို၊ ညာတွေလိုလို အထင်သေးစော်ကားခံရမည့်ဒုက္ခကတော့ လွတ်သွားသည်သာ။

မျိုးမျိုးက နောက်ကပါလာသည့် ယောကျ်ားတွေကို လှည့်ကြည့်တော့ လူလူက လက်ကို ဖိကြိတ်ဆွဲကာ မကြည့်ဖို့ သတိပေးရင်း ခြံထဲကို ရဲရဲတင်းတင်းပဲ လှမ်းဝင်သွားလေသည်။

"ကလေးမတို့ ခဏ"

တားဆီးသံကြောင့် မျိုးမျိုး ခေါင်းကြီးသွားသည်။

လူလူကတော့ ခြေလှမ်းရပ်ကာ ခေါ်သည့်လူကို ခပ်တည်တည်လေး ပြန်ကြည့်၏။

လူပုံအဝတ်အစားက သပ်သပ်ရပ်ရပ်ပေမယ့် မုဆိုးတိုတို ခပ်ဖိုင့်ဖိုင့်လူကြီးဟာ ခြံစောင့်ပဲဆိုတာ မေးဖို့မလိုဘဲ သိသာလေသည်။

လူကြီးက ခပ်သုတ်သုတ်လျှောက်လာပြီးမှ လူလူတို့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကျတော့ ရပ်တန့်သွားကာ ရုတ်တရက် ဘာမှမပြောဘဲ ခြေဆုံး ခေါင်းဆုံး ကြည့်သည်။

မျိုးမျိုးက ဇေဒါရောင် ကိုယ်ကျပ်ဝတ်စုံ ပခုံးဝဲ ဆံပင်လေးနှင့် အိတ်ကို တစ်ဖက်က လွယ်ထားသည်။

လူလူက မီးခိုးရောင် ဒူးကျဘောင်းဘီပွပွလေးနဲ့ တီရှပ်အဖြူလေးကို ဝတ်ထား၏။

အဖြူရောင်ကြိုက်သော လူလူ့ကိုယ်မှာ လက်ကောက်အပါး ခုနစ်ကွင်း၊ လက်စွပ်လေးကွင်း၊ စိန်လုံးချောနဲ့ ဆော့ကတ်တာပ်ထားသည့် အဆက်ပျောက်ကြိုးရှည်တစ်ကုံး။

အားလုံး ပလက်တီနမ်တွေ ညှုတ်နေသည်။

ဆော့ကတ်က စိန်ပွင့်က ရောင်စုံလက်ဖြာနေ၏။

အဖြူရောင်ခေါင်းစည်းကြိုးလေးနဲ့ နှစ်ဖက်ခွဲ၍ ဆားနှစ်ဖက်ခပ်မြင့်မြင့်မှာ စည်းချထားသည့်ဆံပင်ရှည်က ခါးစပ်ထိ အုပ်ဝဲဖြာကျနေ၏။

ရုပ်ရည်လေးတွေ ပုံစံလေးတွေကိုကြည့်ကာ လူကြီးက ဘယ်လိုအတွေးပေါက်သွားသည် မသိ။

"မိန်းကလေးတို့က ဒီညီခံပွဲကို လာတာလား"





"ရှင် ... ဪ ဟုတ်ပါတယ်"

လူလူက မှင်သေသေနဲ့ ရှိုးလိုက်သည်။

"ဪ ... ဆရာကြီးပြောတဲ့ Journalist တွေ ထင်တယ်"

"ဟုတ်ပါတယ်ရှင်"

"ကောင်းပါပြီ၊ သွားပါ ... သွားပါ၊ ဒါပေမယ့် ကိုတိုင်းနဲ့တော့ ချက်ချင်းသွားမတွေ့ပါနဲ့နော်၊ ညီသည်တွေ တအားများနေတော့ စိတ်ရှုပ်နေမှာမို့လို့ပါ၊ ဟောဟိုဘက်ထောင့်က အဲဒါ Journalist တွေပဲ၊ အဲဒီမှာ သွားထိုင်စောင့်ပါ၊ ကိုတိုင်း အချိန်ရတာနဲ့ ဆရာကြီးကနေ အကြောင်းကြားပါလိမ့်မယ်"

"ဆရာကြီးက ဘယ်သူလဲ"

"ကိုတိုင်းရဲ့ဖခင်ပါ၊ ဟိုမှာ တိုက်ပုံအဝါနဲ့ စကားပြောနေတဲ့ မျက်မှန်နဲ့လူပဲ၊ ကိုတိုင်းကတော့ ဘယ်စားပွဲမှာထိုင်လဲ မသိဘူး၊ ကျုပ်မေတ္တာရပ်ခံပါတယ်၊ ဟိုက မခေါ်ဘဲ ရှုတ်တော့ဝင်မတွေ့လိုက်ပါနဲ့၊ ဆရာကြီးနဲ့ ပြောဆိုပြီးသားဆိုပြီး ရောက်နေတဲ့ စာနယ်ဇင်းသမားတွေ မနည်းဘူးဖြစ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ဖုတ်ကဲ့၊ လူလူတို့ ထိုင်စောင့်နေမှာပါ"

မျက်နှာလွှဲလိုက်သည်နှင့် လူလူ နှုတ်ခမ်းမဲ့သည်။

ကြီးကျယ်လိုက်တာ… ကိုတိုင်းဆိုတာ ဘာကောင်မို့

လို့လဲ။

"လူလူ… ဟိုသုံးယောက် ခြံနားမှာ မယောင်မလည်

လုပ်နေကြတယ်ဟဲ့၊ မသွားကြသေးဘူး၊ သူတို့ ငါတို့ကို

ဟိုဘက်အမှောင်ရိပ်ကနေ ဒီထဲဝင်လာတာကို သိတယ်နဲ့တူ

တယ်၊ တော်ပါသေးရဲ့၊ အဝင်မြန်လို့၊ ငါတို့ ဘယ်လိုလုပ်ကြ

မလဲ"

မျိုးမျိုး လက်ဖျားလေးတွေ အေးစက်စေးထန်နေသည်။

"နင်က ဘာလို့ သူခိုးကြည့်ကြည့်နေတာလဲ၊ ဟိုက

ရိပ်မိမှာပေါ့၊ဒီဘက်လှည့်၊ ပြီးမှ မီးစင်ကြည့်ကမယ်"

နှစ်ယောက်သား စားပွဲလွတ်တစ်ခုမှာ ခပ်တည်တည်

သွားထိုင်နေလိုက်ကြသည်။

"ဖိုလူတွေ ငါတို့လိုပဲ ဝင်လာကြရင် ဘယ်လိုလုပ်

မလဲ"

"မလာရဲပါဘူးဟာ၊ အသာနေစမ်းပါ၊ မရှိသားတဲ့လူ





ဆိုတာ ဘယ်တော့မှ အလင်းရောင်ထဲကို ဝင်မလာဘူး

မထုံကြည့်နေ"

မျိုးမျိုး ရင်ထိတ်ပေမယ့် ထစ်လည်းမကြည့်ရဲတော့ပါ။

ညှော်ခံပွဲမှာ ရှိသမျှလူအားလုံးဟာ နုနယ်ငယ်ရွယ်သူမရှိ

လှဘဲ အများအားဖြင့် လေးဆယ်ဝန်းကျင် ငါးဆယ်လောက်

တွေပဲ ဖြစ်သည်။

ပြောနေသမျှ စကားထဲမှာ သူမှုများအကြောင်း အတင်း

စကားမပါ။

"ဒီနေ့ ကျုပ်တို့အလှည့်ရောက်ပါ့မလား ကိုသက်

ဆွေ"

"စောင့်ရမှာပေါ့ဗျာ၊ ကိုယ်က လိုချင်တဲ့သူပဲ"

"ဟိုမှာ Journalist တွေကလည်း တန်းစီနေတာပဲ၊

ကျုပ်တို့ အေးဆေးဆွေးနွေးလို့ရမယ် မထင်ဘူး၊ တစ်နေ့နေ့ကို

ကွန့်တက်လုပ်လိုက်ရ ကောင်းမလား"

"စိတ်ရှည်စမ်းပါဗျာ၊ 'တိုင်းနိုင်င' လိုလူကို

ကိုယ်တွေ့ချင်တဲ့ချိန် တွေ့ခွင့်ရဖို့က လွယ်တာမဟုတ်

ဘူး၊ 'ကမ္ဘာဦး' က ဒါရိုက်တာတွေနဲ့ငြိသွားရင် မျှော်လင့်ချက်မဲ့



www.burmeseclassic.com

www.burmeseclassic.com



“...ရှိသေးတယ်၊ ဒီည ဒီပွဲကို ‘တမ္ဘာဦး’ မသိဘူး၊ ကျုပ်တို့ ဒီမြင်ကောင်တွေကို ဂရုစိုက်ဖို့ မရှိပါဘူး”

ဘယ်သူပြောပြော ‘တိုင်းနိုင်ငံ’ ဆိုတာ မပါရင်မပြီး။ လက်စသတ်တော့ စီးပွားရေးလုပ်ငန်းရှင်တွေ စားကျက်လုကြတဲ့ပွဲပဲ။

လူလူက ညှော်ခံပွဲကို အကဲခတ်နေသလောက် မျိုးမျိုးကတော့ ကြောက်တာကော၊ ရှက်တာပါ စုပြုံတုန်ယင်နေလေသည်။

လူကြီးလူကောင်းတွေချည်း စုဝေးရောက်ရှိနေကြသည့် အရပ်မှာ သူတို့နှစ်ယောက်က အိမ်နေအဝတ်အစားနှင့် ကျိုးတည့်ကြောင်တည့် ဟန်မဆောင်နိုင်အောင် ကြောက်ရွံ့နေမိသည့် သူမပုံစံကလည်း ခိုးချောင်ခိုးဝှက် ကုတ်ချောင်းချောင်းဖြစ်နေမှာ သေချာလေသည်။

ပြီးတော့ ညှော်သည်ရောက်လို့မှ ကြိုမယ့်သူမရှိ။

စားစရာ လာချမပေး။

“ရှက်စရာကြီး လူလူရယ်... ငါတို့ကို စားစရာတောင် လာချမပေးဘူး၊ ကြောင်တောင်တောင်ကြီး”





လူလူက ဇေ့ခနဲ လှမ်းကြည့်လိုက်ပြီး

“ဒီဘက်က Journalist တွေဘက်ကို ဘာမှလာချမပေးဘူးဟ၊ ငါတို့ကို ကွက်ချန်ထားတာ မဟုတ်ပါဘူး၊ ကြည့်ရတာ ‘တိုင်းနိုင်ငံ’ ဆိုတဲ့လူနဲ့ ‘တိတ်တဆိတ်’ တွေ့ဆုံပွဲ လုပ်တာဖြစ်မယ်၊ သတင်းအနံ့ခံကောင်းကောင်းနဲ့ Journalist တွေ ရောက်လာတာကို လိုလားပုံမရဘူး”

“အေးနော်”

သူမ ကြောက်လန့်နေသလောက် လူလူက အားလုံးကို ခြုံငုံအကဲခတ်နိုင်သေးသည်။

သူ့မှာတော့ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်ရတာ ကျိုးကန်းတောင်းမှောက်။

“အယ်တော့... ဟိုမှာ လူလူရေ... ကိုကြီးတို့၊ ကိုလေးတို့ ဝင်လာကြပြီ”

“ဟင်...ဘယ်မှာလဲ”

ကိုကြီးတို့ဆိုသည်နှင့် မျက်လုံးကမြင်ခင် လူလူ တွန့်ခနဲ ဖြစ်သွားလေသည်။

“ဟိုမှာ... ဟိုမှာ... ဟယ်... ဒီဘက်ကို လာနေကြ



www.burmeseclassic.com

www.burmeseclassic.com

တာ၊ လူလူ… မှန်း… မှန်း”

ကိုကြီးက ဖေဖေနဲ့အတူ လုပ်ငန်းတွေကို ဦးစီးလုပ်ကိုင်နေပြီမို့ ဒီလိုနေရာတွေကို ရောက်လာနိုင်သည်ဆိုတာကို အစက တွေးမိလိုက်ပါလား။

လူလူ ကိုယ့်ကိုယ်ကို ဒေါသဖြစ်နေရင်း စားပွဲအောက်ကို ဖျတ်ခနဲ ဆင်းထိုင်လိုက်သည်။

“ဟဲ့… ငါ ငါ ဘာလုပ်ရမလဲ၊ ငါ့ကိုမြင်ရင် ဘာပြောရမလဲ”

“အရေးထဲ သေခါနီးမှ စောင်းတီးသင်ပေးခဲ့ပါဦး ပြောနေသေးတယ်၊ ဘယ်သူနဲ့လာတာ၊ ဘယ်ဝါနဲ့လာတာ ပြောလိုက်ပေါ့၊ ငါ ပြန်လာခဲ့မယ်”

စားပွဲအလွတ်တွေက သူမတို့ဘက်နားမှာပဲ ရှိနေတာမို့ ကိုကြီးတို့ကို ကြိုဆိုသူက ဒီဘက်ကို ခေါ်လာလေရာ လူလူ စားပွဲအောက်မှာလည်း မနေရဲတော့ဘဲ ဖန်းအိုးတွေ တန်းစီထားသည့် ဘက်ကို တိုးခွဝင်ခဲ့သည်။

တိုက်ကြီးရဲ့မျက်နှာစာနဲ့နီးသွားသဖြင့် တိုက်ထဲက အလင်းရောင်က ဖြာကျနေပြန်သည်။

သစ္စာမွန်စာပေ



ကုန်းကုန်းကွကွနဲ့ပဲ မှောင်ရိပ်ကျသည့်ဘက်ကို တွားသွားကာ စားပွဲခုံတစ်ခုံအောက်ကို လေးဘက်ထောက်ဝင်လိုက်၏။

ဘုရားရေ…

ညှို့ခံပွဲနဲ့နီးသည့် မှောင်ရိပ်ဟု ထင်ခဲ့သော်လည်း သူမမျက်စိရှေ့မှာ ဘောင်းဘီရှည်အဖြူနဲ့ နက်ပြောင်နေသော ရှူးဖိနပ်ကို စီးထားသည့် ခြေထောက်တစ်စုံ။

ဟုတ်သည်။

စားပွဲတစ်လုံးမှာ တစ်ယောက်တည်းထိုင်နေတာ ဖြစ်သည်။

ဒီအတိုင်းထိုင်နေရာမှ သူမ ဝင်ထိုင်နေဆဲမှာပဲ ခြေနှစ်ဖက်က ခုံအောက်ထဲကို ဆန့်ထွက်လာကာ ခြေဖျားချင်းချိတ်၏။

လူနဲ့မထိအောင် ကမန်းကတန်း လက်ခဲ့ကာ နောက်ဆုတ်ဝင်လိုက်တာတောင် ခြေဖျားနှစ်ဖက်က လေးဘက်ထောက်နေသည့် သူမ ရင်ညွန့်အောက်မှာ။

သေလိုက်စမ်း လူရည်ချွန်…

သစ္စာမွန်စာပေ

www.burmeseclassic.com

ညည်း ချွန်ခဲ့သမျှ ဒီတစ်ခါ လေးဖက်ထောက်ပြီး ခွေးကျင့်ခွေးကြံ ကြံပေတော့…။

အဲဒီခြေထောက်ကြီးကို ကုန်းကိုက်ပစ်ချင်စိတ်တွေ ပေါက်ကာ လူလူ ဒေါသတွေ အလိပ်လိုက်တက်နေမိသည်။

ထိုစဉ် ခပ်သုတ်သုတ်လျှောက်လာသည့် ခြေသံနှင့်အတူ ခြေအစုံက စားပွဲနား ချက်ချင်းရောက်လာပြန်ကာ…

"ဘယ်လိုဖြစ်တာလဲ သားရယ်၊ ညီ့သည်တွေကို နေ့ငှအောင် ညှိခဲ့လိုက်ပါကွယ်"

"မရတော့ဘူး ဖေဖေ၊ ကျွန်တော် မနက်ကမှရောက်တယ်၊ ဖုန်းတွေလာသမျှ ကိုင်၊ မေးသမျှ ဖြေ၊ အခု ညနေကတည်းကဟာ တစ်ချက်မှ မနားရသေးဘူး၊ နိုင်ငံကျော် ရုပ်ရှင်မင်းသားတောင် ကျွန်တော့်လောက် အဖြစ်ဆိုးမှာ မဟုတ်ဘူး၊ တကယ့်ကို သည်းမခံနိုင်တော့တာ"

"ဒါမျိုးကို လူတိုင်းလိုလားကြပါတယ် သားရယ်၊ ဒါ ကျော်ကြားမှုပဲ၊ သားကို မြန်မာပြည် ပြန်ခေါ်မယ်၊ ဖက်စပ်လုပ်ငန်းတွေ တိုးချဲ့မယ်ဆိုကတည်းက အားလုံးက စိတ်ဝင်စားနေကြတာ၊ လက်တွဲချင်ကြတာ၊ သူ့ထက်ငါ





နောက်မကျအောင် ကြိုးစားကြတာပါကွယ်၊ ခဏလောက်…"

"မဟုတ်ဘူး ဖေဖေ၊ ခဏလောက်မဟုတ်နိုင်ဘူး၊ အခု ဖေဖေ့ပရိသတ်ကို ကြည့်ဦး…"

"Journalist တွေကို ဖေဖေ သွားပြောပြီးပါပြီ၊ ဒီည တော့ ဘာမှသတင်းမယူကြပါနဲ့လို့… သားနဲ့ ပရိသတ်ကို ဓါတ်ပုံ နှစ်ပုံ သုံးပုံပဲ ရိုက်သွားပါ့မယ်တဲ့…"

"ကျွတ်"

လွှန်မင်းစွာ စိတ်ပျက်ငြီးငွေ့သော စုတ်သပ်သံ တစ်ချက် ထွက်လာပြီး

"ကျွန်တော် တောင်းပန်တယ် ဖေဖေ၊ ကျွန်တော့်ဆီကို ဘယ်သူမှမလာပါစေနဲ့တော့"

စကားပြောသံ ခဏတိတ်သွားကာ…

"အေးပါ၊ ဒါဆို ဖေဖေ အဆင်ပြေအောင် ကြည့်ပြောလိုက်တော့မယ်၊ သား အပေါ်မတက်သေးဘူးဆိုရင် စားစရာ တစ်ခုခု လှုပ်နိုင်းလိုက်မယ်"

"ဒီမှာရှိတာပဲ ဖေဖေ၊ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

ခြေထောက်တစ်စုံတော့ ပြန်ထွက်သွားပြီ။

ဒါဆို ကိုကြီးတို့လည်း ပြန်ရတော့မည်သာ။

ညှော်သည်တွေ ပြန်ကုန်ကြလျှင် သူမ ဘယ်လိုပြန်ထွက်မလဲ။ မျိုးမျိုး ဘာဖြစ်ကျန်ခဲ့ပြီလဲ။

လူလူ ညှော်ခံပွဲထဲကို လှမ်းကြည့်ချင်သဖြင့် ကိုယ်ကို ဘယ်လိုလှည့်ရမှန်းမသိဖြစ်နေဆဲ နဖူးနဲ့ စားပွဲခုံခြေတစ်ချောင်း ဒုတ်ခနဲ ဆောင့်လိုက်မိလေသည်။

သွားပြီ…

စကားပြောနေတုန်းဆို အကြောင်းမဟုတ်။

စကားသံကလည်းတိတ်နေပြီ။ တိုက်သည့်အရှိန်နဲ့ ခုံလည်း တုန်သွားလေသည်။

လူလူ မျက်လုံးလေးပြူးသွားမိဆဲ ဆန့်ထားသည့် ခြေထောက်က ဖျတ်ခနဲ ပြန်ရုတ်သွားကာ ပတ်ပတ်လည်မှာ ဖားလျား တွဲကျနေသည့် စားပွဲခင်းတစ်ဖက်စကို သိမ်းမလိုက်ပြီး မျက်နှာတစ်ခုက တစောင်းကြီးငုံ့ကျလာ၏။

"အမလေး"

နဂိုကထိတ်နေရသည့်အထဲ မျက်နှာဖွေးဖွေးကြီး





ဘွားခနဲ ပေါ်လာသဖြင့် လူလူ လန့်ဖျန့်အော်လိုက်မိ၏။

"ဟိတ်… ခုံအောက်မှာ ဘာဝင်လုပ်နေတာလဲ၊ ထွက်လာခဲ့စမ်း"

လူလူ နှုတ်ခမ်းလေးကိုက်၍ အကြံထုတ်လိုက်သည်။

ထွက်လိုက်လို့ကတော့ ကိုယ်ပြောတာလည်း သူယုံမှာ မဟုတ်။

မိန်းကလေးတန်မဲ့ သူခိုးဂျပိုးလိုလို အပြောအဆိုက ခံရဦးမည်။

"ဟော့…ပြောနေတာ မကြားဘူးလား… ထွက်ခဲ့လေ၊ ငါ ဆွဲထုတ်ရရင် မင်းမလွယ်ဘူးနော်"

မိန်းကလေးတစ်ယောက်မှန်း သိနေသဖြင့် ခေါ်ထုတ်နေရသော်လည်း ထွက်မလာတော့ ဒေါသက ဖြစ်ချင်လာသည်။

သူမ ကပ်နေသည့်တစ်ဖက်စပ်ကို သွားကာ ဆွဲထုတ်ဖို့ အထမှာ စားပွဲအောက်ကနေ လုစ်ခနဲထွက်ပြေးသွားသည့်အရိပ်တစ်ခုကြောင့် သူ့မှာ တအံ့တသြကြီး ဖြစ်ကျန်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်လိုက်ဖို့ ပါးစပ်ဟလိုက်ပေမယ့် အသံ မထွက် ဖြစ်လိုက်။

မိန်းကလေးသည် သူထင်ထားသလို ခပ်ပါးပါး ခပ်နုပ်နုပ် ဂျပိုးတောလေးလိုပုံမျိုးမဟုတ်ဘဲ ရှော့ပင်တိုတိုနှင့် တီရှပ်အဖြူလေးနှင့် မနိမ့်သော ကိုယ်ဟန်က ထင်ရှင်းနေသည်။

မီးရောင်အောက်ကို လှစ်ခနဲဖြတ်အပြေးမှ ခြေသလုံး သား ဝင်းဝင်းလေးအောက်မှာ စီးထားသည့်ဖိနပ်က သုံးလက်မ ခန့်မြင့်သည့် ဒေါက်ချွန်ဖိနပ်နှင့် ရှည်လျားသော ဆံပင်ရှည် တွေက ဝေ့ဝိုက်လွင့်ခါသွား၏။

ဒီမိန်းကလေးက ဘာကြောင့် ဒီအောက်မှာ ခိုးကြောင် ခိုးဝှက်ဝင်ခိုနေပါသနည်း။

သူ့ကို အင်တာဗျူးဖို့စောင့်နေကြသည့် သတင်းစာ ဆရာတွေထဲက တစ်ယောက်ယောက်လား။

ဒါလည်း မဖြစ်နိုင်ပေ။

ဒီပုံစံမျိုးက သတင်းထောက်တစ်ယောက်တော့ မဖြစ် နိုင်။ ဖြစ်စေဦးတော့ ဒီလို ခိုးကြောင်ခိုးဝှက် ဝင်ပုန်းနေ





ပါ့မလား။

သူ ခေါ်ဖို့အော်ဖို့ဝင် သတိမရနိုင်ဘဲရှိနေစဉ် မိန်းကလေးသည် ပြန်သွားသည့် လူအုပ်ထဲမှာ တိုးဝင်ပျောက် ကွယ်သွားပြီ ဖြစ်၏။

စားပွဲခုံဆီ မျက်လုံးပြန်ရောက်သွားမိလျှင် တလက် လက် တောက်နေသည့်အရာတစ်ခုကို မြင်လိုက်သဖြင့် သူ ကောက်ယူ ကြည့်လိုက်၏။

စိန်ပွင့်လေးတွေမြုပ်ထားသည့် ကြိုးပျော့ဟန်းချိန်း တစ်ခု။ ဒီဇိုင်းလေးကဆန်းကာ ပလက်တီနမ်နဲ့စိန်မို့ အတော်လေးလှနေသည်။

သူ ကောက်မလေးပျောက်သွားတဲ့ဆီ တစ်ချက်လှမ်း ကြည့်ကာ ဟန်းချိန်းလေးကို ရှပ်အင်္ကျီအိတ်ထဲ ထည့်ထားလိုက်မိ သည်။

"ကိုလေး… သံပုရာရည်"

"ထားခဲ့"

အောင်တိုးက တစ်ဖက်စလန်နေသည့် စားပွဲခင်းကို ပြန်ချကာ သကြားပုလင်းသစ်သပ် တင်ပေးသည့် သံပုရာရည်



www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်နဲ့ ဇွန်းကို စားပွဲပေါ်မှာ သေသေချာချာချသည်။

သံပုရာရည်ဖျော်ဆိုပေမယ့် တိုင်းနိုင်ငံက သကြား ထည့်တာ မကြိုက်ပေ။ အချဉ်ချည်းသက်သက် တစ်ဝက် သောက်ပြီးမှ သကြားလေးနည်းနည်းပဲထည့်ကာ ထပ်သောက် သည်။

ထို့ကြောင့် သူ့အတွက် သံပုရာရည်ညှစ်ထည့်ပေးပြီး ရေခဲရေဖူးနဲ့ သကြားကို ဒီအတိုင်း ချပေးရလေသည်။

ဖျော်ရည်ဆိုလည်း ဘာဖျော်ရည် အချိုရည်မှ မကြိုက်။

စားပွဲမှာ ပြန်ထိုင်၍ ဖန်ခွက်ထဲကို ရေတစ်ဝက် သာသာခန့်ထည့်ဂ ၢ ဇွန်းလေးနဲ့ စိမ်ပြေနပြေမွှေးရင်း ဟန်းချိန်းကျကျနဲ့သည့် ပြေးသွားသည့် ကျောပြင်လေးတစ်ခု ကို တွေးမိပြန်သည်။

ဒီအောက်မှာ ဘာဝင်လုပ်ပါသလဲ…။

❋ ❋ ❋

သစ္စာမွန်စာပေ



"ဟုတ်ပါတယ်၊ သေသေချာချာကို မြင်လိုက်တာ၊ မျိုးမျိုးမှုမှုက်နေတာကိုကြည့်ပါလား၊ ငါတို့လှမ်းကြည့်တိုင်း ခြေမကိုင်မိ လက်မကိုင်မိနဲ့"

"အဲဒီကောင်မလေး ဘယ်ရောက်သွားလဲ ကိုကြီး"

"မသိလိုက်လို့ပေါ့၊ တိုင်းနိုင်ငံကိုတွေ့ဖို့ပဲ အာရုံကများ နေတော့ သူ့ကို ခဏမေ့သွားတာ၊ ပြန်ကြည့်တော့ မရှိတော့ ဘူး"

"ဒါဖြင့် နှစ်ယောက်စလုံး ပျောက်ချင်းမလှ ပျောက် သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီကောင်မလေး ဘွားဆီကလာတာ မဖြစ်နိုင်ဘူး၊ ဘွားနဲ့ ဒီလုပ်ငန်းတွေနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး၊ တိုင်းနိုင်ငံဆိုတာ ဘွားကြားဖူးမှာတောင် မဟုတ်ဘူး၊ ဒီကလေး သူ့ယော်ချင်းတွေအိမ်မှာ ကြားခိုနေပြန်ပြီ ထင်တယ်"

"ဒါဆို ဘွားဆီသွားမေးရအောင် ကိုကြီး၊ အဲဒီကို မောင်း လိုက်မယ်"

"ဟာ… မသွားနဲ့"

ကိုလေးက ကားကို နောက်ပြန်ဆုတ်ဖို့ ရပ်မလိုလုပ်ပြီးမှ ကိုကြီးကတားတော့ လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ ကိုကြီးရ၊ ဒီကောင်မလေး အိမ်နှစ်အိမ် ကြားမှာ ဖယားရှုပ်နေတာ ဒုက္ခရောက်သွားနိုင်တယ်နော်၊ ခုလည်း ဒီခြံထဲကို ဘာလုပ်ဖို့ရောက်နေမှန်း မသိဘူး၊ ဘယ်လို ပျောက်သွားမှန်း မသိဘူး၊ ရှုပ်နေတာပဲ၊ ကိုကြီးသာ တိုင်းနိုင်ငံကို အာရုံရောက်နေတာ၊ ကျွန်တော်ဖြင့် ညီမလေးကို မြင်လိုက် သလို ဖြစ်ကတည်းက စိတ်ကိုမဖြောင့်တာ"

ကားလေးက အိမ်နဲ့ နီးကပ်လာသည်။

နာရီကိုကြည့်တော့ ကိုးနာရီခွဲနေပြီ။





"အိမ်ရောက်မှ ဘွားကို ဖုန်းဆက်ကြည့်ရမှာပဲ"

"မေမေသိရင် လုံးဝမလွယ်ဘူး"

"မေမေ့ကိုတော့ ပြောရမှာပဲ"

ကားက ခြံဝန်းထဲကွေ့ဝင်လာကာ ပေါ်တီကိုအောက်မှာ ရပ်တန့်သွားလေသည်။

ကားရပ်သွားသည်။ တံခါးပိတ်သံကြားရပြီး အိမ်တံခါးဖွင့်သံ၊ လမ်းလျှောက်ထွက်သွားကြသံ။

အားလုံး ပြန်လည်တိတ်ဆိတ်သွားတဲ့အထိ မနည်းကြီး စောင့်ဆိုင်းနေလိုက်ရသည်။

နောက်ခန်းကူရှင်တွေထဲကနေ ခုံပေါ်လိမ့်တက်လိုက်ရင်း ဟူးခနဲ လေပူမှုတ်ထုတ်လိုက်မိသည်။

ကိုယ်မှာ ချွေးတွေပျံနေသည်မို့ အဲယားကွန်းဖွင့်၍ အကြာကြီး နေပစ်လိုက်၏။

ကိုကြီးတို့တော့ ဘွားကို မေးနေလောက်ပြီ။

"အမလေး… မလာပါဘူးတော်၊ ဒီကလေး ဘယ်ရောက်သွားပြီလဲ၊ လိုက်ကြစမ်း၊ ရှာကြစမ်း…"

ဖုန်းထဲမှာ ဘွားအသံ ဈေ့ဈေ့ခုန်နေရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နေပစေ… လောလောဆယ် သူတစ်ပါးလက်ထဲက လွတ်ကျွတ်လာခဲ့ပြီ။ ကိုကြီးတို့ ဖေဖေတို့ဆူတာ ရိုက်တာ ဘာဖြစ်ဖြစ်…

လူလူ အဲယားကွန်းကိုပိတ်၍ ဘေးမှန်တစ်ချက်ချကာ တံခါးပေါက်သေးသေးလေးထဲကနေ မြွှတစ်ကောင်လို လျှော ထွက်လိုက်သည်။

အပေါ်အမိုးကိုခို၍ ပက်လက်လျှိုထွက်သည်မို့ ကားဘော်ဒီကို ရင်ဘတ်နဲ့ကပ်၍ မြေပြင်ကို ခြေထောက်မိလေသည်။

"ဟာ… ကြည့်စမ်း ကြည့်စမ်း၊ ဟိုမှာ လူလူ…"

"အမလေး… သမီးရယ်"

"ခေါ်ခဲ့စမ်း၊ အဲဒီကလေးကို…"

ကျောဘက်က သံစုံမြည်သွားသဖြင့် လူလူ ပခုံးလေး နှစ်ဖက်ကျုံ့သွားကာ မျက်နှာမှုဖို့ကို မချိမဆန့် အသက်အောင့် အားတင်းပြီးမှ…

"အဟဲ့… မေမေ့… ဟို… ဟိုတ်…"

အင်အားအနည်းဆုံး အညာကို လူလူ ပြေးကိုင်သည်။





နောက်ကို ထိတ်လန့်ဟန်လေးနဲ့ ငှည့်ကြည့်ကာ မေမေ့ကို ပြေးဖက်၍

"မေမေရယ် ဟို လူလူလေ… နွယ်နွယ်တို့အိမ်မှာ ဂိမ်းဆော့ချင်လို့ မျိုးမျိုးနဲ့သွားတာ…"

"ဘာမျိုးမျိုးလဲ၊ ခုပဲ ဖုန်းဆက်ပြီးပြီ၊ မျိုးမျိုးလည်း နေ့လယ်ကတည်းက အိမ်ကပျောက်နေတာ၊ ခုထိ ရှာမတွေ့ဘူး တဲ့၊ သမီးတို့ ဘာတွေလျှောက်လုပ်နေကြသလဲ ပြောစမ်း… ဟိုကောင်မလေးက သူ့အိမ်နဲ့ ပြဿနာရှိနေတဲ့ကြားက သမီး ခေါ်ထုတ်သွားတာ မဟုတ်လား၊ အခု ကောင်မလေးပျောက်နေ တာ သမီးကို ဥပါဒ်ကြတော့မယ်"

"ဘာဆိုင်လို့လဲ ဖေဖေ၊ မျိုးမျိုးနဲ့လူလူ အတူတူ ထွက်သွားကြတာ မှန်တယ်၊ အဲဒီပြဿနာနဲ့ ဘာမှမဆိုင်ဘူး"

"ဟာ… မဆိုင်လို့ရမလား၊ အခု ဒီကောင်မလေး လိုက်ပြေးသွားရင် နင် ဘယ်လိုခေါင်းရှောင်မလဲ၊ နွယ်နွယ်က သူ့အိမ်က တစ်ဖဝါးမှ ခွာတာမဟုတ်ဘူး၊ မျိုးမျိုးကို နင် ခေါ်ထုတ်သွားတာ"

"ကိုလေးနော်၊ ဟိုကဖြင့် ဘာမှမပြောဘဲနဲ့၊ ကိုလေး



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲနေတာနဲ့ပဲ ထောင်ကျရတော့မလို ဖြစ်နေပြီ"

"ကျုမှာစိုးလို့ပြောနေတာပေါ့၊ အခု ညှော်ခံပွဲထဲမှာလည်း မျိုးမျိုးနဲ့နှင့်ကို အတူတွေ့လိုက်တာပဲ"

"အဲဒါက…"

ပြဿနာကို ဘယ်လိုရှင်းရမှန်းမသိတော့ဘဲ လူလူမျက်နှာလေးမဲ့နေစဉ် အိမ်ပေါ်က တယ်လီဖုန်းသံကြောင့် ကိုကြီးပြေးတက်သွားလေသည်။

အားလုံးဆူသံ ကြိမ်းသံတွေလည်း ရပ်ကုန်ကြကာ ကိုကြီးဖုန်းကိုင်တဲ့ဆီမှာပဲ မျက်လုံးတွေ စုပြုံးလှမ်းကြည့်နေကြ၏။

"ခင်ဗျာ… ဟုတ်ကဲ့၊ ညီမလေးလည်း ပြန်ရောက်နေပါပြီ၊ ဟုတ်ကဲ့ခင်ဗျ၊ ပြန်ရောက်ပြီဆိုရင် ပြီးတာပါပဲ ညီမလေးကိုလည်း ခုပဲ မေးနေတာပါ၊ ဟုတ်ကဲ့"

အခြေအနေကို သဘောပေါက်ကာ မေမေ သက်ပြင်းချသည်။

ဖေဖေ့မျက်နှာကြီးက တင်းနေဆဲ…

ကိုလေးကလည်း သတိထားလို့ ပါးစပ်က ထုတ်





မကြိမ်းရဲသာ။

"မေမေရေ… မျိုးမျိုး ပြန်ရောက်ပြီတဲ့"

ကိုကြီးက ဖုန်းချပြီး ဝမ်းသာအားရ လှမ်းပြောသည်။

သူက ညီမကို တယုတယ အလိုလိုက်ချစ်တဲ့သူ…

ညီမလေး ဘာလုပ်လုပ် ကွယ်ရာမှာဆို ရိုက်မယ်၊ ပုတ်မယ် ကြိမ်းဝါးသလောက် မျက်နှာမြင်တာနဲ့ သက်ပြင်းချမျက်နှာလွှဲတတ်တာ ဖြစ်၏။

အတိုင်းအတောထူတာက ကိုလေး…

သူက အပြစ်တွေ့လျှင် အူယားဖားလျား ပြေးတိုင်သည်။

တိုင်လျှင် ရိုက်တာတွေမှ ကျေနပ်သည်။

ဒါပေမယ့် ညီမလေး အော်ငိုပြီဆို သူပဲပြေးဆွဲ၊ ကိုယ်နဲ့ကြားဝင်ခံ။

ဒီညီမကို ဘယ်သူမှမထိရက်၊ မဆူရက်ကြတာတော့ အတူတူပဲဖြစ်၏။

"တွေ့လား၊ လူကို သိပ်ရိုက်စေချင်မနေနဲ့၊ လူလူနဲ့ဘာမှမဆိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဆိုင်ဘူးလဲ၊ ဒီကိစ္စကို ခုမှ ချက်ချင်း ကောက်ရအောတာ၊ အခါက နင့်အပြစ်က ဘွားဆီကိုသွားမယ် ပြောပြီး ချောင်ခိုနေတာ ဖေဖေ၊ အဲဒီကိစ္စ လုံးဝမညှာနဲ့၊ ဒါ ကြားထဲမှာ မိန်းကလေးတစ်ယောက် ဘယ်ဘဝရောက်သွားနိုင် သလဲ မတွေးရဲစရာ"

"ညီလေးကလည်းကွာ၊ ပြီးနေပြီပဲ"

"ကိုကြီး မသိပါဘူး၊ ဒီကောင်မလေး သူ့ကိုယ်သူ မိန်းကလေးဆိုတာကို ထည့်မစဉ်းစားဘူး၊ ကြောက်ရ လန့်ရမှန်း မသိဘူး"

"ဟုတ်တယ်၊ သမီးကို ဖေဖေ ဒီကိစ္စ ခွင့်လွှတ်လို့မရ ဘူး၊ ဒဏ်ပေးရမယ်"

ရိုက်ပြီဆိုလည်း မအေကာဆွဲ၊ အစ်ကိုတွေကကာနှင့် ဦးဝဏ္ဏထွန်း ဒီကလေးတို ဆုံးမဖို့က ရိုက်သည့်နည်းကို မသုံးတော့ပေ။

ယယ်ယယ်ကတည်းက အစ်ကိုနှစ်ယောက်နှင့် ကြီးပြင်း လာသည့် လူရည်ချွန်ဆိုသော မိန်းကလေးမှာ ဘာမှ ကြောက်ရလန့်ရ မှန်းမသိ။





လုပ်ချင်ရာလုပ်သည်။ လုပ်ပြီးမှ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် နှုတ်ခမ်းရှူ၊ မျက်လွှာချကာ တုတ်ချက်ကို စောင့်သည်။

ရှယ်လိုက်သည်နှင့် အော်ပြီ။

"မမြနှင်း"

"ရှင်..."

"မင့်သမီးကို မေမေ့အိမ်မှာ တစ်လလောက်သွားထား၊ မုန့်ဖိုး လုံးဝပေးမသုံးစေနဲ့၊ ဘယ်သွားသွား ဒရိုင်ဘာမပါဘဲ မလွှတ်နဲ့လို့ ငါကိုယ်တိုင် သွားအပ်မယ်"

"ကိုထွန်းရယ်... မေမေ အေးအေးဆေးဆေး နေပါ စေ၊ ကိုထွန်းသမီးက အဲဒီမှာထားတော့လည်း အပိုးကျိုးမှာမှ မဟုတ်တာ၊ ဒီမှာ မိဘတွေ အစ်ကိုတွေကြားထဲမှာတောင် ရအောင်ထွက်၊ ထင်ရာလုပ်နေတဲ့ဟာ"

"ဟုတ်တယ် ဖေဖေ၊ ဘယ်မှသွားမထားနဲ့၊ ပြောဆို တာမှ မရတာ၊ ရိုက်သာရိုက်"

"ကိုလေးနော်... လူတစ်ကိုယ်လုံးလည်း စိတ်ကောင်း မရှိလို့ ပုပ်စော်နံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . သမီး"

"တွေ့လား မင့်သမီး၊ ဘယ်သူ့ကိုမှ လေးစားရမှန်း မသိဘူး၊ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ်တဲ့၊ မိဘမျိုးနွယ်ဂုဏ် သိက္ခာကို ထိန်းသိမ်းသွားမယ့် သားသမီးမျိုးလည်း ဖြစ်လာမှာ မဟုတ်ဘူး၊ အကြီးကောင်တွေကို ငါ ပဲ့ကိုင်နိုင်ခဲ့သလောက် မင့်သမီးကျမှ ပြောမရ ဆိုမရ၊ ထင်ရာလုပ်နေတာ၊ ပထမနှစ် ဖြေပြီးနေပြီ၊ ကလေးမှမဟုတ်တော့ဘဲ၊ အေး . . . ငါ ကြိုပြော ထားမယ်၊ ခေတ်တွေ ဇနစ်တွေ ငါ နားမလည်ဘူးနော်၊ သား သမီးကိုချစ်တာက ချစ်တာပဲ၊ ငါ့မိဘမျိုးရိုးဂုဏ်သိက္ခာကို ငါက အသက်ထက် တန်ဖိုးထားတာ မင်းတို့အသိ၊ မင့်သမီး အဆင့် အတန်းမရှိ၊ ဂုဏ်ဒြပ်နဲ့ မနေတတ်ဘဲ မတော်တရော်တွေ လုပ်လာလို့ကတော့ လုံးဝခွင့်မလွှတ်ဘူး၊ ဒါတင်မကဘူး၊ မျက်နှာတောင် တစ်သက်ပြန်မကြည့်ဘူးမှတ် . . ."

ဦးဝဏ္ဏထွန်း ခပ်မာမာပြောကာ ချာခနဲ လှည့်ထွက် သွားသည်။

သူတို့မိသားစုဟာ ရာဇဝင်မှာ ထွန်းပေါက်ခဲ့သော စစ်သူကြီးတစ်ဦး၏ မျိုးနွယ်ဆက်များဖြစ်လေသည်။





ဦးဝဏ္ဏထွန်းရဲ့ စာကြည့်ခန်းထဲမှာ အဆောင်အယောင် တွေ၊ လက်နက်အမျိုးမျိုးနဲ့ ဦးထုပ်၊ ဒိုင်းကာများအထိ အားလုံး၊ ခြေနင်းဖိနပ်တွေကအစ ရှိသည်။

မျိုးနွယ်ဂုဏ်ကို ဦးဝဏ္ဏထွန်းကိုယ်တိုင်က လက်မ ထောင် ထိန်းသိမ်းခဲ့တာဖြစ်သည်။

သားနှစ်ယောက်ကိုလည်း အပြတ်ပြောထားသည်။

သားကြီးကို မျိုးနွယ်တူမိန်းကလေးတစ်ယောက်နှင့် စေ့စပ်ပေးပြီးသားမို့ သားငယ်ကိုလည်း မှာထားသည်။

အစ်ကိုတွေက အချစ်ရေး၊ အိမ်ထောင်ရေးကိုလည်း သိပ်စိတ်ဝင်စားကြသည် မဟုတ်၍ ဒီအတွက် အများကြီး သတိပေးထားစရာ မလိုပေ။

သူတို့အတွက်က ညီမလေးကို အလိုလိုက်ဖို့၊ ထိန်း ကျောင်းဖို့က အဓိကလို ဖြစ်နေခဲ့သည်။

လိုနေတာက လူရည်ချွန်။

သူမခေါင်းထဲမှာ ထင်ရာလုပ်ဖို့၊ ဘယ်သူဘာပြောပြော လုပ်ကိုလုပ်ဖို့၊ ပြီးမှ ဘာဖြစ်ဖြစ်။

ဒီကလေး မတော်တရော် ယောက်ျားလေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငြိုတွယ်သွားမှာကိုသာ ဦးဝဏ္ဏထွန်း ပူပင်နေရသည်။

မအေလုပ်သူကတော့ သမီးကို စိုးရိမ်တာလည်းရှိမည်။ ဖခင်အရိုက်မှာ၊ ဆူမှာစိုးတာနှင့် သူမက ရှေ့ကနေ ဆူတာ ကြိမ်းတာတော့ ဘယ်တော့မှမလုပ်ပေ။

ဒီမိန်းကလေးမှာ ဆိုးမမယ့်၊ ဆူမယ့်သူက နည်းပြီး ကာဘာလုပ်မယ့်သူတွေက များနေသည်။

ဘယ်လိုအဆိုးကျိုးအောင် လုပ်မလဲ။

❋ ❋ ❋





" ငါလည်း ငါ့နည်း ငါ့ဟန်နဲ့ အိမ်ကိုပဲပြန်ရတာပေါ့၊ အဆူခံလိုက်ရတာဟယ်၊ ဖေဖေကဆို ရိုက်ဖို့လွှဲချလိုက်တာ လက်ကြီးက မှန်တိုင်းကြားထဲက လွင့်ထွက်လာတဲ့ သစ်သား တန်းကြီး ကျနေတာပဲ၊ မေမေသာမဆွဲရင် ငါအသေပဲ"

"ငါရော ဘာထူးလဲ၊ ကိုလေးက ထောင်ပေးတယ်၊ ဖေဖေက လက်တပြင်ပြင်နဲ့၊ ကိုကြီးနဲ့ မေမေ့ကြောင့် အရိုက် မခံရတာ"

"နင်က ဘယ်ထိအောင် သွားပုန်းနေတာလဲ၊ ငါ့မှာ ကိုလေးက တကြည့်ကြည့်နဲ့ဖြစ်နေတော့ ကြာကြာမနေရဲတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တိုက်တိုက်ဆိုင်ဆိုင် ငါတို့အိမ်ဘေးက အန်ကယ် ဦးမင်းအောင်ကအပြန်နဲ့တွေ့လို့ မထူးဘူးဆိုပြီး အိမ်ပြန်လစ်ခဲ့ရတာ"

"တော်တော်ကောင်းတဲ့ သူငယ်ချင်းနော်၊ ငါ့ကိုတော့ ထားခဲ့ပြီးတော့"

"နင်က နင့်အစ်ကိုတွေရောက်နေပြီလေ၊ တွေ့သွားလည်း နင့်အိမ်က နင့်ကို ရိုက်တဲ့သူရှိတာမှ မဟုတ်တာ၊ ငါ့မှာ မရိုးမသား ကြံစည်မှုကြီးနဲ့ ဘယ်လိုလုပ် လုံလုံခြုံခြုံ နေရမှာလဲ"

"ဟုတ်ပါတယ်၊ ငါကလည်း နင့်ကိုပဲ ပူတာပါ၊ ဘာရမလဲ၊ ခြံထဲမှာ နင့်ကို မတွေ့တော့တာနဲ့ ငါလည်း ကိုကြီးတို့ ကားနောက်ခန်းထဲ ဝင်ပုန်းနေလိုက်တာပေါ့၊ အရေးထဲ ကြောက်လို့ သွားပုန်းကာမှ ဟိုလူကြီးခြေထောက်ကြားထဲ ဝင်တိုးမိတော့မလို့၊ ကံကောင်းလို့…"

"ဘယ်လူကြီးလဲ၊ နင်တို့ကလည်း နင်တို့ချည်းပဲ ပြောနေကြတယ်၊ ငါ့ကိုလည်း ပြောပြကြပါဦး၊ ဘာတွေဖြစ်ကုန်လို့လဲ"

"ဒီလိုလေ…"





လူလူက သူဖြစ်ပုံကိုပြောပြရင်း လက်ဝဲဘက်လက်ကို မြှောက်ပြကာ…

"ဟောဒီမှာ ဟန်းချိန်းတောင် ဘယ်ပြုတ်ကျခဲ့မှန်း မသိဘူး"

"ဟယ်… နင့်မွေးနေ့က ကိုကြီး လက်ဆောင်ပေးတဲ့ ဟန်းချိန်းလေးလား၊ စိန်တွေနဲ့ စာလုံးလေးတွေ ပန်းဖော်ရေးထားတဲ့ဟာလေ"

"ဟုတ်ပါ၊ အဲဒီနေ့ကမှ ငါ ထုတ်ဝတ်လာခဲ့တာ"

"အေးပါ၊ ဟုတ်ပါတယ်၊ နှမြောလိုက်တာ လူလူရယ်၊ အဲဒါ ကိုကြီးပြောတယ်၊ စိန်ချည်းပဲ ငါးသိန်းဖိုးတဲ့"

"ဟုတ်တယ်၊ ဆယ်တန်းမှာ ဂုဏ်ထူးနှစ်ဘာသာပါတာနဲ့ မွေးနေ့နဲ့ရောပြီး ဆုချတာလေ၊ ခုတော့ သွားပြီ"

"နေပါဦး၊ ခုနက ဟိုလူကြီးဆိုတာက ဘယ်သူ့ကို ပြောတာလဲ"

"တိုင်းနိုင်ငံတဲ့၊ မသိပါဘူးဟာ၊ ငါတို့ ခပ်တည်တည် ဝင်ထိုင်နေတဲ့ ညနေခံပွဲက သူ့ပွဲပေါ့၊ စီးပွားရေးသမားတွေ၊ ဂျာနယ်လစ်တွေကတော့ သူ့ကို ရုပ်ရှင်မင်းသားတောက်



www.burmeseclassic.com

www.burmeseclassic.com



တောင် သည်းမည်းနေကြသေးတယ်”

“ဟဲ့… အဲဒါကို နင်တွေ့ခဲ့တာလား၊ ဘယ်အရွယ်လဲ၊ ချောလား”

“မသိပါဘူးဆိုမှ…”

လူလှက သူမ စားပွဲခုံအောက် တိုးဝင်ခဲ့သည်မှစ၍ ကိုကြီးတို့ကားပေါ် ပြေးပုန်းလိုက်သွားခဲ့သည်အထိ ရယ်လည်းရယ်၊ သေသေချာချာလည်း ပြောပြလေသည်။

“နင်ကလည်းဟယ်၊ ဒီလိုလူမျိုးကိုများ မြင်ဖူးတယ်ရှိအောင် ကြည့်ခဲ့ပါတော့လား၊ သူက လူမြင်မခံချင်လို့ ပုန်းနေတာ၊ နင်က သူ့နားထွက်သွားတာ…”

“တော်စမ်းပါ၊ စိတ်မဝင်စားပါဘူး၊ အလိုလိုမှ လူက အဲဒီအချိန်မှာ သေချင်စော်နံနေတာ၊ အစွယ်ကြီးငုတ်တုတ်နဲ့ ထိုင်နေလည်း ကြောက်ဖို့ကို သတိမရဘူး”

“မင်းသားလေးလို ချောနေရင်ကော”

“ပြုတ်သုတ်စားရမှာလား”

“နင်ဟာလေ… စားမယ် သောက်မယ်ဆိုတာချည်းပဲ၊ သူများတွေ အစားများရင် ဝမှာစိုးလို့ ရှောင်ရ ဆောင်ရ၊





သူ့မှာတော့ စားတိုင်း အိပ်တိုင်းလည်း လှနေတာပဲကိုး၊ မျိုဝေ့ဆိုပေတာပေါ့၊ ငါးသိန်းတန်ဟန်းချိန်းကျခဲ့တာတောင် မျက်နှာတစ်ချက်မပျက်ဘူး”

ခိုးခိုးခစ်ခစ် ရယ်သံလေးက တကယ့်ကလေးငယ်တစ်ဦးလို ချစ်စဖွယ် အပြစ်ကင်းစင်နေသည်။

တိုင်းနိုင်ငံ မျက်မှန်ကိုဆွဲချွတ်၍ နောက်ကို လည်ပင်းလိမ်ကြည့်လိုက်သည်။

မျက်လုံးက ငါးသိန်းတန် ဟန်းချိန်းပျောက်သည်ဆိုသည့်တစ်ယောက်ဆီ တန်းခနဲ ရောက်လေသည်။

ဘေးနှစ်ဖက် ခပ်မြင့်မြင့်မှာ ဆံပင်တွေကို ခွဲစည်းထားသည့် ခပ်သွယ်သွယ်မျက်နှာလေးက ကျောခိုင်းထိုင်နေတာမို့ မေးဖျားလေးနဲ့ စိမ်းညို့ရှုသွယ်သော မျက်ခုံးမွှန်းအဖျားလေးကိုသာ မြင်ရလေသည်။

အသားက ဖြူတာမဟုတ်ဘဲ ညိုညက်ညက်လေးနှင့် ဝင်းစိုနေသည်။ တီရှပ်ချိုင်းပြတ်လေးဝတ်ထားသဖြင့် ပြည့်ဝန်းလုံးစင်းနေသော လက်မောင်းသားလေးတွေက ထင်းနေသည်။

ပန်းခြံထဲမှာ လူရှင်းနေတာဖြစ်လို့ နားအေးပါးအေး



www.burmeseclassic.com

www.burmeseclassic.com



ချောင်ကပ်ဝင်ထိုင်မိပါသည်။

သူမလေးတို့အသံက စာနေတော့သည်။

အဲဒီဟန်းချိန်း သူ့ဆီမှာဆိုတာ မသိလေးခြင်း။

ထိုညက ကျောပြင်လေးကိုသာ မြင်လိုက်ရသည့် ကောင်မလေး ရဲ့မျက်နှာကို သူ အမိအရ စူးစိုက်ကြည့်မိ၏။

ဆံပင်ပုံစံလေးအရ သူမပဲဆိုတာက သေချာသည်။

တိုင်းနိုင်ငံဆိုသည့် သူ့အကြောင်း၊ ထိုညကအကြောင်း များကိုလည်း ပြောနေသည်။

သို့သော် ဟမ်းချိန်းကို နှမြောတသ ယူကျုံးမရကြောင်း ဖြင့် မပါပေ။

ဒီဟန်းချိန်းကို တောင့်တလိုအပ်နေသည် မဟုတ်ပါဘဲ ခုနေ သူက သွားပေးလိုက်လျှင် ခပ်ကြောင်ကြောင် အဟားခံ ရဖို့က လေးဆယ်ရာနှုန်းအထက် ရှိနေသည်။

ရယ်ချင်ပက်ကျိ ပြုံးတိပြုံးကျောင် မျက်နှာတွေနှင့် ဟန်းချိန်းကို ပြန်ယူကာ ကိုယ့်ကို ဟီးရိုးကြီးလိုလို၊ ကွယ်သည် နှင့် ဟားတိုက်ကြဖို့က ရာနှုန်းပြည့်ရှိ၏။

"ဟဲ့ ... ဟဲ့ ... ဟိုမှာထသွားတဲ့ဘဲကို ကြည့်စမ်း"





နွယ်နွယ်က လက်တို့ပြတော့ မျိုးမျိုးနဲ့လူလူ နောက် လှည့်ကြည့်ကြ၏။

"အရုပ်ကတော့ ဟဲဗီးပဲ၊ စတိုင်ကလည်း အပြတ်မိ တယ်၊ ဘာလဲ... နင် စာလိုက်ပေးမလို့လား"

"အမလေး... ဒီလောက်မြင့်မြင့်မားမား ထောင် ထောင်မတ်မတ်ကြီးကိုများ ပြစ်မှားစရာလား၊ အဲဒီတစ်ယောက် က လူလူ့ကို မျက်မှန်ချွတ်ပြီးတော့ သေသေချာချာကို ကြည့်သွားတာ"

"ငါ့ကို"

လူလူက သူ့မျက်နှာသူ လက်မလေးနဲ့ ထိုးပြသည်။

"ဟုတ်ပ"

"သူက"

"အေးပါဆို..."

"မဟုတ်တာရှုတ် မပြောနဲ့နော်၊ ငါဖြင့် မြင်တောင် မမြင်ဖူးဘူး"

"အဲဒါတော့ မသိဘူး၊ ငါ လှည့်မကြည့်ပေမယ့် ငါတို့ကျောနောက်ကနေ နင့်ကိုကြည့်နေတာကို မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထောင့်ကနေ မြင်နေရတာ”

“ဟီး ဟိ… နိုင်ငံခြားကားတွေထဲက မင်းသားနဲ့တူတယ်ဟ၊ ဖြူစင်ဖြောင့်စင်းနေတာပဲ၊ မဆိုးဘူး ဒီလူ၊ ရင်ခုန်သံတွေ မြန်လာနိုင်စရာရှိတယ်”

“တော်စမ်းပါ၊ ဘယ်လိုရုပ်ကြီးမှန်း မသိဘဲနဲ့၊ သူက ငါ့ကိုကြည့်နေတာ ဟုတ်လို့လား၊ ဘာကိစ္စကြည့်ရတာလဲ”

“ဟုတ်ပါတယ်ဆိုမှ၊ သေသေချာချာ မကြည့်ရဲလို့ မျက်နှာကိုတော့ မသိဘူး၊ ပုံစံကိုကြည့်ရတာ သိပ်ဆိုးမယ့်ပုံတော့ မရှိပါဘူးဟာ၊ ဟဲ ဟဲ…”

“တော်ကြပါတော့ ဒါကြီးကို၊ မျိုးမျိုးက နင့်ကောင်နဲ့ ဘယ်လိုလဲ”

“မသိဘူး၊ ငါ့ကို ခုထိ မဆက်သွယ်ဘူး၊ ငါလည်း တော်ပါပြီ၊ ဟိုညက ကံကောင်းလို့ ဘဝပျက်တော့မလို့ သိလား၊ လန့်သွားပြီ၊ မိဘကို စုံကန်ဖို့ ဘယ်တော့မှမကြိုးစားတော့ဘူး၊ သူ့ကို မေ့လိုက်ဖို့ ကြိုးစားတော့မယ်”

“ကောင်းတယ်”

“ငါတို့လည်း မျက်ခုံးလှုပ်နေရမယ်၊ နင်က သူနဲ့လွဲချင်





သေရတော့မလိုဖြစ်နေတော့ ဟိုကြဲရ ဒီကြဲရ၊ ကြာရင် လျှို့ဝှက်သည်းဖို ဇာတ်လမ်းဖြစ်မလား၊ နှလုံးရောဂါပဲရမလား၊ အိမ်ကလူတွေနဲ့ အိုးစားကွဲမှာတော့ သေချာတယ်”

“ငါလည်း မေမေတို့ကို ကတိပေးလိုက်ပြီ၊ ငါ့ဟာငါ ပြန်လာကတည်းက မေမေတို့ကလည်း ယုံကြည်သွားတယ်၊ ဒါကြောင့် အခု တံခါးပွင့်ပြီး လွတ်လပ်ခွင့်ပေးခိုက်တာပေါ့”

“မျိုး…”

“ဟင်…”

“အဲတော့…”

ပြောဆိုနေကြတုန်း မျိုးမျိုးရဲ့ချစ်သူ သန့်စင်လင်းက ဘွားခနဲဆိုသလို ရှေ့ရောက်လာသဖြင့် အားလုံး တအံ့တသြ ဖြစ်ကုန်ကြလေသည်။

“ကိုလင်း”

မျိုးမျိုးမျက်နှာ စောစောကလို ပြုံးသာမှုတွေ ပျောက်ကွယ်ကုန်တာ အားနာသနားဟန်တွေနဲ့ ဝေခွဲမရနိုင်စွာ ချက်ချင်း ထရပ်လိုက်၏။

“မျိုးရယ်… ကိုလင်းကို အထင်လွဲစိတ်နာနေမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကိုလင်း သိပါတယ်၊ တကယ်တော့ ကိုလင်း မျိုးအတွက် ကြိုးစားနေတာပါ၊ အဲဒီနေ့ထိ ကိုယ့်ဘဝ ဘာမှ မရေရာခဲ့သေးတဲ့ဘဝမို့ပါ၊ မျိုးလို လူကုံထံ သူဌေးသမီးကို မချမ်းသာရင်တောင်မှ တင့်တင့်တယ်တယ် မထားနိုင်ဘဲ ကိုယ်လက်မကမ်းရဲဘူး၊ အဲဒါ မျိုးအတွက်ပါ မျိုးရယ်၊ အခု ကိုယ့်မှာ အာမခံချက်တွေရှိသွားပြီ၊ မျိုးကို ကိုယ် တင့်တင့်တယ်တယ် ထားနိုင်ပြီ''

''သြော်... အခု ဆယ့်လေးငါးရက်သောက်အတွင်းမှာ ဘဝက ဇော်တော်ပြောင်းလဲသွားတာပေါ့နော်''

''မျိုးရယ်... မငေါ့ပါနဲ့ကွာ''

''မငေါ့ပါဘူး ကိုမျိုး၊ အဲဒီနေ့အထိ ကိုမျိုးဘက်က မသေချာဘူးဆိုရင် ခေါင်းခါလိုက်လို့ရပါတယ်၊ ခုတော့ မျိုးနဲ့လူလူ ဘယ်လောက်ထိ သွေးပျက်ခဲ့ရသလဲ သိလား''

''အဲဒါ ကိုလင်း တောင်းပန်ပါတယ် မျိုးရယ်၊ ကိုလင်း ဘယ်လို ကြိုးစားထားခဲ့တယ်ဆိုတာကို ခဏလေး လိုက်ကြည့်ပါ၊ မျိုး နားလည်သွားမှာပါကွယ်''

''ပြီးသွားပြီ ကိုလင်း၊ မျိုး သမားတတ်ပေမယ့်





အားမနာတတ်ဘူး၊ ဒီတစ်ခါဆို မျိုးဘဝ ဘယ်လိုမှပြင်ဆင်လို့ရတော့မှာ မဟုတ်ဘူး၊ ရှင် ပြန်ပါတော့''

''မျိုး...''

''အို... မပြောပါနဲ့တော့၊ လာ... သွားရအောင်''

မျိုးက ရှေ့ကထွက်သွားတော့ သူတို့ပါ ထလိုက်ကြရသည်။

''မျိုး... ခဏနေပါဦး မျိုးရယ်၊ ကိုလင်းပြောတာကို ယုံပါ၊ ခဏလေးပဲ လိုက်ကြည့်ပါကွာ၊ ကိုလင်း တောင်းပန်နေတာပါ''

''အို... မသိဘူး၊ မလိုက်ဘူး''

သန့်စင်လင်းက ကားနားဆီ ဖွတ်ပါလာသည်။

မျိုးက ကားထဲဝင်ထိုင်ကာ တံခါးပိတ် လော့ချပစ်၏။

''လူလူ မောင်းလေ''

နွယ်နွယ် သတိပေးတော့မှ လူလူ ကားမောင်းဖြစ်၏။

မျိုးလည်း မျက်ရည်ဝဲနေသည်။ သူတို့လည်း စိတ်မကောင်းကြပါ။

''နင်ကလည်း ပြတ်တယ်ဆိုလည်း ပြန့်မတွေးနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ဟာ''

''မြတ်တယ်တော့ ဟုတ်မလားဟာ၊ ဒါပေမဲ့ ငါ ငါ့တကယ်လန့်နေပြီ''

''အင်းလေ… အဲဒါကြောင့် ငါပြောတာပါ၊ ဖြစ်မှ မဖြစ်နိုင်တာ မေ့လိုက်ပေါ့''

''နင်တလည်း မိန္ဓယ်ရယ်… သူ့ခများလည်း တော်တော်တောင်းပန်နေတာပဲ၊ သူ လိုက်ကြည့်ပါဆိုတာ၊ တကယ်ဆိုကြည့်သင့်တယ်၊ သူ အပိုမပြောဘူးဆိုတာ ငါ ယုံတယ်''

''လှလှနော်… ဒီမှာ အလိုလိုမှ ငိုမဲ့မဲ့ရယ်… နင် လက်တို့မပေးနဲ့၊ ပြီးလက်စနဲ့ ပြီးပါစေတော့''

''မပြီးပါဘူး နွယ်နွယ်ရာ၊ မျိုးမျက်နှာကို နင်ကြည့်ပါလား၊ ရင်ထဲမှာရှိနေသရွေ့ ဘယ်တော့မှမပြီးဘူး''

''ဘာလဲ၊ နင်က ခွေးပြေး ဝက်ပြေး ပြေးခဲ့ရတာကို မမှတ်သေးဘူးလား''

''No Problem ပါ၊ ငါကတော့ သနားစရာမြင်ရင် သနားတာပဲ၊ သူလည်း သူမှန်နေရင် ဘယ်အညှံ့ခံနိုင်မလဲ၊





ပြီးတော့ တကယ်ကြိုးစားထားတာရှိရင် သူ့ချစ်သူကို အသိအမှတ်ပြုစေချင်မှာပေါ့''

ထိုစကား နေရာအရောက်မှာ မျိုးမျိုး ဟီးခနဲ ငိုလေသည်။

နွယ်နွယ်က တွေ့လားဆိုသည့်သဘောနှင့် မျိုးမျိုးကို မေးဆတ်ပြကာ လှလှ့ကို မျက်စောင်းထိုးသည်။

လှလှက ကားမောင်းရင်း 'ဘာဖြစ်လဲ' ဟု အသံ တိတ် ပြောကာ ခေါင်းကို ဆတ်ဆိုခါထုတ်ပစ်လိုက်သည်။

ပြီးတော့ ကားကို အဲယားကွန်းဘတ်စ်ကားကြီးနဲ့ ကက နှစ်စီးကြားက ဝေ့ခနဲ ဖြတ်တက်လိုက်၏။

''ဘုရား… ဘုရား…''

ငိုနေရင်း မျိုးမျိုးဘုရားတလျက် မျက်လုံးပြူး၏။

''ယောက်ျားမရလိုက်ဘဲ သေမှာတော့ ပူရှာသား''

''ပူတယ်ဖေ့ ပူတယ်၊ ငါတို့လည်း ခုမှ ရည်စားစ ဖတ်လို့တောင် မဝသေးဘူး''

''မျှော်မနေနဲ့၊ ထပ်မရတော့ဘူး၊ နင့်ကို ခါးတုတ်လာ တယ်၊ ပါးတွေဖောင်းလာတယ်ဆိုပြီး ဘယ်သူမှ စာပိုက်



www.burmeseclassic.com

www.burmeseclassic.com



မပေးတော့မှာ သေချာတယ်၊ လိုချင်ရင် အဲဒီထဲက တစ်ယောက်ကို အသက်ကယ်ဆေးအမှတ်နဲ့ ကောက်ယူထားလိုက်”

“နှင်အရစ်ယူလေ၊ ငါလည်း ယူပြီးသားပဲ”

“တော်ပါတော့ဟယ်”

မျိုးမျိုး တားလိုက်မှပဲ ရယ်သံတွေ ထွက်လာတော့သည်။

သူတို့ကတော့ ရယ်နိုင်မှာပေါ့ . . .။

❋ ❋ ❋





“ဒါက ဘာလဲ”

ကိုလေးမေးတော့မယ်ဆိုတာ သိသား:ပဲ။

ဒါကြောင့် အဖြေကို ပါးစပ်ထဲမှာ ထည့်ထားပြီးသား။

“သူငယ်ချင်းတစ်ယောက် အရမ်းဖြစ်နေလို့ လူမှာသွားမေးမလို့”

“ဘယ်မှာလဲ”

“တောင်ဥက္ကလာမှာ”

ကိုလေးက ဖတ်လက်စ စာအုပ်ကိုချထားလိုက်ပြီး

“ဒီမှာ ခဏလောက်ထိုင်ဦး”

“ဘာလုပ်မလို့လဲ ကိုလေးရ၊ ဟိုမှာ အားလုံးစောင့်နေကြမှာ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ အားလုံးလဲ၊ မျိုးမျိုးတို့အုပ်စု မဟုတ်လား"

"အင်းလေ..."

လူလူက ကိုလေးသားမှာ ဆောင့်ခနဲဝင်ထိုင်၍ နှုတ်ခမ်းဆူသည်။

ကိုလေးက ကပ်ထိုင်လိုက်သည့် လူလူ့ကိုယ်ကို သား တိမ်းကာ သေချာပြန်ကြည့်၏။

"ဆံပင်တွေကျတော့ မဲခဲနေတာပဲ၊ အရှည်ကြီး လှမှ လှ..."

"အစပြုပြီး ကွဲရှိတော့မယ်"

"ကွဲရှဲမလို့ မဟုတ်ဘူး၊ ကြည့်မှမကောင်းတာ၊ ဆံပင် တွေကျတော့ အရှည်ကြီးထားပြီး ဝတ်သမျှ ဘောင်းဘီ၊ စကတ်တွေက တစ်ခါမှ ခြေသလုံးဖုံးတယ်မရှိဘူး၊ တိုက်ပေါ် မှာမြင်လိုက်ရင် ဖောရိန်းရှပ်နဲ့ တီရှပ်နဲ့ ဖိုလိုဖားလျားကြီးတွေက ပါသေး၊ နင် ထမီကော ဝတ်တတ်သေးရဲ့လား ညီမလေး၊ ဟင်..."

"မဝတ်တတ်ဘူးလေ၊ ကိုလေးတို့ပဲ ဘောင်းဘီအတို အရှည်တွေချည်း ဆင်ခဲ့တဲ့ဥစ္စာ၊ စကတ်ဝတ်တာတောင် မေမေ





တိုက်တွန်းလွန်းလို့ သိလား၊ သွားရ လာရတာ ကျပ်ကျပ် သိပ်သိပ်နဲ့"

"အေး... ကောင်းတယ်၊ မေမေတို့က နင့်ကို ယောက်ျားပေးစားတော့မှာဟ"

"ဟုတ်လား... ကောင်းတာပေါ့"

"ဘာရယ်..."

ကိုလေးမျက်နှာကြီးပျက်နေတာကို လူလူက ဘာမှ မဖြစ်သလိုလေး ပြန်ကြည့်ကာ...

"ဟုတ်တယ်လေ၊ ယူဆို ယူလိုက်မှာပေါ့၊ မယူနိုင်ပါ ဘူးဆိုရင် ညည်း လည်တာပတ်တာ၊ သွားတာ လာတာ ပြင်ရမယ်၊ ဟိုလိုမနေရဘူး၊ ဒီဟာမလုပ်ရဘူး ဖြစ်လာတော့မှာ ကတိတွေ ညာတာပါတေးနဲ့ ပေးရတော့မယ်၊ ဆိုးတယ်ထင်ရ ယောက်ျားပေးစားရင် ယူလိုက်မှာပေါ့၊ နားပူတာ မခံနိုင်ပ ဘူး"

"ကြည့်စမ်း... အိမ်ထောင်ပြုတယ်ဆိုတာကို နင် ဘာမှတ်နေသလဲဟင်၊ ယယ်ယယ်ရွယ်ရွယ်နဲ့ ကိုယ်မချစ်တာကြီး ကိုယူပြီး..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါသိလျက်နဲ့ မေမေတို့က ပေးစားမှာ မဟုတ်လား၊ ယူမယ်၊ ရွှံ့ပြီးတော့ကို ယူဦးမှာ"

"ညီမလေးရာ… လိမ္မာအောင်နေမယ်လို့ စိတ်ကူးစမ်းပါ၊ ဒါ ရွှံ့စရာလား"

ကိုလေး ညီမလေးကို ယောက်ျားမရစေချင်ပါ။

ကိုကြီးလည်း မျက်နှာပျက်နေရှာသည်။

"မင်းတို့ ဘာသိလို့လဲ၊ မင်းတို့ညီမက ကလေးမဟုတ်တော့ဘူး၊ သူ့စာကြည့်စားပွဲအံထဲမှာ ရည်းစားစာတွေချည်းပဲ၊ မျိုးရိုးဂုဏ်အသိက္ခာကို ဖေဖေ ဘယ်လောက်တန်ဖိုးထားခဲ့သလဲ သားတို့အသိ၊ ဒီကလေးကို ဖြစ်ချင်ရာနဲ့ဖြစ်၊ ချစ်ချင်ရာနဲ့ ချစ်ခွင့်မပေးနိုင်ဘူး"

လို့ ဆိုလာတော့…

"ကျွန်တော်တို့တောင် အိမ်ထောင်မပြုသေးဘဲ ညီမလေးကို အရင်အိမ်ထောင်ချပေးတာ မကောင်းပါဘူး ဖေဖေရယ်"

ကိုကြီး စောဒက တက်ပါသေးသည်။

ဖေဖေက လက်မခံခဲ့ပေ။





"အစဦးအလာက ဒီလိုဖြစ်သင့်ပေမယ့် အထားခံတဲ့ ဖရွှည်း၊ အထားမခံတဲ့ဖရွှည်း နှိုင်းယှဉ်လာရင် စိနိယာအတိုင်း ခွဲခေါ်သွားလို့မရဘူး သား၊ အထားခံတာကိုထားပြီး မခံတာကို အရင်ရောင်းပစ်ရတယ်၊ သမီးမိန်းကလေးဆိုတာ ရောင်းကုန်တဲ့ ဖေဖေ ဥပမာထားတာ မရှိင်းပါဘူး၊ အခု သားတို့ညီမက စိနိယာအတိုင်း သိမ်းထားရင် ရောင်းချင် ရောင်းလို့မဖြစ်တော့ဘူး၊ တန်ဖိုးကြီးပြီး မျက်နှာပန်းလှလှနဲ့ သူ့ဘဝ တင့်တယ်အောင် ဖေဖေ လိုအပ်သလို စီရင်ပေးရမှာပဲ"

ညီမလေးကို ရောင်းကုန်နဲ့ နှိုင်း၍ပြောသွားတာကိုပဲ ဖေဖေ့ ကို ပြောရက်လေခြင်းဟု ထင်ခဲ့မိသည်။

ညီမဖြစ်သူကို လိမ္မာဖို့၊ အချိုးပြောင်းဖို့ ကြိုတ်ဆုံးမပြီး ဖေဖေဖို့ ထပ်ပြောကြည့်ဖို့လည်း သူတို့ စိတ်ကူးထားကြသည်။

ခုတော့ မယ်မင်းကြီးမလေးက တစ်မျိုး။

"မေမေတို့က နင့်ကို အကျပ်ကိုင်မှာမျိုးမဟုတ်ဘူးနော် ညီမလေး၊ တကယ့်အိမ်ထောင်ချပေးမှာ၊ ဖေဖေ့အမိန့်နဲ့ မေမေက လုပ်ရှားနေပြီ၊ နင်ကိုယ်တိုင် သမီး လိမ်လိမ်မာမာ နေပါမယ်၊ အိမ်ထောင်ချမပေးပါနဲ့လို့ တောင်းပန်ရင်



www.burmeseclassic.com

www.burmeseclassic.com



ရွတ်တော့လုပ်မှာ မဟုတ်ပါဘူး''

ဘာမှမဟုတ်ဘူး။ ဖေဖေကော မေမေကော ကိုကြီးတို့ ကိုလေးတို့ပါ သူမကို ဆုံးမဖို့ နည်းဗျူဟာအသစ်တစ်မျိုးနဲ့ မှူးပေါင်းကြံကြတာ။

မျိုးမျိုးတို့အိမ်က ထွက်လာတော့မှပဲ လူလူ ထိုအတွေးတို့ ဖြတ်လေသည်။

''မိန္နယ် အစုတ်ပလုတ်က ဒီကစောင့်နေမယ်ဆိုပြီးတော့ ခုထိထွက်မလာပါလား''

''ငါလည်း သူ့ကိုစောင့်နေတာ''

အိမ်မှာဝင်ခေါ်တော့ အားလုံးဝတ်စားထားပြီးသားနှင့် ဧည့်ခန်းမှာ ငုတ်တုတ်လေးထိုင်နေတာ ဖြစ်သည်။

သူတို့ကမေးမလို့ ပါးစပ်ပြင်ရုံပဲရှိသေးသည်။

''ဖေဖေနဲ့ မေမေ ပါတီပွဲသွားကြတာ ခုထိ ပြန်မလာဘူးလေ၊ ငါ မုန့်ဖိုးတောင်းမလို့စောင့်နေတာ''

''အမလေး… မပါလည်း နေပါစေတော့ဟာ၊ ငါတို့မှာ ပါပါတယ်၊ လာ… သွားမယ်''

လိုက်ချလာပေမယ့် နွယ်နွယ်က မကျေနပ်။





''ဒီနေ့ ဈေးဝယ်မယ်၊ ရုပ်ရှင်ကြည့်မယ်လို့ ပြောထားပြီးသားကို ပေးမသွားတာ၊ တကယ်ခံစားရတယ်ဟာ၊ ဖေဖေတို့က ငါ့ဆို ဂရုကိုမစိုက်ကြဘူး''

သူတို့သုံးယောက်ထဲမှာ နွယ်တို့မိသားစုက ပွင့်လင်းကြသည်၊ မိဘနဲ့သားသမီးက မောင်နှမ ညီအစ်မတွေကဲ့သို့ ပြောရဲဆိုရဲ ရှိကြသည်။

အပြင်သွားမယ်၊ ဘာလုပ်မယ်ဆိုတာ ကွယ်ဝှက်ညာပြောထွက်ဖို့ မလို။ မျိုးမျိုးနဲ့ လူလူကတော့ ဘယ်အခါဖြစ်ဖြစ် မုသားနဲ့ မကင်းကြတဲ့နှစ်ယောက်။

''နင်တို့ကို ငါ ခေါ်ထားတာ၊ မုန့်ဟင်းခါးဆိုင်မှာထားခဲ့မယ်ဟာ၊ ဖေဖေတို့သွားတဲ့ခြံ ငါသိတယ်၊ ဒီနားနဲ့ မဝေးတော့ဘူး၊ ပိုက်ဆံသွားတောင်းလိုက်ဦးမယ်''

''မုန့်ဆိုင်က လမ်းကြားထဲတောင် ဝင်ရဦးမှာ၊ စားလည်း မစားချင်ပါဘူး မိန္နယ်ရယ်၊ ငါတို့နှစ်ယောက်ဆီက ခဏယူဝယ်ပါဆို''

''ဟင့်အင်း… ဝယ်ကြ ခြမ်းကြဖို့ထွက်လာတဲ့ ဉစ္စာ၊ မျှသုံးနေရမှာပေါ့၊ ခဏလေးပါဟာ၊ ငါ ချက်ချင်းလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



မှာပါ''

ပြောပြောဆိုဆို ကားကို လမ်းကြားထဲ မောင်းဝင်လိုက်သည်။

တော်တော်လေးမောင်းသွားပြီးမှ 'ချေါ်ထားထား' မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲဟူသော ဆိုင်းဘုတ်လေးနှင့် တစ်ထပ်တိုက်ပုလေးရှေ့ကို ရောက်လေသည်။

''ခဏဆင်းကြဦး၊ ငါ လိမ့်လိုက်ဦးမယ်''

သွားတုန်းက ဒီနားတင်တဲ့။

လူလူ မုန့်ဟင်းခါးစားပြီးတဲ့အထိ ပေါ်မလာပေ။

သူတို့ ဘယ်သွားသွား လူလူ့ကားနဲ့ပဲ သွားနေကြမို့ လမ်းမှာ ကိစ္စပေါ်လာတိုင်း ဒီလိုပြဿနာမျိုး အမြဲတက်သည်။

ကားယူသွားတဲ့လူက သွား၊ နစ်ယောက်က ကျန်ခဲ့။

တစ်ခါတလေ သူ့ကိစ္စနောက်လိုက်၊ ကိုယ်ကိစ္စရှိတဲ့ဆီသွား။ တစ်နေကုန် အချိန်ကုန်တာတောင် သွားစရာက ထော်ငှမစေ့။

မုန့်ဟင်းခါးဆိုင်ထဲကို ဝေ့ကြည့်ရင်း မျိုးမျိုးမျက်နှာလေး ပျက်လာသည်။ သူမမှာ ပြဿနာက မငြိမ်းသေးသည်ရှိ





ဘယ်သွားသွား အိမ်က သိပ်စိတ်မချသေးပေ။

ခုလို ဟိုဝင် ဒီထွက်လုပ်နေတာများ သိသွားလျှင် ပြဿနာရှာပေဦးမည်။

''မျိုးမျိုးရေ… မုန့်ဟင်းခါးဆိုင်က နေ့ခင်းဘက်ကြီးတောင် လူတွေများလှချေလား၊ ဟိုနောက်ခန်းထဲမှာက အရက်ပါ ရောင်းတာထင်တယ်နော်''

ကားပါကင်နေရာမှာလည်း ကားတွေကျပ်နေသည်။ တစ်ခန်းလုံးမှာ ရှိသမျှစားပွဲတွေလည်း လူအပြည့်။

နောက်မှာ သီးသန့်ထားသည့် အခန်းတွေထဲက စကားပြောသံတွေလည်း ကြားနေရ၏။

ဒါပေမယ့် မျိုးမျိုးကတော့ ဒါကို စိတ်မဝင်စားပါ။

''နင်က မုန့်ဟင်းခါးဆိုင်ကို လေ့လာနိုင်သေးတယ်၊ ဒီမှာ ရင်တွေပူနေပြီ၊ မိန္မယ် ဘယ်လိုလုပ်သွားတာလဲ မသိဘူး၊ ငါတော့ ဈေးမဝယ်ဖြစ်ဘဲ ပြန်ရတော့မယ် ထင်တယ်''

ပြောပြောဆိုဆို ထထွက်သွားသဖြင့် လူလူ စားပွဲပေါ်မှာ ငါးရာတန်တစ်ရွက် ထားပစ်ခဲ့ပြီး နောက်က လိုက်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ မျိုးမျိုးရာ၊ ဆိုင်ထဲမှာ ထိုင်စောင့်နေလို့ ရသားနဲ့၊ ဟိုကလာမှ သွားရမယ့်ဟာကို"

"ဖင်မကျတော့ဘူးဟ၊ ငါတို့အာသာခဲ လွမ်းမထွက် လိုက်ရအောင်"

"ဟာ... အဝေးကြီးဥစ္စာ၊ နေစမ်းပါဦး"

မျိုးမျိုးက ဖွတ်ပဲ ရှေ့က သွား၏။

ထိုစဉ် မုန့်ဟင်းခါးဆိုင်ခြံဝန်းထဲက ထွက်လာသည့် ကားလေးတစ်စီးက သူတို့အနားမှာ ကပ်လျက်ရပ်သွား၏။

နှစ်ယောက်လုံး ပြိုင်တူလှည့်ကြည့်လိုက်မိကြသည်။

"ဟင်... ကိုလင်း"

မျိုးမျိုး မျက်နှာလေး ပျက်သွားသည်။

လူလူ မျိုးမျိုးနောက်ကို အမှီလိုက်နေရာမှ ခြေလှမ်းကို တုံ့နှေးပစ်လိုက်ရသည်။

သူတို့ချင်း ပြောကြပါစေဟု စာနာပေးလိုက်တာ ဖြစ် သည်။

"မျိုး... ကိုလင်းနဲ့ ခဏလေးလိုက်ခဲ့ပါ"

"အို... မလိုက်ချင်ပါဘူး"





"မလိုက်လို့မရဘူး မျိုး၊ ကိုလင်း ဖွတ်ခေါ်ရမှာပဲ"

"အို... လွှတ်၊ လွှတ်"

ချစ်သူမို့ ရှန်းတာက အားမပါ။

အော်ဟစ်ဖို့ကို စိတ်ကူးမိပုံလည်းမရဘဲ မျိုးမျိုး တစ်ယောက် ကိုလင်းဆွဲဖို့လိုက်သည့် ကားပေါ်သို့ ခွေခွေ ခေါက်ခေါက်ကလေး ပစ်ကျဝါသွားလေသည်။

"ဟဲ့ ဟဲ့... မျိုး၊ ကိုလင်း မလုပ်နဲ့လေ"

လူလူ သတိဝင်လာတော့ ကားတံခါးက သိမ့်ခနဲ ပိတ်သွားပြီ။

"လူလူရေ..."

"မျိုး..."

မျိုးမျိုး တွန်းထိုးရုန်းရင်း လှမ်းခေါ်သံကြားတော့ လူလူ ခေါင်းတွေပူထူသွားသည်။

"သူ့အိမ်ကိုပြောလိုက်ပါ လူလူ၊ မျိုး ချစ်သူနောက်ကို လိုက်သွားပြီလို့၊ ကျွန်တော်တို့ကို စာနာပေးပါ"

"မဟုတ်ဘူးလေ... အဲဒီလိုတော့ မလုပ်ပါနဲ့"

ကားတံခါးကို သူမဖွင့်ဖို့ ထုနှက်ကြိုးစားရင်း



www.burmeseclassic.com

www.burmeseclassic.com



ကားလေး က မောင်းထွက်သွားလေသည်။

"မျိုး"

လူလူ ဘာလုပ်ရမှန်းမသိ။

မျိုးမျိုးသဘောတူလိုက်သွားတာမဟုတ်ဘဲ ကားတင်ခံရတာဖြစ်သည်။ ကိုယ်နဲ့အတူရှိနေတုန်းမှာ ကိုယ့်တာဝန်မကင်း။

ကားနံပါတ်ကို အမိအရမှတ်ထားကာ ပြေးပဲလိုက်ရတော့မလို၊ လာပါ ကယ်ပါပဲ အော်ရတော့မလိုလို လူလူ မှိုပြေး ဒီပြေးဖြင့် ကျန်ခဲ့လေသည်။

ထိုစဉ် မျက်လုံးတို့က သံပန်းကွက်တွေကြားမှ ဆိုင်ကယ်တစ်စီးဆီ ရောက်သွားလေသည်။

သူမကြည့်နေစဉ်မှာ ဆိုင်ကယ်က ခြံထဲကနေ သာသာလေး လိမ့်ထွက်လာပြီဖြစ်၏။

ဘောင်းဘီရှည်အနက်၊ ဖောရှိန်းရှပ်အပြာစင်းနှင့် ဟဲလ်မက်ဆောင်းထားသည့် မျက်နှာကို မမြင်ရပေမယ့် သူမ ထို့ထက်ပို၍လည်း စိတ်မဝင်စားပါ။

"ဒီမှာ၊ ခဏ… ခဏ"





ဆိုင်ကယ်ရှေ့က ဝိတ်ရုပ်ပစ်လိုက်တော့ ဆိုင်ကယ်က ရပ်သွားသည်။

ဘာရမလဲ၊ သူမဝတ်ထားတာက ဂျင်းဘောင်းဘီ ဒူးကျ၊ စပို့ရှပ်အကျပ်နှင့် ဆိုင်ကယ်နောက်ကိုပြေးကာ လွှားခနဲ ထိုင်ပစ်လိုက်သည်။

ခွင့်တောင်းနေလျှင် မေးခွန်းတွေထွက်ကျလာဦးမှာကို ဖြေနေရဦးမည်။

"မောင်း… မောင်း… မြန်မြန်မောင်းစမ်းပါ၊ အရေးကြီးလို့"

သူ့ခါးကို နောက်ကနေတွန်းကာ ပိုင်စိုးပိုင်နင်းပဲ နိုင်ပစ်လိုက်သည်။

ဘာမေးခွန်း ဘာသံမှထွက်မလာဘဲ ဆိုင်ကယ်က ရှောခနဲလိမ့်၏။

"လမ်းထိပ်ကျရင် လူလူဆင်းမှာပါ၊ ဒီမှာ သေရေးရှင်ရေး ဖြစ်နေလို့၊ မြန်မြန်လေး မောင်းစမ်းပါ"

ကားက ပျောက်သွားတာ ကြာပြီ။

သူ့ပခုံးကြီးကလည်း မြင့်လိုက်တာ၊ ရှေ့ကို ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ကျော် ကြည့်လို့မရ။

"ဒီမှာ…ဒီမှာ… အို… ရပ်တော့လေ၊ ရပ်ပြီ"

ဆိုင်ကယ်က လမ်းမကြီးပေါ်ကို သိမ့်ခနဲခုန်တက်သွား သလို လမ်းတစ်ဖက်ခြမ်းမှာ လက်ျာကပ်နေရာယူလိုက်သည်။

လူလူ မျက်လုံးပြူးသွား၏။

"ဟိတ်လူကြီး… ဘာလုပ်တာလဲ၊ ဆိုင်ကယ်ရပ်ပေး လေ"

ကျောပြင်ကြီးကို ဘုတ်ခနဲမြည်အောင် ထုပစ်ကာ အော်ပြောသည်။ ဆိုင်ကယ်က ကားကြီးကားငယ်တွေကြားထဲ မှာ ဝေ့ဝိုက်တက်သွားလျက် ရပ်မယ့်လမ်းကြောင်းမရှိ။

ဟင်… ဟိုမှာ နွယ်နွယ်။

သူ့မကားကိုမောင်းလျက် နွယ်နွယ်က မုန့်ဟင်းခါးဆိုင် လမ်းကြားဘက်ကို မောင်းသွားနေ၏။ သူ့မကို မမြင်။

"ခင်ဗျားကြီး ရပ်မှာလား၊ မရပ်ဘူးလား၊ အော်လိုက် မှာနော်"

"ဟိတ်… မင်း ပါးစပ်ခဏလောက် ပိတ်ထားစမ်း၊ ငါက မင်းအတွက် ကယ်ရီလုပ်ပေးနေတာ မဟုတ်ဘူး"





"ဟုတ်ဟုတ် မဟုတ်မှုတ်၊ ရှင်ကြီးကို ခဏလေး အရေးကြီးလို့ အကူအညီတောင်းတာပဲ၊ ဒီလိုယုတ်မာစရာလား"

"မင်းကို ဘယ်သူက ကူညီပါ့မယ်လို့ ပြောလို့လဲ၊ မင်းဟာ မင်း တက်လာတာ၊ ငါလည်း ငါ့လမ်းအတိုင်း ငါလာ တာပဲ၊ ငါ့လမ်းဆုံးအောင် မင်းလိုက်ရမယ်၊ မင်းသွားချင်ရာကို ငါ ပို့မပေးနိုင်ဘူး၊ တိတ်တိတ်နေ"

"တောက်"

လူလူ အဲဒီကျောပြင်ကြီးကို ကိုက်ဆွဲပစ်ချင်စိတ်တွေ တဖွားဖွား ဖြစ်လာမိ၏။

"လူညစ်ကြီး… အလကားလူကြီး၊ အိမ်ရောက်ရင် မိန်းမဆီးရိုက်လို့ ခေါင်းကွဲပါစေ၊ ထမင်းအိုး ဟင်းအိုးတွေ ဆေးမှောက်ထားလို့ တော်ပါစေ"

"ဟေ့… မင်းပါးစပ်ပိတ်မှာလား မပိတ်ဘူးလား"

"မပိတ်ဘူး၊ မပိတ်ဘူး၊ ခုချပေးလိုက်ပါလား"

"မပေးနိုင်ဘူး"

ဆိုင်ကယ်သည် အတော်ကြီး ခရီးနှင်ပြီးမှ လူသူကင်း ရှင်းသော လမ်းမတစ်ခုဘေးမှာ ထိုးရပ်သွားလေသည်။

www.burmeseclassic.com



"ကဲ… ဆင်းတော့"

"ဟင်… ဆင်းရမယ်"

"ဟုတ်တယ်လေ၊ ဘာလဲ ငါဆွဲချရမှာလား"

လူလူက လုံးဝဆင်းမပေးဘဲ ထိုင်နေကာ

"ဒီလောက် လူရှင်းကားရှင်းတဲ့နေရာမှာ ဒီက ဘယ့်ကားနဲ့ ဘယ်လိုဆက်သွားရမှာလဲ၊ ကားမလာခင် ဘယ်ချောင်မှာ သွားရပ်နေရမှာလဲ"

"အဲဒါ မင်းဆက်တွေးပေါ့၊ ကဲ… ဆင်းကွာ"

"မဆင်းနိုင်ဘူး၊ ဟိုဘက်လမ်းမကြီးပေါ် ပြန်ပို့ပေး"

"ငါ့လမ်း ငါသွားတာလို့ ပြောပြီးပြီပဲ၊ မင်းအတွက် ခေါင်းထဲမှာ မရှိဘူး၊ ဆင်းတော့"

ဟဲလ်မက်ထဲက သူ့မျက်နှာကိုလည်း မြင်အောင် ကြည့်လို့မရ။ ဆင်းလိုက်ရင်လည်း ကျန်နေခဲ့တော့မည်။

"ဟော့… ဆင်းလေ"

"အို… မဆင်းဘူး၊ ဒီနေရာမှာ တစ်ပေဟက်တည်း ရပ်နေခဲ့လို့ ဖြစ်မလား"

"ဒါဆို မင်းက ငါသွားတဲ့နောက် လိုက်မှာပေါ့"





"ရှင်ကြီး စကားပြောတာ လူပါးမဝနဲ့နော်"

"မဟုတ်ဘူးလေ၊ ဒီတစ်ခါဆို မင်းဘာပြောပြော မရတော့ဘူးနော်၊ သွားပြီ"

"နေဦး"

လူလူ လန့်ဖျန့်သွားကာ ဖျတ်ခနဲ ခုန်ချလိုက်သည်။

"အ…"

ဆိုင်ကယ်ကြီးတမြင်တော့ ခြေခြင်းဝတ်မှာ မျက်ခနဲ ဖြစ်ကာ လူက ယိုင်သွား၏။

သူက လူလူကို သေချာလှည့်ကြည့်ကာ ဘောင်းဘီ အိတ်ထဲက တစ်စုံတစ်ခုကို နှိုက်ယူပေးလိုက်၏။

"ရော့… မင်းကို နောက်ထပ် ဗရုတ်သုတ်ခပုံစံမျိုးနဲ့ ထပ်မမြင်ချင်ဘူး"

ဟာနီးချိန်းလေးပါလား။

ဟင်… သူ…

လူလူ အံ့ဩမျက်လုံးလေး ဝိုင်းသွားဆဲ ဆိုင်ကယ်က အဝေးကိုရောက်သွားပြီ ဖြစ်လေသည်။

ဒီလူမှန်းသိလျှင် သူမ ခုန်ချကျန်ခဲ့လိမ့်မည် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ဆိုင်ကယ်ပေါ်ကဆင်းလိုက်တာ မှားပြီ။

လူရှု လမ်းမကြီးပေါ်မှာ ရှေ့နောက် လှမ်းမျှော်ကြည့်ရင်း သူမ တစ်ယောက်တည်း...။

❋ ❋ ❋





"ဖြစ်ရလေဟယ်၊ နင် ငါ့ကို လှမ်းခေါ်လိုက်ပါတော့လား"

"ငါလည်း လွန်သွားမှ မြင်လိုက်တာလေ၊ ဘယ်လို လုပ်ခေါ်မလဲ၊ ငါကလည်း ဆိုင်ကယ်ပေါ်မှာ၊ နင်ကလည်း ကားမောင်းသွားတာ၊ မြင်လိုက်တာနဲ့ ဆန့်ကျင်ဘက်အရပ်တွေမှာ ဝေးနေလျက်သား၊ ငါက သူမှန်းမသိလို့ပါ၊ သိလို့ကတော့ ဆိုင်ကယ်ပေါ်က မဆင်းသေးဘူး၊ အတင်းကို ပြန်မှိုခိုင်းမှာ"

"နင်ကလည်း တိုင်းနိုင်ငံဆိုတာနဲ့ပဲ ယုံလိုက်ရောလား"



www.burmeseclassic.com

www.burmeseclassic.com



"ယုံလို့ရတယ်၊ သူ ဒီလိုလူမျိုးတော့ မဟုတ်နိုင်ဘူး၊ အောင်မြင်မှုကို မော်ကြွားဆုပ်ကိုင်ပြီး လုပ်စားနေတဲ့လူမျိုး မဟုတ်ဘူးဆိုတာ ငါ အကဲခတ်မိတာပေါ့"

"နှင်ကလည်း အံ့ပါရဲ့နော်၊ ယောကျ်ားလေး တစ်ယောက်ရဲ့ ဆိုင်ကယ်နောက်ကိုများ ရဲရဲတင်းတင်း တက် ထိုင်ရတယ်လို့၊ လူယုတ်မာတစ်ယောက်ဆိုရင် နင်သွားပြီ"

"ငါက ဘာပဲလုပ်ချင်ချင် ဘာကိုမှကြောက်တတ်တာ မဟုတ်ဘူးဟ၊ အဲဒါ ငါ့စိတ်ကိုက ရိုးသားနေလို့ဖြစ်မယ်၊ ရိုးသားလို့လည်း ငါ ဘာမှဖြစ်ခဲ့တာမရှိဘူး"

"ဖြစ်လာရင် ဘယ်နှယ့်လုပ်မလဲ၊ မျိုးတောင်မှ အခု ပါသွားပြီ"

"ဒါက သူ့ချစ်သူမို့လို့ သူငြိမ်နေလိုက်တာပါဟာ၊ မျိုးမျိုး ကိုလင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတယ်၊ ကိုလင်းကလည်း မျိုးကိုချစ်တာပဲ၊ ချစ်လို့ ဖွတ်ခိုးသွားတာပေါ့၊ ဒါကြောင့် ကိုလင်း ဖွတ်ကျားတင်သွားတဲ့ကိစ္စကို ဒီနေ့ထိ ငါ ဘယ်သူ့ကိုမှ မပြောခဲ့တာ၊ သူ့မိဘတွေက မျိုးကို ငါက ခေါ်ထုတ်သွားပါတယ်၊ ငါနဲ့ ပူးပေါင်းကြံပြီး ငါက ထည့်ပေး





လိုက်တဲ့အဖြစ်ထိပြောတာတောင် မဖြေရှင်းဘဲနေခဲ့တာပေါ့"

"မဖြေရှင်းလို့မရဘူး သမီး၊ ညည်းဖေဖေ တော်တော် စိတ်ကုန်နေတယ်၊ မျိုးမျိုးကို အမွေဖြတ်တဲ့သတင်းပါလာလို့ သတင်းမေးမြန်းတာတောင် ခနဲ့သလို ရွဲ့သလို ပြောလိုက်တယ် တဲ့၊ ဒီကိစ္စကို အမှန်အတိုင်း သမီးပြောပြရမယ်"

မေမေ ဘယ်လိုကြားသွားမှန်း မသိ။

အနားမှာ ရွှေခနဲဝင်ထိုင်ကာ ဒေါသသံထွက်လာတော့ မှ ပါးစပ်ပြန်ပိတ်မိပေမယ့် စကားက ကျွံသွားပြီ။

"မိုက်လိုက်တာ သမီးရယ်၊ ဒါ သမီးနဲ့မဆိုင်ဘူး၊ မျိုးမျိုး သဘောတူတာလည်း မဟုတ်ဘူး၊ ဟိုက ဖွတ်ကားတင် သွားတာပါလို့ ပြောလိုက်ရင် တစ်ခွန်းတည်းနဲ့ ပြီးတဲ့ဟာကို ဘာဖြစ်လို့နာမည်ပျက်ခံရတာလဲ၊ သမီးတစ်ယောက်တည်း မဟုတ်ဘူးနော်၊ သမီးရဲ့အဖေ၊ အမေ၊ အစ်ကိုတွေပါ မျက်နှာ ငယ်နေရတာ"

"မေမေရယ်... အစကတော့ ဟုတ်တာပေါ့၊ သူတို့ ချင်း ပြေလည်သွားလို့သာ တစ်နေရာရာမှာ စိတ်တူကိုယ်တူ ပုန်းနေကြတာ ဖြစ်မှာပါ၊ ဒါကို လူလူကဖော်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



မျိုးမျိုးတို့ဘက်က စာရေးစွဲကြ၊ ထောင်ချကြ လုပ်ကြမှာ အားလုံးစိတ်ဆင်းရဲကုန်ကြမှာပါ၊ ပြီးတာတွေလည်း ပြီးပြီဥစ္စာ၊ အမွေတောင်ဖြတ်ပြီးနေမှ အစ်က ပြန်မဖော်ပါနဲ့တော့နော်"

ဒေါ်မြနှင်းသစင်သည် သမီးဖြစ်သူကို ဒေါသလည်း ဖြစ်၊ အံ့ဩစိတ်ဂျက်သော မျက်ဝန်းများနှင့် စူးစိုက်ကြည့်ကာ စကားစရာမရဘဲ ဖြစ်နေလေသည်။

တွေးတတ် ခေါ်တတ်နေလိုက်တာ၊ ကလေးလုပ်တာလည်း သူပဲ၊ လူကြီးဆန်နေတော့လည်း သူပဲဖြစ်၏။

လူလူ့တစ်ကိုယ်လုံးကို မမြင်ဘူးသည့် လူတစ်ယောက်နှယ် ငေးကြည့်နေပြီးမှ···

"သမီး မေ···စိစဉ်တာ မလွန်ဘူး၊ ဒါ တကယ်လုပ်သင့်တယ်ဆိုတာ ကြာလာလေ ပိုသေချာလေပဲ"

"ဘာလဲ မေမေ၊ လူလူ့ကို ယောက်ျားပေးစားဖို့ကိစ္စလား"

"မှန်တာပေါ့၊ သမီးကို ဒီတိုင်းထားလို့ လုံးဝမဖြစ်တော့ဘူး၊ ဘယ်လောက်အုပ်အုပ် စည်းစည်း၊ သမီးအတွက်က ထွက်ပေါက်ရှိနေတာပဲ၊ ကြာလေ ဗေယားတွေရှုပ်၊ နာမည်ပျက်၊





မိန်းမဘဝဂုဏ်သိက္ခာ ဘာမှရှိတော့မှာ မဟုတ်ဘူး"

"လူလူက ဘယ်လိုဟော့ရမ်းနေလို့လဲ မေမေ"

"မိန်းကလေးနဲ့တူအောင်မနေတာ ဟော့ရမ်းတာပေါ့ သမီးရယ်၊ ဘာကိုမှ ဂရုမစိုက်တတ်တာ သိက္ခာမဲ့စရာတွေ ဖြစ်တာပေါ့"

"ဒါက လွတ်လွတ်လပ်လပ် နေတတ်တာပါ မေမေ၊ လူလူက ယောက်ျားလေးတွေနဲ့ မွေ့ရှုပ်နေတဲ့ မိန်းက[illegible] မဟုတ်တာ"

"အခန်းထဲက ရည်းစားစာတွေ အမှိုက်လိုပွနေ[illegible] သမီး ဘာပြောမလဲ"

"အဲဒါက သူတို့ပေးတာပဲ၊ လူလူ ဘယ်မှာပြန်ကြိုက်လို့လဲ"

"ခက်ပါလား သမီးရယ်၊ ဒါတွေကအစ သမီးခေါင်းထဲ ဘာမှမထည့်တာ မိန်းမတစ်ယောက်ရဲ့တန်ဖိုးဟာ ဘာပါလို့ မေမေ ဘယ်လိုလုပ်ပြောမလဲ"

သားအမိနှစ်ယောက်နားမှာ နွယ်နွယ် ငြိမ်ငြိမ်လေး ထိုင်နေရင်း အသက်မင် ရဲရဲမရှုရဲပေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် သူတို့သုံးယောက်က အကြံတူကြောင်တူ။ ဒေါ်မြနှင်းသစင်ဆူနေတာ သူမ ပါမလာလို့ တော်ပါသေးရဲ့။

❋ ❋ ❋

လည်း သူ





"မဖြစ်နိုင်တာ မေမေရာ၊ အိမ်ထောင်ပြုဖို့ကို ကျွန်တော့်ခေါင်းထဲ ဘယ်တုန်းကမှ မထည့်ခဲ့ဘူး၊ မြန်မာပြည်ကို ပြန်လာတာ မိန်းမယူဖို့မှ မဟုတ်တာ"

"အစက မေမေလည်း သားချစ်သူတွေ့ပြီ အိမ်ထောင်ပြုသွားမှာကိုပဲ စိုးနေခဲ့သား၊ ဘာဖြစ်လို့လဲဆိုတော့ သားကို မေမေတို့က ဒီမိန်းကလေးကို မချစ်ပါနဲ့၊ မယူပါနဲ့ တားဆီးဖို့ ခက်နေပြီလေ၊ သားက လူပျိုဖြန်းလေးမှ မဟုတ်တော့တာ၊ ဒါပေမယ့် မျိုးရိုးက ရှိသေးတယ်၊ သားရွေးချယ်တဲ့ မိန်းကလေးဟာ ဘယ်လောက်ချမ်းသာသာ ပညာတတ် ရုပ်ချောဖြစ်ဖြစ်၊ မျိုးနွယ်တူကို မေမေတို့ ပိုလိုလားတယ်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်လူငယ်တွေ ပြောရဆိုရခက်လို့လည်း ရင်မောနေရတာ အမှန်ပဲ''

''ဒါကို ကျွန်တော် နားလည်ပါတယ်၊ သိပ်စိတ်မဝင်စားခဲ့လို့လည်း ဖွင့်မပြောပေမယ့် ကျွန်တော်အိမ်ထောင်ရေးကို မေမေတို့စီမံသလိုပဲ နာခံဖို့ထိ ဆုံးဖြတ်ထားတာပါ၊ ဒါပေမယ့်...''

''ဒါပေမယ့် ဘာဖြစ်လဲ သားရယ်၊ ပြောပါဦး''

''မေမေ အခုပြောနေတာက ကျွန်တော့်ထက် ဆယ်နှစ်လောက်ငယ်တဲ့ မိန်းကလေး၊ မိဘအပေါ် အရမ်းဆိုးနွဲ့လွန်းလို့ ထိန်းသိမ်းနိုင်မယ့်လူနဲ့ အိမ်ထောင်ချပေးချင်တာမျိုးဆိုတော့ ကျွန်တော်က အိမ်ထောင်ပြုရမှာလား၊ ကလေးထိန်းရမှာလား''

''ဘယ်ကလာ ကလေးရမှာလဲ သားရယ်၊ အရပ်မြင့်မြင့် ကိုယ်လုံးလှလှနဲ့၊ ဆံပင်တွေကို တင်ပါးထိရှည်တယ်၊ သိပ်လှတဲ့မိန်းကလေးပါ၊ သေးညှပ်ညှပ် ပုံမလာ၊ ပန်းမလာလေးဆို မေမေ စိစဉ်ပါ့မလား၊ ဆိုးတယ်ဆိုတာက အစ်ကိုတွေနဲ့ကြီးပြင်းခဲ့ရတာဆိုတော့ ရဲတင်းတာ သွက်လက်တာ၊ လူကြီးအမြင်နဲ့ဆို အပိုးကျိုး ဘူးလို့ ပြောရတာမျိုးပေါ့''





''မေမေက ဒါကို ဘာဖြစ်လို့ရွေးရတာလဲ''

''မေမေတို့လို မျိုးနွယ်တူသူမို့ပေါ့ သားရယ်၊ ပြီးတော့ သူ့အဖေက မေမေနဲ့ဆို မောင်နှမ စပ်လို့ရသေးတယ်''

ဒေါ်သီရိခိုင်က ပြောနေရင်းမှ အတိတ်အကြောင်းတို့ကို သတိရသွားသည့်နှယ် ရီဝေသော မျက်ဝန်းတို့က အဝေးကို ငေးသွား၏။

''ကိုလေးနဲ့ မေမေ့ကို လူကြီးတွေက လက်ထပ်ပေးဖို့ စီစဉ်ခဲ့တာပေါ့''

''ကိုလေးဆိုတာ ဘယ်သူလဲမေမေ''

''လှရည်ချွန်ဆိုတဲ့ မိန်းကလေးရဲ့အဖေပေါ့ကွယ်''

ဒီနာမည်ပါလာတိုင်း သူ့ရင်ထဲက မနှစ်မြို့စိတ်ကို ဖြစ်စေလေသည်။ ဒါ မိန်းကလေးနာမည်တဲ့လား။

''မေမေတို့က ဆွေမျိုးနီးစပ်ပဲတော်ပေမယ့် အရမ်းရင်းနှီးခဲ့ကြတာ၊ လက်ထပ်ဖို့ဖြစ်လာတော့ အခက်အခဲတွေရှိတာပေါ့၊ အထူးသဖြင့် မေမေက သားဖေဖေနဲ့ မေတ္တာမျှပြီးနေပြီ''

ထိုစဉ် အစ်ကိုတစ်ယောက်သဖွယ် နားလည်ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ချောက် မြက်နိုးရိပ်တွေလည်း ရှိနေခဲ့သော ဦးဝဏ္ဏထွန်းရင်ထဲမှာ ဘယ်သို့ရှိမည်ကိုလည်း ဒေါ်သီရိနိုင် သိသည်။

ဒါပေမယ့် သူမ မချစ်နိုင်ခဲ့ပါ။

ချစ်တဲ့သူကို လက်ထပ်ခဲ့သော်လည်း ဦးဝဏ္ဏထွန်း အပေါ် စာနာသနားစိတ်က ချက်ချင်းပြေယူလို့မရ။

အိမ်ထောင်ကျပြီးသည်နှင့် မိဘတွေကလည်း အမွေဖြတ်၊ ယောက်ျားကလည်း ချမ်းသာတဲ့သူမို့ မာနက ခပ်ကြီးကြီး။

သူမကိုခေါ်၍ စင်္ကာပူမှာ သွားနေခဲ့တာ အားလုံးနဲ့ အဆက်အသွယ်တွေ၊ ခံစားမှုတွေပါ အေးခဲပြတ်တောက်ခဲ့သည်အထိ။

သားလေး ငါးနှစ်သားမှာ အမေရိကန်ရောက်သည်။ စီးပွားရေးလုပ်ငန်းတွေ ချဲ့ထွင်ရင်း ခင်ပွန်းဖြစ်သူက သား၏ အနာဂတ်အတွက် ကြိုတင်လမ်းဖွင့်ထားခဲ့သည်။

တိုင်းနိုင်ငံဟာ မြန်မာပြည်မှာ သိပ်နေရတယ် မရှိခဲ့ဝေ။ ခုလို ပြန်ဆုံခဲ့ကြပြီဆိုတော့ သမီးရှင်ပေမယ့် ထိန်ချန်ဖို့ မလိုတဲ့ မောင်နှမချင်းမို့ ဦးဝဏ္ဏထွန်းက သူ့ဘက်က အခြေ





အနေတို့ အားလုံး ပြောပြသည်။

"သမီးက ဆိုးတော့ဆိုးတယ် သိရဲ့၊ ဒါပေမယ့် မာယာမရှိဘူး၊ မျက်စိစပါးတော့ဘူး၊ အရှိန်းကို ဖြူစင်ပါတယ်"

စကားဟာလိုက်တာနဲ့ ဒေါ်သီရိနိုင် လက်ခံနိုင်တာဖြစ်သည်။

ကိုယ့်သားလည်း အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပြီ။

ဘယ်လိုမိန်းကလေးကို သားရွေးလိုက်မလဲဟု ရင်တမမလည်း ဖြစ်မနေချင်။

အငယ်ဆုံးမို့ ဆိုးနွဲ့တယ်ဆိုတာ မျိုးက ပြုပြင်ယူဖို့ မခဲယဉ်းနိုင်ဟု တွက်သည်။

မြင်လိုက်တော့ လူရည်ချွန်ဆိုသူလေးက နှဖက်အိစက်နေလေသည်။

သားအတွက် နုနယ်ငယ်ရွယ်ပြီး သွက်လက် ချစ်စဖွယ်လေး တကယ်ပင်လိုအပ်တာဖြစ်၏။

ထို့ကြောင့် သားကို ရအောင်နားချမည်၊ ဖြစ်အောင် စီစဉ်မည်ဟု ဆုံးဖြတ်၍ ခေါင်းညိတ်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ကိုလေးတို့ သူမ နောက်ထပ် စိတ်မဆင်းရဲစေချင်တာလည်း ပါ၏။

"ညနေ မေမေတို့ ကိုလေးတို့အိမ်ကို ထမင်းသွားစားကြမယ် သား၊ သား ဘာအလုပ်ပဲရှိရှိ ခဏဘေးဖယ်ထားလိုက်ပါ"

တိုင်းနိုင်င် ဘာမှမပြောတော့သော်လည်း မျက်နှာလွှဲနေလေသည်။

ဘယ်လောက်စိတ်ပျက်စရာကောင်းတဲ့ အိမ်ထောင်ရေး ဖြစ်မလဲ။

❀ ❀ ❀





"အဲဒီခြံပဲသား၊ တံခါးဖွင့်ထားတယ် ထင်တယ်"

ခြံကြီးကို အုတ်တံတိုင်းခတ်ကာ အစိမ်းရောင်တံခါးချပ်ကြီးများနှင့် ဖြစ်၏။

သံပန်းတံခါးတွေနဲ့ အလှဆင်ထားတာမျိုး မဟုတ်သော်လည်း ခြံထဲကွေ့ဝင်လိုက်သည်နှင့် ပန်းခြံရှုခင်းက ပြင်ဦးလွင်ကို ရောက်နေတဲ့အတိုင်း…

မြက်ခင်းလေးတွေ စိမ်းလဲ့လျက်၊ ပန်းပင်တွေချည်းရှုပ်ရှက်ခတ်နေတာမျိုးမဟုတ်ဘဲ သူ့နေရာ သူ့အပင်အမျိုးအစားနှင့် စနစ်တကျရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြံရဲ့လက်ဝဲဘက်ထောင့်မှာ ကစားကွင်းတစ်ခုရှိကာ

"ဝှစ်"

"ဒိုး"

"အို"

သူတို့လှမ်းကြည့်လိုက်မိစဉ်မှာပင် လွင့်တက်လာသော ဂေါ့ဖ်သီးတစ်လုံးက တိုင်းနိုင်ငံရဲ့ဘေးမှန်ကို အရှိန်ပြင်းစွာ ထိလေသည်။

ပါရာဒိုကားမှန်က မဖြုံပေမယ့် မှန်သာမရှိလျှင် သူ့မျက်နှာ စုတ်ပြတ်သွားနိုင်တာမို့ တိုင်းနိုင်ငံ ဒေါသထွက်သွား၏။

ဒေါ်သီရိနိုင် အိုခနဲ လန့်သွားပြီးမှ ဖန်းပင်တန်းလေးတွေကို ကွေ့ဝိုက်ကျော်လွှားပြေးလာသည့် မိန်းကလေးကို မြင်လျှင်

"သား ဟိုမှာ ပြေးလာနေတာ လူရည်နူ့ဆိုတဲ့ မိန်းကလေးပေါ့၊ ကြည့်ပါဦး… ဘယ်လောက်ချစ်စရာ ကောင်းသလဲ"

"ဟင်"





ကားကို တုံ့ခနဲရပ်ပစ်လိုက်သည်။

သူ မျက်စိမှားသွားတာပါ။

ကားမှန်ကိုချလိုက်ပြီးတော့ မျက်နှာလေးက သူ့ဘေးမှာ ငုံ့ချကြည့်လာသည်နှင့်အံကိုက်။

"အယ်…"

သူ့ကိုမြင်မှ အံ့သြသွားသလို မျက်ခုံးတန်းလေးနှစ်ဖက် မြင့်တက်သွား၏။ ပခုံးလေးတွေ ဆတ်ခနဲတွန့်ရင်း မချိုမချဉ် ရယ်၏။

"ဆောရီးနော်"

ဟုပြောကာ ကားထဲကို သေချာငုံ့ကြည့်၏။

"မေမေတို့ညှော်သည်တွေ ထင်တယ်၊ ဆောရီးနော် အန်တီ၊ လူလူ ရိုက်ချလိုက်တာ လွန်သွားလို့"

"ရပါတယ် သမီးရယ်"

မေမေကတော့ ခွင့်လွှတ်သည့်အပြုံးကို ချစ်ခြင်းများနှဲ ပေးနေလေသည်။

တိုင်းနိုင်ငံ မျက်နှာကို တမင်တင်းပစ်ကာ လူလူ့ကို လိုလားသလို စိုက်ကြည့်၏။ ပြီးတော့ ကားကို အိမ်ကြီးဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်မောင်းခဲ့၏။

"ဟင်း… ကြီးကျယ်မဲ့ရုပ်ကြီး"

"ဘာဖြစ်နေတာလဲ ညီမလေး"

"ကိုကြီး"

"ပြော…"

"ဟိုမှာ မေမေမျှော်နေတဲ့ ညွှံသည်တွေ"

"ဟုတ်လား၊ အဲဒါ မေမေ့ညွှံသည် မဟုတ်ဘူး၊ ညီမလေးညွှံသည်၊ သွား သွား အိမ်ပေါ်ကို…"

ကိုကြီး မျက်နှာမကောင်းဘဲနှင့် တိုက်တွန်းရှာသည်။

ညီမကို နေစပ်လက်ထပ်ပေးမယ့်ကိစ္စဟာ သူတို့ရင်ကို ချမ်းမြေ့နိုင်မည်လား။

လူလူကတော့ နှုတ်ခမ်းလေးကို ပုံဆိုးပန်းဆိုးဖြစ်အောင် မဲ့ရွဲ့လျက်။

"လူလည်ကျမယ့်ရုပ်ကြီးပါ ကိုကြီးရာ၊ သူ့ကို ချောလို့ ကြည့်တဲ့ဥစ္စာ၊ ရုပ်က တစ်စက်မှ နှလုံးအေးချင်စရာမရှိဘူး စူပုတ်ပွတာနေတာပဲ"

"အဲဒါ ညီမလေးက ဘာလို့ကြည့်လဲ၊ မိန်းကလေး





ဆိုတာ ဣန္ဒြေနဲ့ သိက္ခာနဲ့နေရတယ်၊ ရင်ထဲမှာရှိတာကို ဟန်ဆောင်နိုင်ရတယ်"

"ကိုကြီးကလည်း… လူကြီးက ဘာအားချော်တာ၊ ကိုကြီး မမြင်ဘဲနဲ့"

လူလူက ရှက်ကိုးရှက်ကန်းလေးရယ်ကာ အစ်ကိုကို လည်း ပြောသင့်တာ မပြောသင့်တာ တွေးမိပုံမရ။

အစ်ကိုကလည်း ညီမလေးကို အပြစ်မြင်သည်မရှိဘဲ ခေါင်းလေးကို ချစ်စနိုးပွတ်ဖစ်ကာ နဖူးကိုလည်းထု၍

"ချောရုံတင်မကဘူးဗျ၊ တိုင်းနိုင်ငံက နိုင်ငံကျော်"

"ဘာ…ဘာရယ်… တိုင်းနိုင်ငံ"

"အင်းလေ… ကိုယ်နဲ့ လက်ထပ်ပေးမှာကိုတောင် ဘယ်သူဘယ်ဝါမှန်းမသိဘဲ ခေါင်းညိတ်ရသလား အရူးမလေး"

"တိုင်းနိုင်ငံ"

ကိုကြီးရယ်နေသလောက် လူလူ မရယ်နိုင်၊ မပြုံးနိုင် ဖြစ်သွားခဲ့လေသည်။

"မင်းကို ဗရုတ်သုခပုံစံမျိုးနဲ့ ထပ်မမြင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံကို ခုထိ နားထဲမှာ စွဲနေတုန်း။

အဲဒီတုန်းကလည်း သူ့မျက်နှာက ဟဲလ်မက်ထဲမှာ။

ဆိုလိုက်တိုင်း သူ့မျက်နှာကို မမြင်ဖူးခဲ့သည်က တိုက်ဆိုင်ခဲ့တာပေမယ့် သူကတော့ ကိုယ့်ကို သိနေလိမ့်မည်။

ဩော်… ဒါကြောင့် ဒီပုံဖြစ်သွားခဲ့တာကိုး။

"သမီးလေးရေ"

"ကဲ… မေမေခေါ်နေပြီ၊ နောက်ဘက်ကဝင်ပြီး စကတ်အရှည်ဖြစ်ဖြစ်၊ ဂါဝန်ဖြစ်ဖြစ် လဲဝတ်လိုက်ဦး၊ မျက်နှာ ပါသစ်"

ကိုကြီးက အစ်မကြီးတစ်ယောက်သဖွယ် မှာနေပြန်သည်။

"သူတို့မြင်သွားပြီပဲဟာ ကိုကြီးကလည်း"

"မဟုတ်ဘူးလေ၊ ဟိတ်… ညီမလေး"

လူလူက အိမ်ရှေ့ကပဲ ပြေးတက်သွားကာ အားလုံးကို ပြုံးပြပြီးမှ အခန်းထဲဝင်၍ အဝတ်အစားလဲသည်။

စကားဝါရောင် ဂါဝန်ရှည်ကြီးကို တစ်ဖက်စလေးမ၍ ပြန်ထွက်လာတော့…

သစ္စာမှန်စာပေ



ဆံပင်တွေဖြန့်လျက် ဖားလျားမှာ ဘီးကုတ်လေးနဲ့ သိမ်းတင်ထားသည့် သူမမျက်နှာလေးကို အားလုံးက ချစ်စနိုး ကြည့်ကြပေမယ့် တစ်ယောက်သောသူကတော့ မလိုလားစွာ။

လူလူက တိုင်းနိုင်ငံမျက်နှာ မှုန်ကုတ်ကုတ်ကို သေသေချာချာကြည့်၍ ရယ်ပြလိုက်သည်။

သူက တုံ့ပြန်မရယ်ဘဲရှိလျှင် ကပ်လျက်ထိုင်နေသည့် ဒေါ်သီရိနိုင်က တံတောင်နှင့် မသိမသာတို့၍

"သားက အရမ်းအလုပ်များတော့လေ၊ ဒီကိုလာဖို့ကို မနေ့ကတည်းက သေသေချာချာ ပြောထားရတာ ကိုလေးရဲ့၊ ပြီးတော့ သူ့အလုပ်နဲ့သူ လုံးထွေးပြီး အမြဲတမ်း စိတ်ကျဉ်းကျပ်သလို ဖြစ်နေတော့… ဟင်း… ဟင်း"

သားရဲ့မျက်နှာကို နားလည်ဖို့ ဒေါ်သီရိနိုင်က မလိုအပ်ဘဲ ရှင်းပြနေသည်။ ဦးဝဏ္ဏမင်းကတော့ ညီမလေး သီရိရဲ့သား တိုင်းနိုင်ငံဆိုကတည်းက သမီးလေးအတွက် စိတ်အေးထားပြီး သား ဖြစ်သည်။

တည်တည်တင်းတင်းနေတတ်တာဟာ အပြစ်မဟုတ်ပါ။ ရယ်ပြုံးရွှင်ပျနေတာမျိုးကိုသာ စိုးရိမ်ရမှာ ဖြစ်သည်။

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုယ့်သမီးက ဒါမျိုးနဲ့တွေ့မှ အပိုးကျိုးမယ့် ကလေး…

ဒေါ်မြနှင်းသဇင်တလည်း ကျေနပ်နေသည်။

တိုင်းနိုင်ငံကိုမြင်ကတည်းက သူမ ပူပင်ခဲ့သမျှတွေ လျှော့ကျပြေပျောက်ခဲ့ရတာ ဖြစ်သည်။

တိုင်းနိုင်ငံရဲ့ဓါတ်ပုံတွေ၊ နိုင်ငံတကာ စီးပွားရေး ဂျာနယ်တွေမှာ မြင်နေရစဉ်က မြန်မာပြည်မှာ အခြေချမယ့် လူငယ်လုပ်ငန်းရှင်အဖြစ်သာ သူမ သိထားခဲ့သည်။

မြန်မာပြည်ပြန်ရောက်သည်နှင့် လုပ်ငန်းရင်းနှီးလိုသူ တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ ဝိုင်းဝိုင်းလည်နေခဲ့တာ ကိုယ့် အိမ်က သားတွေပ ပါခဲ့ပါသေးသည်။

အဲဒီတုန်းက တိုင်းနိုင်ငံဟာ ခင်ပွန်းဖြစ်သူနဲ့ ဘယ်လို ဘယ်ပုံ ပတ်သက်လာမည့်သူမှန်း သူတို့တွေလည်း ဘယ်သူမှ မသိခဲ့ကြပေ။

"ကိုထွန်း တကယ်အံ့သြတာ သီရိရဲ့သားဟာ တိုင်းနိုင်ငံမှန်းသိရင် သမီးအတွက် ပြောမိခဲ့မှာ မဟုတ်ဘူး၊ သူက နိုင်ငံကျော်ကိုး၊ ကိုယ်က သူ့သားရဲ့ဂုဏ်ဒြပ်ကိုမကာလို့





အရှက်အကြောက်မရှိ ဖွင့်ပြောတယ်လို့ သီရိက မထင်တာပဲ ကံကောင်းသေးတယ်"

ဟု ကိုထွန်း ပြောခဲ့သေးသည်။

သမီးရဲ့အိမ်ထောင်ဘက်ကို အချိန်မတန်သေးပါဘဲ စီစဉ်ပေးလိုက်ရပေမယ့် ကျေနပ်စရာပဲမို့ ဒေါ်မြနှင်းသဇင် ပြုံးနေသည်က ပီတိတွေလွှမ်းလျက်။

"သားရဲ့အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး သားက အစ ကတည်းက မိဘအလိုကျဖြစ်စေဖို့ ခေါင်းညိတ်ပြီးသားပါ၊ ဒီကသမီးလေးကသာ အဓိကပါ၊ ငယ်သူဆိုတော့ ငိုလွယ် ရယ်လွယ်လေ၊ ကလေးရဲ့သဘောက ဘယ်လိုရှိသလဲ၊ အန်တီ့ ကို ပြောပါဦး"

လူကြီးတွေက သူမကို ကြည့်နေကြသည်။

သူမကတော့ တိုစိပ်စိပ်မျက်တောင်တွေယှက်ချလျက် မျက်ခုံးတွန့်တွန့်နှင့် မျက်နှာလွှဲနေသော သူ့ကိုသာ ဖူးစိုက်ကြည့် နေမိ၏။

တအောင့်ကြာမှ သူ့မျက်လုံး ဖျတ်ခနဲဝင့်ကာ လူလူကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိရိစေ့စပ်ထားသည့် နှုတ်ခမ်းအစုံကို မထိတထိ ကြည့်၍ လူလူက လူကြီးတွေဘက် ပြန်လှည့်၏။

"လူလူကလည်း မေမေ့သဘောပါလို့ ပြောပြီးသားပါ၊ တစ်ခုပဲ စိုးရိမ်တယ်၊ အသက်ကြီးတဲ့ယောက်ျားတွေက အရမ်းဂရုဂရုစိုက်ချော့နိုင်တယ်တဲ့၊ ပွစိပွစိ အရမ်းလုပ်ရင် နားငြီးတာပေါ့"

"ဟဲ့... သမီး၊ ဒီလိုမပြောရဘူးလေ"

သူ့မျက်နှာ ရဲခနဲဖြစ်သွားတာကို လူလူ ခပ်တည်တည်လေး ကြည့်ပစ်လိုက်သည်။

ဂရုစိုက်စရာလား။

"မေမေကြီး... ထမင်းပွဲ အားလုံးအဆင်သင့်ဖြစ်ပါပြီရှင်"

"ဟော... အတော်ပဲ၊ ကဲ ကဲ ထမင်းလက်ဆုံစားရင်း စကားပြောကြတာပေါ့"

လူကြီးတွေက အရင်ထသွားကြသည်။

လူလူက ဆိုဖာပေါ်မှာ ခြေချင်းချိတ်ထိုင်ရင်း ထလိုက်သွားဖို့ မပြင်။

သစ္စာမွန်စာပေ



တိုင်းနိုင်ငံကလည်း မထသေး။

မျက်နှာချင်းဆိုင်ကျန်ခဲ့ရင်း မျက်လုံးချင်းဆုံတော့ တိုင်းနိုင်ငံက နှုတ်ခမ်းခပ်တွန့်တွန့်နှင့် အထင်မြင်သေးသလို ကြည့်သည်။

လူလူက အူကြောင်ကြောင်မျက်နှာမျိုးလေးလုပ်၍ ပြန်စိုက်ကြည့်၏။

"မင်း...ကိုယ့်ကိုသိလား"

"ခုမှသိတာ"

"မကြောက်ဘူးလား"

"ရှင်ကြီးက အစွယ်ပေါက်နေလို့လား... သွားဖြီးပြလေ"

သူက မပြုံးဘဲ မဲ့ပစ်လိုက်၏။

"မင်းပုံစံ မင်းအချိုးကို ကိုယ်လုံးဝ သဘောမကျဘူး၊ အဲဒီအတွက် မင်းနဲ့ကိုယ် ပဋိပက္ခတွေ အမြဲရှိနေမှာပဲ၊ မင်းကို ညှာတာလိုက်လျောဖို့ စိတ်ကူးကိုယ့်မှာမရှိဘူး၊ ကြောက်တယ်ဆိုရင် နောက်ဆုတ်ဖို့ မင်းကြိုးစား"

လူလူ မျက်နှာထားပျက်သွားသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချက်ချင်း ရယ်ချပစ်လိုက်၏။

"လူလူ့ရာဇဝင်မှာ ကြောက်တယ်ဆိုတာ မရှိခဲ့သေးဘူး၊ တိုင်းနိုင်ငံပဲဖြစ်ဖြစ်၊ စကြဝဠာပဲဖြစ်ဖြစ်…ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ သူဆိုးရင် ကိုယ်ဆိုးမှာပဲ၊ ရှင်ပေးတဲ့အတိုင်း လူလူက ပြန်ပေးဖို့ ဆုံးဖြတ်ပြီးသား… ပန်းနဲ့ပေါက်ရင် ပန်းပြန်ပေးမယ်၊ သေနတ်နဲ့ပစ်ရင် အမြောက်နဲ့ပြန်ထုမယ်၊ ရှင်းရှင်းလေးပါ"

နေရာမှ ပြုံးတူထရပ်လိုက်၏။

အကြည့်တွေကတော့ မလွဲဖြစ်သေးပါ။

"ဟော… သားနဲ့သမီးတို့ စကားပြောနေကြတာလား၊ လာလာ… ပြီးတော့မှ ပြောကြ၊ ထမင်းစားဖို့ မေမေတို့က စောင့်နေတာ"

ဒေါ်မြနှင်းသဇင်က လူငယ်တွေမျက်နှာကိုကြည့်၍ အနေအထားကို အကဲခတ်မိသည်။

ဒါပေမယ့် မသိချင်ယောင်ဆောင်ပစ်၍ ဟန်မပျက် ရယ်မောရင်း…

❋ ❋ ❋

သစ္စာမွန်စာပေ



မင်္ဂလာပွဲလာ ဧည့်ပရိသတ်များထက် ဂျာနယ်လစ်တွေက များနေသည်။ ဘယ်ကဘယ်လို ဝင်ရိုက်နေကြမှန်းလည်း မသိ။

ဓါတ်ပုံတွေက တဖျတ်ဖျတ်။

ဗီဒီယိုကင်မရာသမားတွေကိုပင် မနည်းရှောင်နေရသည်။

မပြုံးချင်၊ မရယ်ချင် မျက်နှာတည်တည်နဲ့ တိုင်းနိုင်ငံနှုတ်ခမ်းအစုံက မေးရိုးကားချင်သော သူ့မျက်နှာကျနှင့် လူလူ့မျက်လုံးထဲမှာတော့ ချောနေတာပဲ ဖြစ်လေသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင် အနောက်တိုင်းဝတ်စုံနှင့် တိုင်းနိုင်ငံနဲ့ လက်ချင်းချိတ်တာ လှလှက အဖြူရောင် စနီးဝိုက်လေးလို လှနေသည်။

အားလုံးပါးစပ်ဖျားမှာ လိုက်ဖက်ကြောင်း၊ တင့်တယ်ကြောင်း၊ အထူးသဖြင့် လှလှ ကံကောင်းကြောင်း ချီးမွမ်းကြသည်။

သူကျတော့ လှလှကိုရတာ ကံမကောင်းလို့လား။

"ဘယ်တုန်းက မုန့်ပေးကြိုက်ထားတာလဲ ကိုတိုင်း"

"တကယ်နတ်သမီးပဲ"

ဆိုတဲ့ ယောက်ျားတွေရဲ့ စကားသံတွေကိုကျတော့ သူက တည်တင်းသော မျက်နှာကြီးနဲ့ ပြန်လည်တုံ့ပြန်ပြောဆိုသည်ပင် မရှိ။

သူ့ပုံစံကိုကြည့်၍ ကိုကြီးတို့လည်း မျက်နှာမကောင်းကြပေ။

"မေမေ… တိုင်းနိုင်ငံက ညီမလေးကို လိုလားပုံမရဘူး၊ လွန်လည်းလွန်ကုန်ကြပြီ၊ ညီမလေး စိတ်ဆင်းရဲနေရရင် ဘယ်လိုလုပ်မလဲ"





"ဟုတ်တယ် မေမေ၊ ဒီလူ့ပုံစံက သူ့ကိုယ်သူ အရမ်းအထင်ကြီးဘဝင်မြင့်နေတဲ့ပုံ၊ ညီမလေးကို ဒီလို နိုင်ငံကျော်တဲ့ လူမျိုးနဲ့ လက်ထပ်မပေးသင့်ဘူး"

သားတွေ ပူပန်နေကြသလို ဒေါ်မြနှင်းသဇင်လည်း စိုးရိမ်ပါသည်။ ဒါပေမယ့် ထင်ကြေးပေးဖို့က စောပါသေးသည်။

"သားတို့ရယ်… သူက ဒီလောက်ထိ ကျော်ကြားတဲ့သူပဲ၊ ယဉ်ယဉ်ရွယ်ရွယ်လေးနဲ့ လက်ထပ်ရတော့ ရှက်တာလည်း ရှိမှာပေါ့"

"မဆိုင်ပါဘူး မေမေရာ၊ ဆယ်နှစ်လောက်ပဲ ကွာတာပါ၊ ရုပ်ချင်းအရွယ်ချင်းက ကွာမှန်းတောင် မသိရပါဘူး၊ ညီမကကော သူ ဒီလိုဖြစ်ရအောင် ခပ်နိမ့်နိမ့် အတန်းအစားထဲက ရုပ်ဆိုးဆိုး အကျည်းတန်မှ မဟုတ်တာ"

ကိုလေးက ညီမအတွက် ဘဝင်မကျနိုင်ဖြစ်နေသည်။

ခုပုံစံအရဆို တိုင်းနိုင်ငံကို လက်တွဲ၍ ညီမလေး ပြုံးပျော်နေသလောက် သူကတော့ ရည်းစားပျက်ထားတဲ့ ရုပ်ကြီးနဲ့။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပွဲပြီးလို့ ညီမကို ထားခဲ့ပြီးပြန်ကြရမယ်ဆိုတော့ ကိုကြီး ရှိုသိမ်မထားနိုင်ဘဲ တိုင်းနိုင်ငံရှိသည့်နေရာကို ရောက်သွား၏။

"ကိုတိုင်း"

တိုင်းနိုင်ငံက တစ်ယောက်တည်း စားပွဲတစ်လုံးမှာ ဘီယာသောက်နေရင်း သူ့ကို မော့ကြည့်သည်။

"သြော် ... ကိုလူရည်ကောင်း၊ ထိုင်ပါ"

"ကျွန်တော် စကားနည်းနည်းလောက် ပြောပါရစေ"

"ပြောပါ"

မေးရိုးမှာ ရှိန်းမြသော ပါးသိုင်းမွှေးရိပ်ရိပ်နှင့် နီမြန်းသည့် နှုတ်ခမ်းတို့ကို ကိုကြီးက စိုက်ကြည့်သည်။

ဒီလူဟာ လုပ်ရည်ကိုင်ရည် စီးပွားရေးဈေးကွက်မှာသာ နိုင်ငံကျော်သည်မဟုတ်။

ရုပ်ရည် ရူပကာကလည်း ထူးခြားတင့်တယ်သူဖြစ်သည်။

သမီးရှင်အတော်များများ စိတ်ကူးယဉ်နေကြဆဲမှာ ညီမလေးနဲ့ မင်္ဂလာဆောင်ဖြစ်သွားတာဖြစ်၏။





ဖြည့်စုံလှပါသည်ဆိုသော ညီမလေးရဲ့အရည်အချင်းများဟာ တိုင်းနိုင်ငံရှေ့မှာ အရာထင်နိုင်ပါ့မလား။

"ပြောစရာရှိရင် ပြောပါ ကိုလူရည်ကောင်း၊ ကျွန်တော် ဒီမှာလာထိုင်နေတာ မပြောမဆိုချင်လို့ ရှောင်ဖယ်နေတာ မဟုတ်ပါဘူး၊ လူတွေသိပ်များများနဲ့ ပြောဆိုဆွေးနွေးလိုက်ရင် ကျွန်တော် ဒီလိုပဲ အနားယူနေကျမို့ပါ၊ ပြီးတော့ မင်္ဂလာပွဲထဲမှာ စီးပွားရေးကိစ္စတွေ လာဆွေးနွေးကြတဲ့ လူတွေကိုလည်း အံ့ဩတယ်၊ အဲဒါကို စိတ်ပျက်တာ"

သူပြောတာလည်း မဆိုးပါဘူး။ ဒါ ဖြစ်နိုင်သည်။

ကိုကြီးမျက်နှာ အနည်းငယ် ကြည်လင်သွားကာ

"ဒီလိုပါဗျာ၊ နားနဲ့မနာ ဖဝါးနဲ့နာပါတော့၊ ညီမလေးအတွက် ကျွန်တော် ပြောချင်တာပါ"

"ပြောပါ"

"အခုမင်္ဂလာပွဲဖြစ်မြောက်သွားတာ နှစ်ဘက်လုံးမိဘတွေ ရဲ့ ဆန္ဒအရ သားသမီးတွေက နာခံကြတာပါ၊ မသိခဲ့မရင်းနှီးခဲ့ကြဘူးလေ၊ ဒီထဲမှာမှ ညီမလေးက မလိမ္မာတာကို ကျွန်တော် ကြိုပြီးတောင်းပန်ထားချင်တာ၊ တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မေတ္တာအရင်းခံနည်းကြသေးတော့ သည်းခံနိုင်ကြမှာ မဟုတ်ဘူး၊ ညီမလေးကိုတော့ သည်းခံခွင့်လွှတ်ပေးပါဗျာ၊ တစ်ကိုယ်ကောင်းဆန်ဆန်ပဲ တောင်းပန်ပါရစေ၊ ကိုတိုင်းဘက်က ခွင့်လွှတ်ဖို့ကိုပဲ ပြောချင်ပါတယ်"

"ခွင့်လွှတ်ပေးနေတာပဲ အမြဲဖြစ်နေရင် သူကလည်း ဆိုးနေမှာပဲ ကိုလူရည်ကောင်း၊ ကျွန်တော့်ဘက်က အလျှော့ပေးနေတာမျိုးချည်းပဲတော့ မလုပ်နိုင်ဘူး၊ အလျှော့အတင်းဆိုတာ မထားလို့ကို မရဘူး"

ဟုတ်ပါသည်။

ဒါ ပြောသင့်တဲ့စကားပဲ ဖြစ်သည်။

ဒါပေမယ့် ကိုကြီး မျက်နှာမကောင်းစွာနှင့် စကားမပြန်နိုင်။

"ညီမလေးက သူ့ကိုယ်သူ ကလေးလိုနေနေရာကနေ အိမ်ထောင်သည်အဖြစ်နဲ့ စည်းဝိုင်းထဲမှာ ချက်ချင်းကြီး ဘယ်လိုမှ သူ အံဝင်ခွင်ကျဖြစ်မှာ မဟုတ်ဘူး"

ညီမအတွက် တစ်ဖက်သတ်ကြီး ပူပင်နေသည့် လူရည်ကောင်းဆိုသော ကိုကြီးကို တိုင်းနိုင်ဝင်က ခပ်မဲ့မဲ့ ပြုံး





ကြည့်သည်။

"ကိုတိုင်းဘက်က ညီမလေးအပေါ် သည်းမခံနိုင်လောက်အောင် ဖြစ်စေလာခဲ့တာမျိုးရှိရင် သည်းခံပါလို့ပဲ ကျွန်တော် ထပ်ပြောချင်ပါတယ်၊ မလိမ္မာလို့ဆုံးမတာ သွန်သင်တာမှာ စိတ်ဆင်းရဲစရာတွေ မဖြစ်ကြစေချင်လို့ပါ"

"စိတ်ချပါလို့တော့ ကျွန်တော် ဂတိမပေးနိုင်ဘူး၊ ဒါပေမယ့် ကျွန်တော် မိကောင်းဖခင် သားသမီးပါ"

ကိုကြီး ဒါနဲ့ပဲ ကျေနပ်ခဲ့ရပါသည်။

ပြီးခဲ့တာလည်း ပြီးခဲ့ကြပြီ။

သူတို့အနေနဲ့ ညီမလေး ကံကောင်းပါစေလို့ ဆုတောင်းပေးရုံအပြင် ဘာမှမတတ်နိုင်ပေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတွေဖွင့်တော့မယ်နော်၊ သမီး ဒုတိယနှစ်တက်ဖို့ သား ဘယ်လိုစီစဉ်ပေးမလဲ"

လက်ဖက်ရည်ဝိုင်းမှာ ဒေါ်သီရိနိုင်က စကားစသည်။

တိုင်းနိုင်ငံက ရုတ်တရက်မဖြေဘဲ ကော်ဖီကိုသာ ငုံ့သောက်နေ၏။

လူလူက ဒီအတိုင်းလှီးချထားသည့် ပေါင်မုန့်တွေကို အဆင်သင့်ရှိသည့် ထော်ပတ်ဗူးကိုဖွင့်ကာ ထောပတ်သုတ်သည်။

"မေမေနိုင်… သကြားကြိုက်လားဟင်"

"နည်းနည်းဖြူးလိုက် သမီး"

"ဖေကြီးကော"





"ဖေကြီးကို အဖြူပဲပေး"

မေမေနိုင်ရဲ့ ဖေကြီးဟုခေါ်ကာ ပေါင်မုန့်ကို ထောပတ်သုတ်၊ သကြားဖြူး၊ သူမခြေ သူမလက် သူမအသံချည်းပဲ ဖြစ်၏။

"လူလူကလေ… အိမ်မှာဆို ဖေဖေကို့ ကိုကြီးတို့ကို အားလုံးလုပ်ပေးတာ၊ မေမေကျတော့ ဘရိတ်ဖက်ကို ထမင်းမုန့်နဲ့ အသားတစ်ခုခု ကြော်ပေးရတယ်"

"အဲဒါကျတော့ သမီးပဲ ကြော်တာပေါ့"

"ဟင့်အင်း… လူလူ မကြော်တတ်ဘူး၊ ဒါပေမယ့် မေမေစားဖို့ လူလူကိုယ်တိုင်ပဲ ချူးပေးတာ၊ စားသောက်ဖို့ ပြင်ဆင်တာကို လူလူ ဝါသနာပါတယ် မေမေနိုင်ရဲ့၊ ချက်တာ ပြုတ်တာကျတော့ မေမေက သိပ်မနိုင်းလို့ အားလုံးမလုပ်တတ်ဘူး"

"သမီးက တော်သားပဲ၊ မေမေက ဒီလောက်ထိ ဖြစ်မယ်တောင် မထင်ဘူး၊ နေတော့ ကလေးလိုပဲကိုး၊ သမီး ကိုကိုကို ထောပတ်သုတ်ပေးလိုက်ပါဦး၊ သကြားမထည့်နဲ့"

လူလူမျက်နှာလေးက ရယ်နေရာမှ တည်တည်လေး



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဖြစ်သွားကာ တိုင်းနိုင်ငံကို ကြည့်သည်။

ပြီးမှ မကောင်းတတ်လို့လုပ်ရသည့်ပုံစံလေးနှင့် လေးလေးဖင့်ဖင့်ကြီး သုတ်နှယ်ပေးကာ

"ရော့…"

တိုင်းနိုင်ငံက မျက်လုံးပင့်ကြည့်ကာ ခေါင်းခါ၏။

"နေပစေ… မုန့်မစားချင်တော့ဘူး"

"အို… သားကလည်း"

"မစားနေပေါ့၊ ဒီကလည်း ကျွေးချင်လွန်းလို့ မဟုတ်ဘူး၊ မေမေနိုင် ကျွေးခိုင်းလို့"

နှုတ်ခမ်းလေးစူထော်ကာ လူလူ ကော်ဖီကို လက်စသတ်၍ ထွက်သွားလေသည်။

"သား ဒီလိုပုံစံမျိုးဆက်ဆံတာ ယောကျ်ားကောင်း မဟုတ်ဘူးနော်၊ ဖေဖေ မကြိုက်ဘူး"

တစ်ချိန်လုံး ငြိမ်သက်နေခဲ့သည့် ဦးတိုင်းဝင်းက စားလက်စကို ချထားလိုက်၍ စကားစလာသည်။

"ယောကျ်ားဆိုတာ မိန်းမထက် မြင့်မြတ်ရတယ်၊ သဘောထားကြီးမှု၊ သည်းခံခွင့်လွှတ်နိုင်မှု၊ အစစအရာရာ





မိန်းမထက်သာရမယ်၊ ယောကျ်ားဖြစ်ပြီး သွေးဆူလွယ်တာ မကောင်းဘူး"

"ကျွန်တော် ဘာဖြစ်လို့လဲ ဖေဖေ၊ မစားချင်လို့ လှမ်းမစားတာ အပြစ်ရှိသွားသလား"

"ရှိတယ် သား၊ ဆန္ဒမရှိပေမယ့် လောကဝတ်ဆိုတဲ့ စကားက ရှိသေးတယ်၊ လူမှုရေးကျင့်ဝတ်တစ်ခုပေါ့၊ မိမိ ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လိုက်လျောရတာ၊ ထိန်းချုပ်ရတာ၊ ဒါတွေ သားနားလည်တယ်ဆိုတာလည်း ဖေဖေ သိတယ်၊ ဒီထက် ပိုသိတာက ဒီမိန်းကလေးကို သား မနှစ်သက်ဘူးဆိုတာပဲ"

"ကျွန်တော် ခေါင်းညိတ်ခဲ့တာပဲ ဖေဖေ"

"ခေါင်းညိတ်ပေးလိုက်ရလို့ ကြွက်မနိုင်၊ ကျီ မီးနဲ့ ရှို့တာ သိပ်ကိုအောက်တန်းကျတယ် သား၊ ဖေဖေတို့လည်း စိတ်ချမ်းသာရမှာ မဟုတ်ဘူး၊ လူရည်ချွန်ဆိုတဲ့ မိန်းကလေးဟာ ဝတ်တာ စားတာ၊ သွားတာ လာတာ ကလေးဆန်တာ၊ အပိုးမကျိုးတာ ရှိချင်ရှိမယ်၊ ဒါပေမယ့် သားထက်ငယ်တယ်၊ စည်းစိမ်ဥစ္စာလည်း ဂုဏ်ရည်တူတယ်၊ ချို့ယွင်းချက်ရှိသို့



www.burmeseclassic.com

www.burmeseclassic.com



သားလက်ထဲကို ထိုးကြိတ်ထည့်ပေးလိုက်တာ မဟုတ်ဘူး ဆိုတာ သားသိထားရမယ်၊ သိမ်ကိုသန့်စင်ယယ်ရှယ်တဲ့ မိန်းကလေးကို မင်းဘက်က အများကြီး ခွင့်လွှတ်လိုက်လျော ရမယ်၊ လိမ္မာလာအောင် ကိုယ့်အပေါ် တိမ်းညွှတ်လာအောင် သား ဆွဲဆောင်နိုင်ရမယ်''

''ဟုတ်ပါတယ် သားရယ်၊ သမီးလေးက အရမ်း ဖြူစင်တာပဲ၊ ချစ်စရာလည်းကောင်းတယ်၊ သားဘက်က နည်းနည်းလေးလျှော့ပြီး ချော့ကြည့်လိုက်ရင် သားဖြစ်ချင်သလို သူ ဖြူပြင်လာမှာပါ၊ သူ့ ဝတ်ပုံစားပုံကို သား စိတ်တိုင်း မကျတာလား''

''မဟုတ်ဘူး မေမေ၊ အားလုံးပဲ၊ ကျွန်တော် သူ့ကို ဟိုးအရင်းကတည်းက မြင်ဖူးနေတာ၊ မြင်လိုက်တိုင်း ဇရှတ် သုတ်ခချည်းပဲ''

''ယောက်ျားလေးတွေနဲ့လား''

''မဟုတ်ဘူး''

ဒေါ်သီရိနိုင်က ပင့်သက်ရှိုက်၍ ပြုံးလိုက်သည်။

''သူက ကိုယ့်အိမ်မှာလိုက်နေတာ သားရယ်၊ သူ့ပျော်





အောင်ထားဖို့ သားမှာ တာဝန်ရှိတာပေါ့''

တိုင်းနိုင်ငံ ငြိမ်နေမိသည်။

ဘာကြောင့်လဲ မမေးနဲ့…

ဘာကြောင့်မှန်းမသိဘဲကို ဒီကောင်မလေးကို သဘော မကျနိုင် ဖြစ်နေခဲ့တာ။

ရင်လေးစရာပါလား…။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်တော့ စားပွဲပေါ်မှာ ဝတ္ထုစာအုပ်တွေ တစ်ထပ် ကြီး။

စာအုပ်ပုံရှေ့မှာ အချဉ်ထုပ်တွေ၊ အာလူးကြော်ထုပ်တွေက မြင်မကောင်း။

သူကြည့်နေပ ၂၁ သုံးရက်ရှိပြီ။

ညညဆို စာအုပ်တွေထိုင်ဖတ်၊ မီးထုပ်တွေ စား။

ညဥ့်နက်တော့ စားပွဲပေါ်ကနေ ဒရင်းဘတ်ပေါ် ရောက်။

နေပစေ။

သူ ဂရုမစိုက်ဘဲ ကိုယ့်အလုပ်တွေပြတ်သည်နှင့် အိပ်ရာဝင်ပစ်ခဲ့သည်သာ။

သစ္စာမှန်စာပေ



ဒီညတော့ သူ မပြောလို့မရတော့ပါ။

မနက်က မိုးမလင်းခင်ကတည်းက ရေအိမ်မှာ ဝင်လိုက် ထွက်လိုက်။

တစ်ယောက်တည်း ရှုံ့မဲ့နေတာ…

"ဒီအချဉ်ထုပ်တွေကို မင်း ကုန်အောင်စားတာပဲလား"

အနားမှာ လာရပ်လိုက်သည့် သူ့ကို လူလူက မီးထုပ်ကို တိုက်ဖောက်ရင်း မော့ကြည့်၍ မေးဆတ်ပြသည်။

ဘာလဲဆိုသည့် သဘော…

"မင်း ငါ့ကို ပြန်မေးမနေပါနဲ့၊ ညည အချဉ်ထုပ်တွေ စားပြီး မနက်ကျတော့ ရေအိမ်ထဲကမထွက်တာ၊ ဘာလဲ… ဝိတ်ရှော့နေတာလား၊ ရောဂါရှာပြီး ငါ့ကို ပြဿနာရှာမလို့လား"

"ဘာလဲ… လူလူ ဒီလိုပဲ နေနေကျဟာ၊ ကိုကိုနဲ့ မဆိုင်ပါဘူး"

"အေး… မဆိုင်ရင် မစားနဲ့၊ ကြည့်ရတာ မြင်မကောင်းဘူး၊ အဲဒီစာအုပ်တွေက စီလောက်တောင်ဖတ်ပြီး ဘယ်စာမေးပွဲဝင်ဖြေမလို့လဲ"

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်လို့"

"ကြိုက်တိုင်း မဖတ်ရဘူး၊ သွားအိပ်တော့"

မအိပ်ချင်လို့ဟာကို အိပ်တော့ဟုဆိုတော့ လူလူ အရိုက်ထိကာ ပါးစပ်ထဲရောက်သွားသည့် အချဉ်ထုပ်ကလေးသည်း ချဉ်တူးစပ်ဖျင်းလျက် မျက်လုံးရော နှုတ်ခမ်းပါ ရှုံ့မဲ့တွန့်လိမ် သွားစေသည်။

"အံမာ... မင်းက ငါ့ကို လှောင်ပြောင်စရာလုပ်နေ တယ်ပေါ့"

"အာ... မဟုတ်ဘူး၊ ဒီမှာ ချဉ်သွားလို့၊ စားကြည့်ပါ လား"

"လူလူ"

"ဟင်"

"မင်း လူကို ပြောင်သလို ချော်သလို မလုပ်နဲ့နော်"

"ဘာလုပ်လို့လဲ"

"သွား... ခြေလက်ဆေးပြီး အိပ်တော့"

"မအိပ်ချင်ပါဘူး"

"မအိပ်ချင်လည်း သွားလှဲနေ"





လူလူက ခေါင်းကို လက်နှစ်ဖက်နဲ့ ထိုးဖွပင် မကြည်

"ကိုကိုနော်... သူများ မအိပ်ချင်တာကို ဖွတ် နေတယ်၊ စီးထုပ်မစားတော့ဘူး၊ စာပဲဖတ်မယ်"

လူလူက စီးထုပ်တွေကို ဘေးဖယ်ပစ်ကာ ...ုးသွားပြီ ဆက်ဖတ်နေ၏။

"တောက်..."

တိုင်းနိုင်ငံ လက်ကနာရီကိုကြည့်၍ တက်ခေါက် သည်။

"တော်ပြီ၊ မင်းကိုဆက်ပြောရင် ငါ ဆွဲရိုက်မိတော့ မယ်"

ရိုက်ကြည့်ပါလား။

လူလူ သူ့ကျောပြင်ကို နောက်ကနေ မဲ့ရွဲ့လျှာထုတ် ပြရင်း စိတ်ထဲက ကြိမ်းဝါးသည်။

တော်တော်ကြီးကြာတော့ အိပ်ရာအက်ကို လှမ်းကြည့် မိ၏။

ပန်းနုရောင် စပို့ရှပ်လက်တိုနှင့် ပုဆိုးညိုကွက်ကို ဝတ်ထားသော တိုင်းနိုင်ငံသည် နှစ်ယောက်အိပ် မွေ့ယာကြီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကော်မှာ နဖူးပေါ်လက်တင်လျက် ပက်လက်အတိုင်း နေပြီ။

တန်းစင်းနေသည့် နှာတံနဲ့ မျက်ခုံးထူထူတို့က ထင်းနေ အရိုက်၊

ချည်တူး လူလူ ခေါင်းအသာကုတ်၍ ဒရင်းဘတ်ပေါ် ပြောင်း သူ့လိုက်သည်။

သူ့ကိုအိပ်တာမြင်လိုက်တိုင်း ခပ်ပါးပါး စပို့ရှပ် တစ်ထည်ထည်နဲ့သာဖြစ်ပြီး ညဝတ်အင်္ကျီလဲတာလည်း မမြင်ပါ။

ကိုယ်ကတော့ အိပ်ရာပေါ်လှဲပြီဆို ညဝတ်အင်္ကျီဖားဖား နဲ့ လွတ်လွတ်လပ်လပ်အိပ်ရမှ…

မဖြစ်ပါဘူး။ နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်ကိုလည်း သူမ မတက်ရဲ။ ချောတာမြင်လို့ သဘောကျပေမယ့် အိပ် ထောင်သည့်ဘဝကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ဖို့ကျတော့ ဘယ်လိုမှ သတ္တိမွေးလို့မရ။

"အမလေး"

"ဟင်"





သူမ တံခါးထဖွင့်လိုက်တော့ အပြင်ဘက်မှာ မကြည် က ဖျော်ရည်ပါသည့် ဗန်းကလေးကိုကိုင်လျက်…

"ကိုကိုလေး အိပ်သွားပြီလားဟင်"

"အင်း… အိပ်သွားပြီ"

"ဟော်တော်… မကြည်ကိုတော့ စိတ်ဆိုးသွားပြီ ထင်တယ်၊ မေမေကြီးတို့ တရားစာအုပ်ဖတ်ပြရင်း ကိုကိုလေး အတွက် သံပုရာရည်ပို့ပေးဖို့ မေ့သွားတာ"

"သူ ဘာမှမပြောပါဘူး၊ ပေး ပေး ထားခဲ့…"

"ကိုကိုလေးက တရေးနိုးမှ ဘာမှမစားတတ်ဘူး မမလေးရဲ့"

"သူမသောက်တော့ဘူးဆိုရင် တို့သောက်မှာပေါ့၊ ထားခဲ့ပါ"

"ဟုတ်ကဲ့"

လူလူ သံပုရာရည်ဖန်ခွက်ကိုကိုင်၍ စားပွဲခုံမှာ ပြန်ထိုင်သည်။ ပြီးတော့ နည်းနည်းမြည်းကြည့်၏။

အမလေး… ချဉ်လိုက်တာ ဘာမှလည်း မပါပါလား။

အိပ်မပျော်သေးသည်မို့ လူလူရှုံ့မဲ့သွားတာ၊ ပါးစပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ငုံထားပြီးတာကို မျှမချဘဲ ထွေးခံဖြေးယူ ထွေးချ။

တစ်ယောက်တည်း ကမ္ဘာပျက်နေတာကို တိုင်းနိုင်ငံ အားလုံးမြင်သည်။ ဆံပင်တွေဖြန့်ချထားသဖြင့် အခန်းထဲမှာ လွှားခနဲ လွှားခနဲ ပြေးလွှားနေသမျှ ဆံပင်တွေက ဇော်ဂိုက် လှုပ်ခါနေသည်။

သူ့ ခပ်ယဲ့ယဲ့ပြုံးမိကာ မျက်လုံး ပြန်မှိတ်လိုက်သည်။

ဒီကောင်မလေး အိပ်ရာထဲမဝင်ရဲတာပဲ ဖြစ်မည်။

မင်္ဂလာဆောင်ပြီးတာ သုံးရက်ရှိပြီ။ သူကလည်း ဂရုမစိုက်ခဲ့သလို လှလှကလည်း မိုးချုပ်သည်နှင့် စာအုပ်တွေ ပွေ့လာတော့သည်။

တစ်ညလုံးဖတ်၊ သန်းခေါင်ကျော်မှ အိပ်။

မနက် ငါးနာရီထိုးခါနီးတိုင်း သူမ ထသွားတတ်၏။

မျက်နှာသစ် ခေါင်းဖြီးပြီးသည်နှင့် သူမကိစ္စပြီးပြီ။

မိတ်ကပ်လူးတာလည်း မတွေ့။ သနပ်ခါးကျောက်ပျဉ် နားကိုလည်း သိမင် မသိပေ။

အဆီမပြန်တတ်သည့် သူမမျက်နှာ ဝင်းမွတ ... လေး က လှနေတာခ‌ဲ ဖြစ်သည်။

သန့်သန့်စာပေ



အိမ်ထောင်ရေးက ခုချိန်ထိ ဘာမှန်းမသိပေမယ့် ဒီကောင်မလေးကို တွေ့လိုက်ရတိုင်း ဒေါသဖြစ်ရသည်က အသည်းယားစရာ ကောင်းတာလည်း ပါသည်။

နှုတ်ခမ်းစူလိုက်၊ ခြေဆောင့်လိုက်၊ တစ်ခါတစ်ခါ ပက်ခနဲ ပြန်ပြောချလိုက်တာ၊ မလေးမစား ဝတိုက်ပစ် လိုက်သလိုလို ... ၂၈

နောက်တော့ သူမပြောလိုက်သည့်က သဘော တစ်မျိုးနဲ့ ရိုးသားစွာ ဖြစ်နေပြန်သည်။

ခုချိန်ထိ တိုင်းနိုင်ငံ ကိုယ့်ကိုယ်ကို မိန်းမရထား သည်ဟုပင် မထင်မိခဲ့ပေ။

လှလှလည်း ဒီလိုပဲ ရှိမလား။

* * *

www.burmeseclassic.com

www.burmeseclassic.com



"လူလူရယ်၊ နှင် အစရမ်းကံကောင်းတာပဲနော်၊ နှင်တို့ မင်္ဂလာဆောင်က ဓါတ်ပုံတွေကို စာစောင်တွေ၊ ဂျာနယ်တွေမှာ ပါ တွေ့တယ်၊ သူများတွေဆို မင်္ဂလာဆောင် ဗီဒီယိုရိုက် ထားလည်း ကိုယ့်ဟာကိုယ် ဖွင့်ကြည့်မှ မြင်ရတယ်၊ ဓါတ်ပုံ တွေရိုက်တော့လည်း အယ်လ်ဘမ်ထဲမှာ ပြီးပြီ၊ နှင့်ကျတော့ ယောက်ျားက စူပါဆိုတော့ တကယ်ဂွတ်တယ်"

"သွားစမ်းပါဟာ အလကား ဘဝင်ရူးကြီး"

"ဟင်... နှင့်ကို မချစ်လို့လား"

"ဟုတ်မှာပေါ့၊ ငါကလည်း မချစ်ပါဘူး၊ အလကား နေ ဆူမယ်၊ ဟောက်မယ်ဆိုတာချည်းပဲ"

"ချောတော့ တကယ်ချောတာနော်၊ ဖြောင့်စင်းနေ တာပဲ"





"ဟဲ့... နှင့်ကို သူ ကျောင်းလိုက်ပို့တာ မဟုတ်ဘူး လား"

"ပို့နိုင်ပါလိမ့်မယ် အားကြီး၊ မိုးလင်းက မိုးချုပ် ဟိုက ဖုန်းတွေလာ၊ ဒီကဖုန်းတွေလာ၊ ဟိုပါတီသွား၊ ဒီအစည်းအဝေး တက်၊ လာလိုက်တဲ့ ဧည့်သည်တွေဆိုတာ စိတ်ညစ်ဖို့ကောင်းတာပဲ၊ ငါဖြင့် စီးပွားရေးသမားတစ်ယောက် ဒီလောက်စူပါဖြစ်တာ ကိုယ့်ယောက်ျားတော်လိုက်ရမှပဲ သိတော့တယ်"

"အဲဒါ မကောင်းဘူးလား"

"မကောင်းပါဘူး၊ ဒီလူကြီး အဲဒါတွေ ဘဝင်မြင့် နေတာ"

"မြင့်ပါစေတော်၊ ဒီလောက်ချောပြီး ဒီလောက်တော် နေမှတော့ မြင့်ခွင့်ပေးလိုက်ပါ၊ ဒါပေမယ့် နှင် ကိုယ့်ကို ချစ်လာအောင်တော့ ကြိုးစားသင့်တယ် လူလူ"

ကျောင်းစတက်ပြီဆိုသည်နှင့် သူငယ်ချင်းတွေက သူမ မင်္ဂလာပွဲကိုပဲ သည်းသည်းမေးကြသည်။

တချို့က စာစောင်တွေထဲက သူတို့ဖြတ်ယူထားကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဓါတ်ပုံတွေကိုပါ ယူလာကြ၏။

"ငါတို့က နင့်ကို နင့်လူကြီးလာပို့ရင် မိတ်ဆက်ခိုင်း မလို့"

"မကြိုးစားနဲ့၊ တို့ မိတ်ဆက်မပေးဘူး"

"ဘာလဲ အရူတိုလို့လား"

"နင်တို့ ဘာသိလို့လဲ၊ သူက အရမ်းဘဝင်မြင့်တာ၊ ဧည့်သည်လာရင် မတွေ့ချင်ဘူး၊ လူများရင် ခေါင်းရှုပ်လို့တဲ့"

"အဲဒါ ဘဝင်မြင့်တာ မဟုတ်ပါဘူးဟယ်၊ နင်တို့ ငါတို့က ဘေးလူဆိုတော့ ဘယ်သိမလဲ၊ အဲဒီလို လူတွေ အရမ်းဂရုစိုက်ခံရတဲ့ ဒုက္ခက မသေးဘူးတဲ့၊ သိလား"

"အမလေး... နားလည်ပေးပြန်ပြီ၊ ဘဝင်မြင့်တာ မြင့် တာပဲပေါ့"

နွယ်နွယ်က ဟမ်ဘာဂါစားနေရင်းမှ လူလူ့ကို မျက်စောင်း ချိတ်ကြည့်သည်။

"အဲဒါ ပါးစပ်က ဟစ်နေတာပါ လဲ့ရယ်၊ ရှေ့တင်ကျ ကိုကို၊ ကိုကိုနဲ့ မသိတာမှတ်လို့"

"မိနွယ်နော်"





"မဟုတ်လို့လား ပြော"

"အဲဒါ မေမေနိုင်ခေါ်ခိုင်းလို့"

"ဘာဖြစ်ဖြစ်လေ၊ ဒီလောက်ချောချောသန့်သန့်ရုပ်ကို မချစ်ဘူးလို့ ငြင်းမနေစမ်းပါနဲ့၊ ရင်ထဲမှာတော့ ရှိမှာပါ၊ လင်မယား ဖြစ်နေပြီဥစ္စာ"

"အို... မဖြစ်..."

လွှတ်ခနဲပြောမိပြီးမှ လူလူ ပါးစပ်ပြန်ပိတ်သည်။

လက်ထပ်ပြီးကြမှ မဆိုင်သလိုနေကြတယ်ဆိုတာ ပြောလည်း ဘယ်သူယုံမှာလဲ။

"ဒီ... ဒီမှာ..."

"ဟဲ့..."

"ဟင်..."

လေးယောက်တန်းလျှောက်နေကြတဲ့ အလယ်ကနေ လူလူ့ဘေးကို ရအောင်ဝင်ရပ်သဖြင့် နွယ်နွယ်တို့ အံ့လည်း အံ့သြ၊ မဖယ်ဘဲလည်း နေလို့မရဖြစ်ကာ သံစုံမြည်သွားကြ၏။

ဆံပင်လှိုင်းတွန့်ရေးရေးနှင့် စတိုင်လ်ဘောင်းဘီရှည် မီးခိုးရောင်ကို အဖြူရောင်ရှပ်နှင့် တွဲဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကရင်လိမ်း၍ ပြောင်လက်နေသောဆံပင်က ခေါင်းလိမ်းဆီနံ့က ပက်ဝန်းကျင်မှာ ထောင်းထောင်းထနေသည်။

"လူလူ… ဒီစာလေး ယူသွားပါနော်၊ ယူသွားပေးပါ လူလူရယ်၊ ဒါပါနဲ့ဆို လေးစောင်မြောက်သွားပြီ၊ ရေးပြီးမှ မပေးရဲလို့ ပယ်ပယ်ချခဲ့ရတာ"

"ဩော်… သနားစရာပါလား"

လှဲ့က လက်ခါ နှုတ်ခမ်းမဲ့၍ ခပ်ကျယ်ကျယ်ပြောသည်။ ထိုသူက လူလူ့မျက်နှာမှလွှဲ၍ ဘယ်သူ့ကိုမှမကြည့်။

ခလုတ်တိုက်မတတ် ကပ်လိုက်လာကာ

"တို့ အစွမ်းကုန် အရဲစွန့်ပြီးမှ ခုလိုပေးဖြစ်တာပါ၊ ငြင်းတော့ မငြင်းလိုက်ပါနဲ့ လူလူရယ်၊ ယူသွားပေးပါနော်"

"အင်း… မျက်စိသူငယ် နားသူငယ်လေးထင်တယ်၊ လကမ္ဘာမှာ လူသားတွေ အလံစိုက်နိုင်ခဲ့တာကို မသိနိုင်ရှာဘူး"

လူလူက နွယ့်ကိုကြည့်၍ ဆက်မပြောဖို့ လက်ကာပြကာ

"ယူ ဘာမှမသိဘူးလား၊ တို့က လက်ထပ်ပြီးပြီ"

"ဟာဗျာ… မဟုတ်တာနဲ့ ဘဝပျက်အောင်တော့





မကျီစားပါနဲ့၊ လူလူ တို့ကို ချက်ချင်းစာပြန်ဖို့ မလိုပါဘူး၊ ကြိုက်သလို စမ်းသပ်၊ ကြိုက်သလောက် စဉ်းစားပါ"

"ဒီမှာ… ဒီမှာ… ရှင် တော်တော် အထူအပါးမသိတဲ့ လူပါလား၊ အပျိုမှန်း အအိုမှန်းတောင် မခွဲခြားနိုင်ဘူး၊ ကျောင်းဖွင့်တာနဲ့ ရည်းစားစာပေးဖို့ပဲ စဉ်းစားတယ်၊ ကျောင်းပိတ်ရက်တွေမှာ ဘာတွေပြောင်းလဲကုန်နိုင်သလဲ နည်းနည်းမှ မစဉ်းစားမိဘူးလား"

"ကဲပါဟယ်… ပြောမနေပါနဲ့တော့၊ ပေး… စာကို အခု တို့ယူလိုက်မယ်၊ ယူလိုက်တယ်ဆို ကျေနပ်တယ် မဟုတ်လား၊ နောက်ကို ထပ်မလိုက်ပါနဲ့၊ တို့က အပျိုမဟုတ်တော့ဘူး၊ ယူမယုံရင် အပြင်မှာ စုံစမ်းကြည့်ပေါ့"

သူ ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့လေသည်။

နွယ်နွယ်တို့က ခိုးခိုးခစ်ခစ် ရယ်ကြ၏။

"အဲဒီတစ်ယောက် မနှစ်ကတည်းက နင်သွားလေရာမှာ ကုတ်ချောင်းချောင်းနဲ့ လိုက်ဝဲနေတာ ငါတို့သိသားပဲ၊ ဩော်… သတ္တိကလည်း ယောက်ျားရပြီးမှပဲ ရှိလာရတယ်လို့၊ တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်လိုက်လို့ ပြောရမှာ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ"

"ငါတို့ ဘယ်သွားမလဲ"

"ဖူးသီးကြော်သွားစားမယ်"

"ဒါနဲ့ စောစောက ကာန်တင်းဆို"

"စာလေ… စာ စာ၊ စာဖတ်ရဦးမယ်၊ ကာန်တင်းမှာ မကောင်းဘူး"

"မိန်းမ… ဒါနဲ့များ သူ့ကဗျာလေးကို ပြောရက်လိုက်တာ"

"အံမယ်… သူ့ကဗျာလေးတဲ့… လူလူရေ… လဲ့ကို သာ လွှဲပေးလိုက်တော့"

"ပေးလို့ ရလေ… ယူပြီးသားပဲ၊ ရယ်နေရလည်း မနည်းပါဘူး"

"ယူစေ… ယူစေ"

ကျောင်းရောက်တာနဲ့ ကျန်ခဲ့တာအားလုံးကို လူလူ သတိမရတော့။

❋ ❋ ❋





"ဒီလက်ဖက်သုပ်တွေက ဘာလုပ်ဖို့လဲ"

"စားမလို့လေ"

"ဒီလောက် တစ်ပန်းကန်ကြီးကို မင်းက စားမလို့ပေါ့"

ရှုပ်ပြန်ပြီဆိုသော မျက်နှာလေးမဲ့မဲ့နှင့် လူလူ ပါးကုတ် နားကုတ် ဖြစ်သွားသည်။

"စာတွေကြည့်ရမှာ အများကြီးပဲ၊ အိပ်ချင်မှာစိုးလို့ သုပ်ထားတာ"

"ကျောင်းဖွင့်တာ တစ်လတောင် မပြည့်သေးဘူး၊ မင်း ဒီလောက်ကြီးစားဖို့ မလိုပါဘူး၊ အိပ်ချင်ဝင်အိပ်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်သုပ်တွေ ဒီလောက်အများကြီးစားတာ ဘယ်လောက် အန္တရာယ်များလဲ နားလည်လား"

"ဒီလိုပဲ စားနေကျ၊ ဘာမှမဖြစ်ဘူး၊ အစားစားတိုင်း ကိုကိုနဲ့ အမြဲလိုလို စကားများရတယ်၊ တကယ် အရမ်းဆူချင်တာပဲ၊ စိတ်ညစ်တွာယ်"

"ဆူချင်လို့ ဆူနေတာ မဟုတ်ဘူးကွ၊ တစ်ရက် နှစ်ရက်လားလို့ စောင့်ကြည့်ပြီးမှ လွန်လာလို့ ပြောတာ၊ အစားတစ်ခုကို တန်ရုံမစားဘူး၊ ဘေးဖြစ်မှရပ်တယ်၊ မပြောဘဲ နေလို့ကို မရတာ"

"ဘာလို့ကြည့်နေလဲ၊ မကြည့်နဲ့ပေါ့"

"ဩော်... မကြည့်လို့ရမလား၊ ခင်ဗျားလေးနဲ့ တစ်ခန်းတည်း နေတဲ့ဟာ၊ ဒီမျက်လုံးကို ဘယ်မှာပို့ထားရမလဲ"

လူရှုက နေရာမှ ဆောင့်ခနဲထရပ်ကာ

"ဒါဆိုပြီးရော... အပြင်မှာပဲ သွားကျက်တော့မယ်"

စာသွားကျက်မယ်ဆိုပြီး အရင်ဆုံးကိုင်လိုက်တာက လက်ဖက်ပန်းကန်။

"မသွားရဘူး ပြန်ထိုင်"





ကိုင်းနိုင်ငံက ပန်းကန်ကိုဆွဲယူ၍ ပြန်ချပစ်သည်။

အပြင်မှာဆို မိဘတွေပါသိ၍ ညဉ့်နက်အောင်နေတာ၊ စားပွဲပေါ်မှာ၊ ဒရင်းအာတ်ပေါ်မှာ ဒီကလေးမ ကြုံသလိုအိပ်နေ တာကို ရိပ်မိသွားဦးမည်။

"မင်း အပြင်မှာထွက်ပြီး ထင်သလိုနေရင် မေမေတို့ သိကုန်မှာပေါ့"

"ဒါဆို စားမှာပဲ"

"မစားရဘူး"

"ကိုကိုနော်... နေရာတကာ မဆိုင်သလိုနေပြီးတော့ သူများ အစားမက်မှန်းသိလို စားတာကျမှ အမြဲဝင်ဆူတယ်"

"စားတာက မပြောလို့မရဘူးလေ၊ မင်း တစ်ခုခုဖြစ် သွားရင် ငါက ခေါင်းကြီးမှာ၊ မနက်က မင်း ဗိုက်အောင့်တယ် ဆိုပြီး ဆေးသောက်နေတာ မေမေ မသိဘူးမှတ်လို့လား၊ အဲဒါ ငါ့ကို ဘာပြောတယ်မှတ်လဲ"

"ဘယ်သိမလဲ"

"အေး... မသိတာပဲ ကောင်းတယ်၊ ပြောလည်း မပြောချင်ဘူး၊ ဒီနေ့ကစပြီး စာကို အချိန်နဲ့ပဲကြည့်၊ အစားကို



www.burmeseclassic.com

www.burmeseclassic.com



အချိန်နဲ့စား၊ ညဘက် အဆာပြေကို မကြည့် စီစဉ်ပေးလိမ့်မယ်၊ ကိုယ်ကြိုက်တာကို လွှန်အောင်မစားရဘူး"

"စားမှာပဲ၊ အားလုံးအိပ်မှ မသိအောင်ထုတ်စားမယ်၊ အစာကအဆိပ်ဖြစ်ပြီး ကိုယ့်ကိုယ်ကို သေစေလောက်မယ်ထင်ရင် ကျွန်မကို ရှင်ကြီးသတ်တာပါဆိုပြီး စာတောင်ရေးထားခဲ့ဦးမယ်"

"မင်း ငါ့ကို မရွဲ့နဲ့နော်၊ မပြောချင်ဘဲပြောနေတာ ငါ့အတွက် တစ်ခုမှမပါဘူး"

"မိကောင်းဖခင် သားသမီးလေသံနဲ့ လာလုပ်မနေနဲ့၊ လူလူကိုကတော့ ကိုယ်ကြိုက်တာလုပ်၊ ကိုယ်ဖြစ် ကိုယ်ခံပဲ၊ တားရင် ပိုလုပ်ချင်တယ်၊ လုပ်ကို လုပ်ဦးမှာ"

"ဘာပြောတယ်"

"အား... နာတယ်"

လက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ယူလိုက်တော့ လူလူ့ပခုံးလေးကျုံ့ကာ မျက်နှာလေး မော့တက်လာ၏။

ဒေါသရောင်လက်နေသော မျက်ဝန်းလေးတွေမှာ နာကျင်သွားတာလည်းရှိကာ မျက်ရည်တွေ ဝဲလာသည်။





စိုအိနေသည့် နှုတ်ခမ်းလေးအစုံက သူ့ကို မော့ကြည့်ရင်း လှုပ်ခတ်တုန်ယင်နေလေသည်။

"ရှင်ကြီး လူကို အနိုင်မကျင့်နဲ့နော်၊ လွှတ်..."

"သား..."

အခန်းပြင်က မေမေ့ခေါ်သံကြောင့် တိုင်းနိုင်ငံ မျက်နှာပျက်သွား၏။

"သမီးအော်သံကြားလိုက်လို့၊ ဘာဖြစ်နေကြတာလဲသား"

"ဘာ... ဘာမှမဖြစ်ဘူး မေမေ၊ စနေကြတာ"

"ဖြစ်တယ် ဖြစ်တယ်၊ ဒီမှာ ကိုကို..."

"ဟိတ်"

လူလူ တိုင်တော့မည်မှန်းသိ၍ တိုင်းနိုင်ငံ လူလူ့နှုတ်ခမ်းလေးကို...

"အား... သမီးနဲ့ ဘာဖြစ်တာလဲ၊ သြော်... ခက်တော့တာပဲ၊ အိပ်ကြတော့၊ အိပ်ကြတော့၊ ဘာသံမှ ထပ်မကြားချင်ဘူးနော်"

ခဏစောင့်သော်လည်း ဘာအသံမှမကြားရတော့



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မေမေထွက်သွားသည့် ခြေသံကို ကြားရသည်။

လှုလှု လူးလွန့်ရုန်းကန်နေဆဲ…

ပြောခွင့်မရအောင် တားဆီးခံလိုက်ရသည့် နှုတ်ခမ်းအစုံမှစ၍ အနမ်းတို့သည် ဆင့်ကဲတိုးပွားကာ သူမတစ်ကိုယ်လုံးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ခြင်းပါ ခံရလေသည်။

တစ်သက်မှာ ပထမဆုံးရရှိခဲ့သော အနမ်းတို့က ရှည်ကြာလှစွာ…

❋ ❋ ❋





"ဖေကြီး မအိပ်သေးဘူးလားဟင်"

"ဩော်… သမီးကော မအိပ်သေးဘူးလား၊ ဖေကြီးက အလုပ်မပြီးသေးလို့"

"လှုလှု ဝိုင်းကူပေးမယ်"

"နေပါစေ သမီးရယ်၊ သွားအိပ်ချေပါ၊ ဒီည သားပြန်မအိပ်ဘူးဆိုလို့ သမီးတစ်ယောက်တည်း မနေတတ်ဖြစ်နေသလား၊ မကြည်ကို ခေါ်အိပ်ပါလား"

"ဟင့်အင်း… လှုလှု အိပ်ရဲပါတယ် ဖေကြီးရဲ့၊ မအိပ်ချင်သေးလို့ပါ"

ဒီညတော့ မွေ့ယာပေါ်မှာတက်ပြီး တစ်ယောက်တည်း လွတ်လွတ်လပ်လပ် အိပ်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုညက အတင်းဖက်၊ အတင်းနမ်းခံလိုက်ရတဲ့ အဖြစ်ဟာ ခုထိ ရင်တုန်ပန်းတုန် ဖြစ်ရတုန်း။

မုန့်ဖို့ကောင်းလိုက်တာ…

"ဟော… သမီး မအိပ်သေးဘူးလား၊ ဆယ်နာရီ တောင်ထိုးတော့မှာ"

"မအိပ်ချင်သေးလို့ မေမေနိုင်"

"ဟောဒီမှာ မကူပါနဲ့ဆိုတာ မရဘူး၊ စာရင်းတွေ ဝင်လုပ်နေတယ်ဗျ"

"ဒါဆို သားအဖနှစ်ယောက်စားဖို့ သီရိ တစ်ခုခု လုပ်ပေးရမှာပေါ့"

"မှင်အင်း… မလုပ်နဲ့ မေမေနိုင်၊ စားဖို့ဆို လှူလှူက ဝါသနာပါတယ်၊ စာရင်းခဏဖြတ်ပြီး ကိုယ့်ဟာကိုယ်လုပ်မှာ၊ မေမေနိုင် ဘာလိုချင်လို့လဲဟင်၊ လှူလှူ ဘာလုပ်ပေးရမလဲ"

ဒေါ်သီရိနိုင်က လှူလှူ့ပါးလေးကို ခပ်ဖွဖွ ဆွဲလိမ်၍ အနားမှာ ဝင်ထိုင်သည်။

"သမီးလေးက သိပ်ချစ်စရာကောင်းတာ… အလိုက်လည်း သိတယ်၊ သွက်လည်း သွက်တယ်၊ မြေးလေးဆိုရင်





စကားတတ်ပြီး ပိုတောင် ချစ်ဖို့ကောင်းဦးမယ်၊ ဟို… တားဆေးတွေ ဘာတွေ မစားနဲ့နော် သမီး၊ သားအသက်က နှစ်ဆယ့်ကိုးဆိုတော့ မငယ်တော့ဘူး၊ သားသမီး ယူသင့်ပြီ"

"ရှင်"

လှူလှူ မျက်နှာပူသွားသဖြင့် ခေါင်းလေးငုံ့ကျသွားသည်။ လင်မယားတော်ပေမယ့် တစ်အိပ်ရာတီ ကင်းကင်းနေကြတဲ့ဟာ၊ တားဆေးစားစရာလား။

"သားကိုလည်း ဟိုနေ့က ခွတ်ခေါ်ပြီး ကျန်းမာရေး စစ်ခိုင်းပြီးပြီ၊ အားလုံးကောင်းတယ်၊ နောက် နှစ်လ သုံးလကြာ လို့မှ ရင်သွေးမရရင်တော့ သမီးကိုပါ စစ်ရမှာပဲ"

"အို…"

"သီရိကလည်းကွာ၊ သမီး ရှက်နေပါမယ်၊ ခုမှ အိမ်ထောင်ကျတာ နှစ်လလောက်ပဲ ရှိသေးဘာ၊ ဆန္ဒမစောပါနဲ့"

"အစ်ကိုကလည်း သားအချစ် မြေးအနှစ်တဲ့၊ ကလေး ရှိတော့ အိမ်ထောင်ရေးလည်း ပိုအဆင်ပြေမယ်၊ သီရိတို့လည်း မြေးသံစာစာလေးနဲ့ ဘယ်လောက်စိုပြေလိုက်



www.burmeseclassic.com

www.burmeseclassic.com



မလဲ၊ သားကလည်း ချောတယ်၊ သမီးလေးကလည်း လှတယ်၊ သွက်တယ်၊ မြေးလေးဆို ဘာမှပြောစရာရှိမှာ မဟုတ်ဘူး၊ မကြောက်နဲ့နော် သမီး၊ ကိုယ်ဝန်ရှိလာရင် ယူရမယ်၊ သားသမီးဆိုတာ ရတနာပဲကွယ်''

မလွယ်ပါလား။

ခေါင်းသာညိတ်လိုက်ရသည်။ လူလူ ရင်မောမပြေ။

ဒီလိုစစ်ဆေးခဲ့ပြီးလို့ စိတ်တွေပြောင်းပြီး ဟိုနေ့က ကိုကို သူ့ကို အတင်းနမ်းခဲ့တာပေါ့။

ဒါပေမယ့် ဒီထက်မပိုခဲ့ပါချေ။

ဘာပဲဖြစ်ဖြစ် လူလူ ထိုအဖြစ်တို့ကို ကြောက်ပါသည်။ လက်ထပ်ပြီးကတည်းက မလွဲသာလို့ ရင်ဆိုင်ကြုံတွေ့လိုက်ရပြီးပြီဆိုလျှင် တစ်မျိုး…

ခုတော့ သူမစိတ်က အိမ်ထောင်သည်ဖြစ်ရမှာကို တကယ့်အစိမ်းသက်သက်ဖြစ်ကာ ဘယ်လိုမှကို ရင်မဆိုင်ချင်တာဖြစ်သည်။ ဒီလိုမျိုး ဘယ်လောက်ထိကြာကြာ သူမ လွတ်မြောက်နိုင်ပါမည်နည်း။

❋ ❋ ❋

သစ္စာမွန်စာပေ



မိုးခြိမ်းသံတွေ တဂျိမ်းဂျိမ်းကြားနေရသော်လည်း အနီးနားက မဟုတ်ဘဲ ဟိုးအဝေးကြီးကလိုဖြစ်ကာ သူမကိုယ်မှာတော့ နွေးထွေးနေသည်။

တဝေါဝေါ မိုးရွာသံက အပြင်မှာ လေရော မိုးပါ သည်းနေမှန်းသိသာပေ၏။

လူလူ မျက်လုံးတွေဖွင့်ကြည့်လိုက်တော့ အခန်းထဲမှာ မှောင်ကျလျက် ပြာလဲ့လဲ့မီးရောင်လေးသာ ရှိ၏။

သူမ အခန်းထဲမှာ ဘယ်နေ့ကမှ မီးပိတ်မအိပ်ခဲ့ပါ

''ဟင်''

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ကြည့်လိုက်တော့မှ သူမကိုယ်မှာ တိုင်းနိုင်ငံ ရင်ခွင်ကျယ်ထဲမှာ နစ်မြုပ်မွေးတွေးနေခဲ့သည်ကို သိလိုက်ရတော့သည်။

သူ…

သူ ညက ပြန်မလာတော့ဘူးဆိုပြီး ဘယ်တုန်းက ပြန်ရောက်နေတာလဲ။

သူမ တစ်ယောက်တည်းအိပ်တာပဲမို့ ညဝတ်ဂါဝန်တစ်ထွာစည်းနှင့် လွတ်လွတ်လပ်လပ် အိပ်နေခဲ့မိတာ…

ဘုရား ဘုရား…

လှုပ်ကြည့်တော့ နည်းနည်းလေးမှမရ။ စောင်တစ်ထည်တည်းမှာ နှစ်ယောက်အတူ တိုင်းနိုင်ငံရဲ့လက်မောင်း တစ်ဖက်က သူမခေါင်းအောက်မှာရှိကာ တစ်ဖက်က သူမကိုယ်ကို ခါးကလေးမှ သိမ်းပွေ့ထားသည်။

ဘယ်အချိန်ရှိပြီလဲ။ မိုးမလင်းသေးတာတော့ သေချာသည်။

လူလူ မိုးသံ လေသံနဲ့ မိုးသက်လေပွေ့တို့ကြားမှာ ချော့ပြန်နေလေသည်။ ဒီရင်ခွင်ထဲက သူမ ဘယ်လိုရုန်းထွက်ရ





မည်နည်း။

သူ အိပ်ပျော်နေသည်သာ ဖြစ်သည်။

ဘယ်လိုပဲလှုပ်ကြည့်ကြည့် မရ။

သေလိုက်စမ်း မိလူလူ…

ကိုယ့်ကို ဒီလောက်ပွေ့ဖက်ခံထားရတာတောင် မသိခဲ့တာ သေလိုက်တော့။

မတတ်နိုင်…

ဒီအတိုင်းကြီးဖြင့် သူမ မနေနိုင်ပါ။

သူ့လက်တွေကို ဖယ်ချဖို့ ကြိုးစားနေဆဲ…

"လှုပ်လှုပ်ရွရွနဲ့ ဘယ်လိုဖြစ်နေတာလဲ"

သူမ တွန်းချထားသည့်လက်က ဟောင်းခနဲ ပြန်ဖက်လိုက်သဖြင့် လူလူ လန့်သွားကာ အကြောက်အကန် ရုန်းမိတော့သည်။

"ဟာ… ဘာဖြစ်တာလဲ"

"ဟင့်အင်း… ဟင့်အင်း… လူလူ ဒီမှာမအိပ်ဘူး"

"မအိပ်လို့မရဘူး၊ နောက်လည်း ဒီမှာပဲ အိပ်ရမယ်"

"ကိုကိုနော်… အရင်လိုပဲနေမယ် ဖယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်တိတ်နေကွာ"

"အို… သွား… ဖယ်အင်း"

လှလှ တွန်းထိုးဖြင်းဆန်ရင်းမဲ့ ကျရှုံးလေသည်။

ညသည် ရင်ခုန်သံများနှင့် လုံးထွေးသတ်ပုတ်ရင်း အရှုံးပေးလိုက်ရသော သူမအဖြစ်ကို ဥပေက္ခာတရားများနှင့် တိတ်ဆိတ်စွာ ကျောခိုင်းနေသည်တကား။

❋ ❋ ❋





"လှလှ ဒီကိုခဏ"

ညဘက်ဆို လှလှ ဆံပင်တွေကို ရှင်းနေအောင်ဖြီး၍ ဖြန့်ချထားတတ်သည်။ ခေါင်းဖြီးလက်စနှင့် သူ့အလုပ်လုပ်နေသည့် စားပွဲဆီ လျှောက်သွားတော့ မျက်မှောင်ကုတ်၍ မော့ကြည့်၏။

"ဆံပင်တွေက ဘာဖြစ်လို့ အချိန်မရွေးကိုင်နေတာလဲကွ၊ ဆံပင်မွေးတွေ ဟိုကျ ဒီကျနဲ့ ကိုယ်မကြိုက်ဘူး"

"ဆံပင်မွေးတွေ ဟိုကျ ဒီကျ ကျရအောင် ဒီက အသက်ရှစ်ဆယ်ကျော် အဖွားကြီးမှမဟုတ်တာ၊ ကြည့်လိုက်… ဆံပင်တစ်ချောင်းတွေ့ရင် ဒူးထောက်တောင်းပန်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒူးထောက်တောင်းပန်တာကို ဘာလုပ်ရမှာလဲ၊ မှားပြီးမှဖန်ခံတာ ဘယ်သူ့မှာမှ အကျိုးမရှိဘူး၊ ပြီးအောင် သွားလုပ်ခဲ့၊ ဒီမှာ ခိုင်းစရာရှိလို့"

"ပြီးနေပြီ၊ ဘာလုပ်ရမှာလဲ"

ဘီးကို စားပွဲပေါ်မှာချကာ လူလူက ဘေးခုံမှာ ဝင်ထိုင် လိုက်၏။

"ဒါ ဘီးထားတဲ့နေရာလား"

"သွားတော့ ပြန်ယူသွားမှာပေါ့"

လူလူက ဘီးကိုယူ၍ ခေါင်းမှာ ပြန်စိုက်ထားလိုက် သည်။

ပျော့နွဲ့ဖြောင့်စင်းနေသော ဆံပင်ရှည်တွေက ဘီးကို ငြိတွယ်မထားနိုင်ခဲ့ဘဲ လျှောခနဲ ပြုတ်ကျ၏။

လူလူက လှမ်းကောက်ပြီး ခေါင်းမှာ ပြန်စိုက်ဖို့ ပြင်လျှင် တိုင်းနိုင်ငံက လက်ကို ဖမ်းဆွဲလိုက်ကာ

"မင်း တော်တော်ဖရိုဖရဲလုပ်တတ်တဲ့ မိန်းကလေး ပါလား၊ သွား သွား… ဘာမှလုပ်မပေးနဲ့တော့"

"ဘယ်လိုဖြစ်နေတာလဲ သားရယ်၊ သမီးက မလိမ္မာ





တာ ပြောပြမှပေါ့၊ သားက မာန်မဲနေတော့ တစ်ဖက်ကလည်း ဘယ်ခံချင်မလဲ၊ ပေး သမီး ဘီး မေမေ့ကို၊ ကိုကိုနဲ့ကူလိုက် ဟုတ်လား"

ကူစေချင်လို့ မဟုတ်ပေမယ့် နှစ်ယောက်ပြောဆို ပြေလည်စေချင်လို့ ဒေါ်သိရီနိုင်က လူလူ့လက်ထဲကဘီးကို ပြောင်းယူလိုက်သည်။

"သားရေ… မေမေတို့ ညစ်ခံပွဲတစ်ခု သွားရမယ်၊ ကိုးနာရီလောက်မှရောက်မယ် သိလား"

"ဟုတ်ကဲ့ မေမေ"

လူလူက ရေခဲသေတ္တာထဲက အချိုရည်တစ်ဗူး သွားယူပြီးမှ စားပွဲမှာ ထိုင်သည်။

"ဘာလုပ်ပေးရမှာလဲ"

အချိုရည်ဗူးမှာ ပိုက်တပ်စုပ်နေသည့် လူလူ့ကို တိုင်း နိုင်ငံက စိုက်ကြည့်၍ စကားပြောရမှာပင် စိတ်ပျက်သလိုကြီး ရှိ၏။

"တီ… တီ…"

စားပွဲပေါ်က ဖုန်းက မြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းနိုင်ငံ ကောက်ယူလိုက်၏။

"ဟဲလို..."

"... ..."

"ဟုတ်ပါတယ် ကျွန်တော်ပါ"

"... ..."

"ဟုတ်ကဲ့၊ သွားဖြစ်မှာပါ၊ ဘယ်နေ့ဆိုတာတော့ ကျွန်တော်လည်း မသိဘူး"

"... ..."

"အင်း... ဆက်ကြည့်လေ၊ ဟုတ်တယ်၊ ကျွန်တော် တစ်ယောက်တည်းပဲ"

"... ..."

"ပြန်ဖို့ရက်က ဟိုမှာ အခြေအနေအရ သတ်မှတ်မှာပါ၊ အဲ... အဲဒါပြောလို့မရဘူး"

သူ ဖုန်းကိုင်နေဆဲ နောက်ထပ်ဖုန်းတစ်လုံးက မြည်လာပြန်သည်။ လူလူ ကောက်ကိုင်၍ နားထောင်သည်။

"ရှိတယ်၊ ခဏလေး..."

သူပြီးတဲ့အထိစောင့်၍ ကိုင်ထားပေးသည်။





"ဟဲလို"

"... ..."

ဖုန်းတစ်လုံးချပြီး တစ်လုံးကိုင်ရတာကို တိုင်းနိုင်ငံ စိတ် ရှုပ်ပုံမပေါ်။

"သွားဖြစ်တယ်၊ ဘယ်နေ့လဲတော့ မသိသေးဘူး"

"... ..."

"အဲဒါ မသိဘူးဗျာ၊ ခရီးစဉ်ကို ဖေဖေ ဦးဆောင်စီစဉ်နေတာ၊ သိချင်တာတွေ ဖေဖေ့ကို မေးလို့ရတယ်"

"... ..."

"အင်း... ကျွန်တော် တစ်ယောက်ပဲ၊ အဲဒါကတော့ ဖြစ်မှာ မဟုတ်ဘူး၊ ကျွန်တော်က ကုန်သွယ်ရေးလမ်းကြောင်းထဲက ဝင်မှာမဟုတ်ဘူး၊ အရေးကြီးလို့ ဆက်သွယ်ရေးဘက်က ဖောက်ဝင်ရမှာ၊ ဘယ်သူမှပါလို့မရဘူး"

"... ..."

"ဆောရီး... တကယ်မဖြစ်နိုင်လို့ပါ"

ဖုန်းချပြီးသည်နှင့် ကွန်ပျူတာခုံဘက် သူက တိုးထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိစ္စ ပြီးပြီလား"

"ဘာလဲ"

"သောက်တဲ့စားတဲ့ကိစ္စ"

"ပြီးပြီ"

လူလူက အချိုရည်ဗူးကို ဘေးရွှေ့ထားလိုက်ပြီး ခုံမှာ မတ်မတ်လေး ပြင်ထိုင်လိုက်သည်။

"အဲဒီအထပ်ထဲမှာ စက်ဘူတာဆိပ်ပါတဲ့ ladger ရှိတယ်၊ ဆွဲထုတ်လိုက်"

လူလူက သူပြောသလို ရွေးထုတ်ယူလိုက်၏။

သူက ကွန်ပျူတာရိုက်နေရင်း တစ်ချက်ပြန်ကြည့်ကာ

"စာမျက်နှာခြောက်မှာ ခေါက်ညှပ်ထားတဲ့ စာရွက်ရှိမယ်၊ အဲဒါကို ဖြန့်၊ စာရင်းကို သေချာစစ်ပြီး ladger ရဲ့ ကျောဘက်မှာ အားလုံးပြန်ထည့်ရမှာ၊ ထည့်ပြီးမှ ပြင်ဆင်ရာ မရှိရဘူး၊ သေချာ စစ်"

"ဟုတ်"

လူလူ ဒီလုပ်ငန်းတွေနဲ့ မစိမ်းသက်ပါ။

ဖေဖေနဲ့ ကိုကြီး နှစ်ယောက်နားမှာ ဟိုဝါ ဒီပါ





ဝင်ကူနေကျ။

သူမကိုယ်တိုင်က သူများအလုပ်ရှုပ်နေတာမြင်လျှင် ဝင်ကူချင်စိတ်ဖြစ်လာတာ ဘယ်သူတိုက်တွန်းလို့မှ မဟုတ်ပေ။

စာရင်းစစ်နေပုံ၊ ပေါင်းနှုတ်ဖြတ်ချသွားပုံ၊ လူလူ လုပ်နေသမျှကို တိုင်းနိုင်ငံ ခဏခဏ လှမ်းကြည့်သည်။

ဘယ်ဆိုးလို့လဲ...

အထင်ကြီးစိတ်လေး နည်းနည်းဝင်၏။

သို့သော် အလယ်ခွဲဖြန့်ချထားသော ဆံမြိတ်တို့ မရှိသည့် ဆံပင်ရှည်တွေက မျက်နှာပေါ် မကြာခဏရစ်ကျ သွားလိုက်၊ ခေါင်းခါထုတ်လိုက်၊ လက်နဲ့သပ်တင်လိုက် အလုပ်ရှုပ်နေတာ ကြည့်လို့ မကောင်း။

"မင်းဆံပင်တွေ သွားရှင်းလိုက်ပါလား"

"ရှင်းထားတာပဲ"

"မဟုတ်ဘူး၊ ကလစ်နဲ့ဖြစ်ဖြစ် သွားသိမ်းလိုက်ပါ"

"ရတယ်"

လူလူက ဆံပင်ကိုကိုင်လိုက်၊ စာရွက်နဲ့ စာအုပ်တွေ ဟိုရွှေ့၊ ဒီတွန်း၊ အအေးဘူးကူ အတိုးအတိုက်ခံရတာက



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားလေသည်။

"အယ်…"

"ဟာ…သွားပြီ"

စာအုပ်တွေပေါ် အချိုရည်တွေ မှောက်ကျကုန်လေသည်။

တိုင်းနိုင်ငံ ဝှန်းခနဲ ထရပ်ကာ စာအုပ်တွေကို ဆွဲဖယ်ခါချလိုက်၏။

သို့သော် အနီရောင်အရည်တွေ ပိုစွန်းထင်းကုန်သည်က မရတော့ပေ။

"တောက်…"

လူလူ မျက်နှာလေးငယ်ကျသွားသည်ကို သူ စားမတတ် ဝါးမတတ် ကြည့်၏။

"မင်းတွေလား… အဲဒါ စည်းကမ်းမရှိတဲ့ ရလဒ်ပဲ၊ အလုပ်က တစ်ဖက်၊ အစားကတစ်ဖက်၊ ဘယ်အချိန် ဘယ်နေရာဖြစ်ဖြစ် အချိုးက မပြေဘူး၊ အပြစ်တင်စကားပြောရင် ခံအောင်သေးတယ်"

"ခတော်တာဆ ဖြစ်တာပဲ ကိုကိုရဲ့၊ ဘယ်သူက တမင်





လုပ်မှာလဲ"

"တမင် လုပ်ကြည့်ပါလား၊ နားရင်းအုပ်ပစ်လိုက်မှာပေါ့"

"တမင်မလုပ်မှန်းသိရင် မဆူနဲ့လေ၊ မတော်တဆဆိုတာ လူတိုင်းရှိတာပဲ"

"ရှိတတ်တာကို သတိထားရမှာပေါ့ကွ၊ မတော်တဆဆိုတာ ပြင်ဆင်လို့ရတာ ရှိတယ်၊ ပြင်လို့ကို မရတော့တာ ရှိတယ်၊ တမင်လုပ်တာ မဟုတ်လို့ ပိုသတိထားရမှာ၊ ဘယ်လောက်ထိ စွန်းထင်းများယွင်းနိုင်မလဲဆိုတာ တိုင်းဆထားတာ မရှိလို့ ပိုထိန်းသင့်တာ၊ မင်းလိုပုံစံမျိုးနဲ့ ဒီလို မတော်တဆတွေ ခဏခဏဖြစ်နေဦးမှာပဲ၊ ပြောတာဆိုတာကို နာခံတာမှ မဟုတ်တာ…"

"လူလူကလည်း စေတနာနဲ့ လုပ်ပေးတာပဲ၊ နင်ပဲဆဲ ပြောနေတာကို မခံနိုင်ပါဘူး၊ ဘယ်လောက်ထိ စွန်းထင်းသွားလဲ၊ ပေး…လူလူအားလုံး ပြန်ကူးပေးမယ်"

"ဟ…မင်းပြောလေ ကဲလေပါလား၊ ဒီမှာ တံဆိပ်တွေ လက်မှတ်တွေနဲ့ မင်းဘယ်လို ပြန်ပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လူလူ မျက်ရည်တွေ ရစ်ဝိုင်းလာသည်။

တိုင်းနိုင်ကော့ အပြင်းစား အက်ဆစ်များနဲ့ ပက်သလို စူးစူးဝါးဝါးကြည့်၍ ချာခနဲ လှည့်ထွက်ခဲ့လေသည်။

ဒရင်းဘတ်ပေါ်မှာ ဝုန်းခနဲပစ်ထိုင်ချကာ ဖါအင့်အင့် ရှိုက်ငိုမိ၏။

ဒီလူကြီးနဲ့ လက်ထပ်ပြီးကတည်းက အဆူခံရ၊ အအော်ခံရ၊ မျက်နှာချင်းဆိုင်လိုက်သည်နှင့် အမြဲတမ်း အလို မကျဖြစ်နေသည့် မျက်နှာကြီးက ပျော့ပျော့ပျောင်းပျောင်းရယ်လို တယ်သောခါမှ မရှိ။

စားပွဲမှာ စိတ်ပျက်လက်ပျက် ပြန်ထိုင်လိုက်စဉ် ဖုန်းမြည်လာပြန်သဖြင့် သူ အတော်ကြီး ဆူညံနေမှ ကောက်ကိုင်ဖြစ်သည်။

"ဟလို"

"ကိုတိုင်းလား၊ ကျွန်တော် လှရည်အောင်ပါ၊ ညီမလေး အိမ်ပြီလား၊ ခဏလောက် စကားပြောချင်လို့"

တိုင်းနိုင်ငံ အခန်းဆီကို လှမ်းကြည့်လိုက်သေးသည်။ ပြီးမှ…





"အိမ်ပြီထင်တယ်၊ ကိုလှရည်အောင် အရေးတကြီး မှာချင်မှာခဲ့လေ၊ မနက်ကျတော့ ကျွန်တော်ပြောလိုက်မယ်"

"အေးဗျာ… ညီမလေးကို တွေ့ချင်လို့ပါ၊ အရေး တော့မကြီးပါဘူး၊ ကျွန်တော် သင်္ဘောလိုက်ရဖို့ သေချာ သွားပြီလေ၊ ဒီအပတ်ထဲ ထွက်ဖြစ်မှာ၊ အဲဒါ ညီမလေးနဲ့ အေးအေးဆေးဆေးတွေ့သွားချင်လို့"

"ဪ… အင်း… ပြောလိုက်ပါ့မယ်၊ မနက်ဖြန် သူ ကျောင်းပိတ်တာပဲ၊ လာမှာပါ၊ ဘာမှာစရာရှိသေးလဲ"

"ဒါပါပဲ… ကျေးဇူးနော်"

ဖုန်းချသွားတော့ သူ အကြာကြီးထိုင်နေမိသေးသည်။

ပြီးမှ စွန်းထင်းကုန်သည့် စာရွက်စာတမ်းတွေကို ရွေးထုတ်ဖယ်ချ ပြန်ရိုက်လို့ရတာကို ရိုက်နှင့် ဒေါ်သီရိနိုင်တို့ ပြန်လာပြီး အသီးသီး အိပ်ရာဝင်ကုန်တဲ့အထိ သူ မထဖြစ် သေး။

"ကိုကိုလေး… သံပုရာရည်"

မကြည်က သူသောက်နေကျ သံပုရာရည်ကို တစ်ဖက်တ ရှိုးကေ့စ်ပေါ်မှာ တရိုတသေ တင်ထားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း သူ့ မသောက်ဖြစ်ပေ။

ဆယ့်တစ်နာရီထိုးတော့ သူ အလုပ်တွေကို လက်စသတ်၏။ အခန်းထဲရောက်တော့ လူလူ ဒရင်းဘတ်ပေါ်မှာ ခွေခွေခေါက်ခေါက်လေး အိပ်ပျော်နေတာ တွေ့၏။

ခါးစည်းပါသည့် ပန်းနုရောင်ဂါဝန်ရှည်ကြီးထဲမှာ ခြေဖျားလေးတွေပါထည့်ကာ လက်ပိုက်ထားသဖြင့် ဆံပင်ရှည်ကြီးတွေသာ ခွေပိုက်ကျမနေလျှင် ပန်းနုရောင်ပိုးစလေးတစ်စ မုံချထားသလို နုဖတ် အိစက်နေလေသည်။

သူ လေအေးစက်ကို သွားပိတ်ကာ လူလူ့ကိုယ်လေးကို ဖွဖွလေး ပွေ့ယူလိုက်သည်။

ပြီးတော့ မွေ့ယာပေါ်မှာ ညင်သာစွာချ၍ ဘေးမှာ တင်ပါးလွှဲထိုင်လိုက်ရင်း လူလူ့မျက်နှာလေးပေါ်က ဆံစတွေကို တယုတယ ဖယ်ရှားပေးမိ၏။

မျက်ရည်စလေးတွေ ခိုကပ်နေဆဲဖြစ်သည့် မျက်တောင်ရှည်ကြီးများကို သူ တို့ထိ၍ ပါးပြင်မို့မို့လေးကိုပါ ပွတ်သပ်မိပြန်သည်။

ပန်းရင့်ရောင် စိုအိနေသည့် နှုတ်ခမ်းလေးတွေကို





ကြည့်မိစဉ် သူ့စိတ်တွေ ဘယ်လိုဖြစ်ကုန်သည် မသိ။

နှုတ်ခမ်းသားလေးတွေကို မက်မောစွာ နမ်းလိုက်မိသည်။ ထို့နောက် မေးဖျား၊ လည်တိုင်တွေအဆုံး ထိသည်ဆိုရုံလေး ထိလျက်...

နိုးသွားမှာလည်း စိုးကာ အနမ်းသူခိုးအဖြစ် ရင်တို့က လှုပ်ခတ်ဆော့ကစားနေလေသည်။

ဒီကောင်မလေး နိုးသွားလျှင် ခုလို ငြိမ်ငြိမ်လေး နေပေးမှာ မဟုတ်။ နောက်ဆုံး သူ မျက်တောင်ကော့ကော့လေးတွေကို ငုံ့နမ်း၍ စောင်ခြုံပေးလိုက်သည်။

သူ အိပ်ရာပေါ်ချသိပ်လိုက်ကတည်းက လူလူ နိုးနေခဲ့တာ ဖြစ်သည်။

နမ်းပြီဆို နှုတ်ခမ်းနဲ့ ပွတ်တိုက်နမ်းတတ်သည့် သူ့ထံမှ တယုတယနမ်းရှိုက်ခြင်းများကို သာယာသလိုဖြစ်လျက် သာသာလေး ငြိမ်နေခဲ့သော်လည်း ရင်တွေက ခုန်နေ၏။

ဟွန်း... အလကား လူကြီး။

ဆုပြီး အော်ပြီးပြီဆို ချော့မော့နစ်သိမ့်တာမျိုး ဘယ်သောခါမှ မရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ခိုးနမ်းတာက ဒါ ပထမဆုံးဖြစ်သည်။

သူများကို လူမသိ သူမသိ ခိုးနမ်းပြီးတော့ မနက်ကျတော့ သူပဲမဟုတ်သလိုလို မျက်နှာရှုစ်ခေါက်ချိုးနဲ့ နေလိမ့်မည်။

အချောခံခဲ့ရမြဲဖြစ်သည့် ကိုယ့်ဘက်က အနိုင်ရမှုကို သူ့ဆီက လူလူ လိုချင်သည်။

အိပ်မောကျပြီထင်ကာမှ ခိုးနမ်းကာ၊ ယုယတာ ဘာလုပ်မှာလဲ။

သွား… သွား… မခြုံဘူး။

သူထွက်သွားသည့် အခန်းတံခါးဝကို လှမ်းကြည့်ကာ စောင်တွေကို အကုန်ကန်ချပစ်လိုက်သည်။

ဒါတောင် အားမရဘဲ ခုတင်အောက်ထိကျသွားအောင် တွန်းချပစ်ကာ မွေ့ယာခင်းကို ခေါက်ချိုးပြန်ယူ၍ ခြုံအိပ်လိုက်သည်။

မှတ်ထား…

ရေချိုးပြီး တိုင်းနိုင်ငံ ပြန်ဝင်လာတော့ စောင်တွေ အောက်ကျနေသည့်အဖြစ်ကိုမြင်ကာ ခုတင်များကို ချက်ချင်းရောက်လာသည်။





မွေ့ယာခင်းကို ပြန်ခြုံအိပ်နေသည့် လူလူ့ကို သေချာကြည့်၍ ကလေးဆန်လွန်းတာကို ဒေါသလည်းဖြစ်၊ ပြုံးလည်းပြုံးမိကာ..

"မင်း အဲလောက်ထိ ဆိုးတယ်ပေါ့၊ ရတယ်… ဒါကြီးလည်း မခြုံနဲ့"

"အား… ကိုကို"

မွေ့ယာခင်းကိုပါ ဆွဲဖယ်ကာ သူမနားမှာ အိခနဲ ယှဲချလိုက်သဖြင့် အိပ်ချင်ယောင်ဆောင်နေသော လူလူ လန့်ဖျန့်ထလိုက်မိလေသည်။

တိုင်းနိုင်ငံက လူလူ့ကို ခါးကနေဆွဲပွေ့ကာ သူ့ရင်ဘတ်ပေါ် တင်လိုက်သည်။

"ဆော်တော်ဆိုးတဲ့ ကောင်မလေး၊ မင်းကို ဒဏ်ခတ်ရမယ်"

"ဘာလဲ မသိဘူး၊ သွား… သူများကို မျက်ရည်ကျအောင် ဆူပူထားပြီးတော့ စောင်လေးခြုံပေးပြီး ဖြေဆေးမထိုးနဲ့ မရဘူး"

တိုင်းနိုင်ငံက လူလူ့ကျောပြင်လေးကို လှုပ်မရအောင်



www.burmeseclassic.com

www.burmeseclassic.com



သိုင်းဖက်ထား၍

"စောင်ခြုံပေးတာ နောက်မှပါကွာ၊ ကိုယ် ဘာတွေ လုပ်သေးလဲ သိတယ် မဟုတ်လား"

"မသိဘူး"

"မသိရင် ထပ်ပြမယ်"

"မပြနဲ့ ... မပြနဲ့တော့"

စုထွေးအိစက်နေသည့် မိန်းမလှလေးကို ပွေ့ဖက်နမ်းရှိုက်ရင်း တိုင်းနိုင်ငံ ရင်ခုန်တတ်နေပြီ။

ကိုယ်ရင်ခုန်သလောက်အောင် မင်း သိပ်လှတယ် လှုလှု။ မင်းရဲ့အလှမှာ ကိုယ် ကျရှုံးရတော့မယ် ထင်တယ်။

❋ ❋ ❋





"လှုလှုက ဘယ်သွားတာလဲ မေမေ"

"သူ့သူငယ်ချင်းအိမ်ကို သွားမလို့တဲ့၊ အပြန် သူ့အစ်ကိုဆီကိုပါ ဝင်မှာတဲ့၊ နောက်ကျမယ်လို့ မေမေ့ကို သေချာပြောသွားပါတယ်"

"နောက်ကျမယ်လို့ ပြောသွားတာနဲ့ ဒီလို နေချင်တိုင်း နေလို့ရမလား မေမေ၊ ရှစ်နာရီထိုးတော့မယ်"

တိုင်းနိုင်ငံ ဖုန်းကောက်ဆက်သည်။

"ဟလို ... ကျွန်တော် တိုင်းနိုင်ငံပါ"

"သားလား ... ဘာကိစ္စရှိလို့လဲ သား"

"လှုလှု အဲဒီမှာရှိလား အမေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း… မရှိဘူး သား၊ မနက်ပိုင်းကလာတယ်လေ၊ သူ့အစ်ကိုတွေနဲ့ ဈေးဖွေ ဘာတွေတောင် ထွက်ကြသေးတယ်"

"ဘယ်အချိန်ပြန်သွားတာလဲ"

"သားတို့ ဆယ့်တစ်နာရီလောက် ပြန်လာကြတယ်၊ သမီးက မျိုးမျိုးတို့ဆီသွားမလို့လို့ ပြောသွားတယ်တဲ့၊ နွယ်နွယ်လည်း ပါသွားတယ်၊ ခုထိ ပြန်မရောက်သေးဘူးလား"

"မရောက်သေးဘူး အမေ၊ မျိုးမျိုးဆိုတာ ဘယ်မှာနေတာလဲ"

"အဲဒါ အမေ မမေးလိုက်မိဘူး သားရယ်၊ မျိုးမျိုးက မိဘသဘောမတူတဲ့ ကောင်လေးတစ်ယောက်နဲ့ လက်ထပ်သွားပြီး မိဘတွေမသိအောင် ပုန်းနေတာဆိုတော့ မြို့ပေါ်မှာပဲလား၊ ဆင်ခြေဖုံးရပ်ကွက်တစ်ခုခုမှာပဲလား မသိဘူး၊ သားကို ဘာမှ ပြောမသွားဘူးလား"

"သွားမယ်လို့တော့ ပြောသွားတယ်၊ ခုထိ ပြန်မရောက်သေးလို့"

ဖုန်းဆက်ရင်း ပျက်နေသည့် သားမျက်နှာကို လှမ်း





ကြည့်ကာ ဒေါ်သီရိနိုင် သက်ပြင်းချမိလေသည်။

"ပြန်လာမှာပေါ့ သားရယ်၊ သား ရေချိုးလိုက်ဦး၊ မေမေ ထမင်းပြင်ခိုင်းလိုက်မယ်၊ သမီးပြန်လာမှာနဲ့ အတော်ပါပဲ"

"မချိုးသေးဘူး မေမေ၊ ဒီကောင်မလေး အဲသလို အတားအဆီးမရှိ လွတ်လွတ်လပ်လပ် သွားလာနေချင်တာကိုက အချိုးမပြေတာ"

"သားရယ်… သူ အမြဲသွားလာနေတာမှ မဟုတ်တာ"

"တစ်ခါတလေလည်း ဒီလိုအချိန်လင့်အောင် မနေသင့်ဘူး မေမေ၊ အဲဒါ ကျွန်တော့်ကို သက်သက်ဂရုမစိုက်ပြတာ"

သူတို့ပြောဆိုနေကြတုန်း လူလူ ကားတစ်စီးနဲ့ ပြန်ရောက်လာသည်။

"မေမေနိုင်"

တက်လာပြီဆိုကတည်းက ဒေါ်သီရိနိုင်ဆီကို တန်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"လူလူ သူငယ်ချင်းအိမ်ရှာရင်း နောက်ကျသွားတာ၊ သူတလေ သူ့အမေက အမွေဖြတ်ထားတော့ ဆင်းရဲတဲ့ ရပ်ကွက်လေးထဲမှာ ဖြစ်သလိုနေရတာ၊ အဲဒါ သူကျောင်း ပြန်တက်ဖို့ လူလူတို့ကလည်း ကူညီမယ်လို့ ပြောဆိုတိုင်ပင် ကြရင်း နောက်ကျသွားတာပါ"

"ဒီမှာ... ခင်ဗျားမျက်နှာကို ဒီဘက်ကိုလှည့်ပြော၊ ခင်ဗျားယောက်ျားက ဒီမှာ"

"မေမေနိုင့်ကို ပြောရမှာပေါ့၊ လူလူက မေမေနိုင်ကို ပြောသွားတာဥစ္စာ၊ ပြောတုန်းက ကိုကိုမှ မရှိဘဲ"

"တင်းတောင်... တင်းတောင်"

လူခေါ်ဘဲလ်သံနှင့်အတူ...

"မေမေကြီးရှင့်... အပြင်မှာ ဧည့်သည်ရောက်နေပါ တယ်"

ဒေါ်သီရိနိုင် အိမ်ရှေ့ကို လှမ်းကြည့်စဉ် တိုင်းနိုင်က လူလူ့လက်ကလေးကို ဆွဲချသွားကာ အခန်းထဲထည့်ပိတ်လိုက် သည်။

"ကဲ... အခု ငါရှိနေပြီ၊ ပြောစမ်းပါ၊ မင်းရဲ့ခရီးစဉ်





ကို..."

လူလူက လက်ထဲက ပိုက်ဆံအိတ်လေးကို မွှေ့ယာ ပေါ် ပစ်တင်လိုက်ကာ

"ကိုကြီးတို့ဆီ ဝင်တယ်၊ ပလာဇာကို သွားတယ်၊ ပြီးတော့ သာယာကုန်းကို သွားတယ်"

"ဘာ... ဘာပြောတယ်၊ သာယာကုန်းကို ဟုတ် လား"

"ဟုတ်တယ်"

"ဒီလောက်ထိ မင်းသွားခဲ့တာကို ဘာဖြစ်လို့ ဟိုနား ဒီနားလိုလို ပုံစံမျိုးနဲ့ ထွက်သွားတာလဲ၊ ဒီအချိန်ထိကြာမယ် ဆိုတာ သိလျက်နဲ့ ဘယ်ရောက်နေတယ်၊ ဘယ်မှာလာကြိုပါ၊ ဘာဖြစ်လို့ ဖုန်းမဆက်တာလဲ"

"လူလူ အဲဒီလိုဒုက္ခမပေးဘဲ ကိုယ့်လမ်းကိုယ်သွားတာ တောင် ကိုကို ဒီလောက်ဖြစ်နေတာ၊ လာကြိုပါ၊ ပို့ပေးပါနဲ့ ခိုင်းမိရင် ကိုကို ဘယ်လောက်ထိဒေါသထွက်မလဲ၊ ကိုယ့်ဟာ ကိုယ် ပြန်တွေးကြည့်ပေါ့၊ လူကို ဘယ်တုန်းက အကောင်းမြင် ဝါဒနဲ့ ကြည့်ဖူးလို့လဲ၊ ဘာလုပ်လုပ်၊ ဘယ်သွားသွား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြောနေတာပဲ၊ စိတ်ညစ်တယ် သိလား”

“စိတ်ညစ်တယ် ဟုတ်လား၊ မင်းက ကြောက်ရမယ့်သူမရှိဘဲ ထင်တိုင်းလွှတ်နေတဲ့ မိန်းကလေးပဲ၊ ပြောမယ့်တားမယ့်သူရှိတော့ စိတ်ညစ်မှာပေါ့”

“ကိုကိုနော်… လူကို မစော်ကားနဲ့”

“စော်ကားတာ မဟုတ်ဘူး၊ ငါသိတာကို ပြောတာ၊ မင်းကို ငါမြင်ခဲ့သမျှ အပေါင်းအသင်းနဲ့ ဟေးလား ဝါးလား ဗရုတ်ဗရုတ်ချည်းပဲ၊ အဲဒီအပေါင်းအသင်းတွေနဲ့ သွားတာလာတာ ငါ လုံးဝမကြိုက်ဘူး”

“မကြိုက်လည်းသွားမှာပဲ၊ အလကားသွားတာ မဟုတ်ဘူး၊ အကျိုးအကြောင်းနဲ့သွားတာ၊ ကိစ္စရှိလို့သွားတာ၊ လူလူ့ကို ထင်တိုင်းလွှတ်နေတဲ့ မိန်းကလေးလို့ပြောခဲ့တဲ့အတွက် မိုသွားမယ်”

“သွားကြည့်လိုက်လေ”

“အား”

ပခုံးကနေ ကိုင်၍ဆောင့်ခါပစ်လိုက်သဖြင့် လူလူ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။ ပခုံးနှစ်ဖက်ထဲမှာ အောင့်





မျက်သွားသည်။

လူလူ သူ့ရင်ခွင်ဘက်ကြီးကို လက်သီးဆုပ်ကလေးများနဲ့ အားကုန်ထုရိုက်ပစ်သည်။

မျက်ရည်စက်တွေ မိုးသည်းသလို သွန်ကျလာ၏။

တိုင်းနိုင် လူလူ့လက်ကလေးကို မရအရ ဆွဲချုပ်ကာ တစ်ကိုယ်လုံးကို ရင်ခွင်ထဲသွင်း၍ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်၏။

“ဆောရီးကွာ… ကိုယ် စကားပြောမှားသွားတယ်၊ တောင်းပန်ပါတယ်”

“မတောင်းပန်နဲ့၊ မကျေနပ်ဘူး၊ ရှင်… လွှတ်နော်”

“မလွှတ်နိုင်ဘူး”

သူ လူလူ့မျက်နှာလေးကို မော့ယူကာ မျက်ရည်တွေကို သုတ်ပေးသည်။

တသွင်သွင်ဆင်းကျနေသည့် မျက်ရည်တွေကို သုတ်ပေးလို့ မနိုင်တော့ ပါးချင်းကပ်၍ ပွတ်တိုက်ပေးလေသည်။

“ကလေးကို မုန့်ပေးကြိုက်ရသလိုပဲကွာ၊ မျက်စိအောက်မှာ ရှိရှိ မရှိရှိ ပူနေရတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ညင်သာသွားပြန်သော သူ့စကားသံများထဲမှာ ချစ်တာ မေတ္တာဆိုတာမပါပေမယ့် လူလူ ဒေါသစိတ်လေးတွေ ငြိမ်သက်သွားခဲ့လေသည်။

သို့သော် သူ့ရင်ခွင်ထဲမှာ မျက်နှာလေးကပ်၍ ငိုနေမိ ဆဲ…။

❋ ❋ ❋





ကျောင်းထဲက ထွက်လာသမျှ မိန်းကလေးအတွဲတွေ ထဲမှာ လူလူ မပါသေး။

နွယ်နွယ်ဆိုတာလေးလည်း မတွေ့။

မိန်းကလေးတွေ ကုန်သလောက်ရှိတော့ သူ ငြိမ်ငြိမ် လေး ထိုင်မနေနိုင်တော့ပေ။ ဆေးမှုန်တစ်ချပ်ချကာ ကျောင်း ဝန်းထဲကို သေချာကြည့်မိသည်။

ဒီနေ့ကျမှ လူလူ့ကို ဝင်ကြိုဖို့စိတ်ကူးနှင့် အလုပ် ကိစ္စတွေကို ဖြတ်ကာ အိမ်ကကားအကြိုမလွှတ်ဖို့ပါ ဖုန်းဆက် ထားခဲ့သေးသည်။

လူလူ ဘယ်ရောက်သွားသလဲ။ ကျောင်းမတက်ဘဲ လစ်နေသလား။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကလပ်စ်မှာ ဘယ်သူဆိုတာ မသိတော့ ဘယ်လို မေးရမှန်းလည်း မသိ။

နောက်ဆုံးထွက်လာကြသည့် မိန်းကလေးနှစ်ယောက်ကတော့ လမ်းမကိုသာကြည့်လာကြတာ သူ့ကားရပ်ထားတာကိုလည်း စူးစမ်းသလို လှမ်းကြည့်လာကြသည်။

"ဒီကားက လူလူတို့အိမ်က ကြိုနေကျကားတော့ မဟုတ်ဘူးဟ"

စကားသံသဲ့သဲ့ကိုလည်း ကြားလိုက်ရသဖြင့် သူ မျက်နှာအပြင်ထုတ်၍ ပြုံးပြလိုက်သည်။

"ဒီမှာ… လူရည်ချွန်ကို သိလားမသိဘူး"

"လူလူလား"

"ဟုတ်ပါတယ်"

"အယ်…"

မိန်းကလေးနှစ်ယောက်က တိုင်းနိုင်ငံကိုမြင်တော့ တအံ့တသြကြည့်ကာ တစ်ယောက်ကိုတစ်ယောက် လက်တို့ကြ၏။

"ဪ… လူလူ့ယောကျ်ား ထင်တယ်၊ ဟုတ်လား





ဟင်"

"ဟုတ်ပါတယ်၊ လူလူ ဒီနေ့ အတန်းမတက်ဘူးလား"

"တက်တယ်ရှင့်၊ အတန်းပြီးမှ သွားကြတာပါ"

"သူနဲ့ဘယ်သူပါလဲ"

"နွယ်နွယ်ပါတယ်"

"ဘယ်ကိုသွားတာလဲ"

"မျိုးမျိုးနေမကောင်းလို့လို့ ပြောတယ်၊ တော်တော်ဖြစ်နေပုံရတယ်၊ ဟိုက လာခေါ်သွားတာ၊ အဲဒါ လူလူက သူ့အိမ်က ကားလာကြိုရင် ပြောပေးပါဆိုလို့ လုံတို့ စောင့်နေကြတာ၊ မလာလို့ ထွက်လာကြတာလေ၊ ဒီကားက လာကြိုနေကျ မဟုတ်လို့ မသိဘူး"

"အင်း… ကျေးဇူးပါပဲ၊ သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့"

မှန်တွေပြန်တင်၍ ထွက်သွားသည့်ကားကို လိုက်ကြည့်ကာ လုံက ပန်းတွန့်သည်။

"ရုပ်ကတော့ အပျံစားပဲ၊ ယောကျ်ားဖြစ်ပြီး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဝက်ခြံဖုတောင်မရှိဘူး၊ ပါးသိုင်းမွေးလေးတွေကို စိမ်းနေတာပဲ၊ အဲဒါတောင် မိလူလူ အတင်းပြောနိုင်သေးတာ အံ့ရော"

"အေးနော်... ဒီလိုရုပ်မျိုးများရရင် ထားမိခဲ့သမျှ ရည်းစားတွေကို လျှော်ကြားပေးပြီး မေ့ပစ်နိုင်တယ်"

တိုင်းနိုင်ငံရင်ထဲမှာတော့ ဗလောင်ဆူနေပြီ။

မျိုးမျိုးဆိုတာ သဘာယာကုန်းမှာနေသည်ဟု သူသိထားသည်။

ခုချိန်ကျမှသွားတော့ ဘယ်တော့ပြန်ရောက်မလဲ။

ဘာနဲ့သွားကြတာလဲ။

လိုက်သွားဖို့က ဘယ်ကို ဘယ်လိုလိုက်ရမည်မှန်း မသိ။

အိမ်ပြန်ပြီး ပြန်ရောက်တဲ့အထိ ထိုင်စောင့်နေဖို့က တွေးကြည့်သလောက် မလွယ်ပေ။

သူ ဆယ်လူလာဖုန်းကိုဖွင့်၍ ဖေဖေ့ဆီကို လှမ်းဆက်သည်။

ကားလေးက ရန်ကုန်-ပဲခူးလမ်းမကြီးသို့ ဦးတည်ပြေးလွှားသွားလျက်။

သစ္စာမှန်စာပေ



"ဟင်... ကိုလေးတို့ လာ... လာ... လာကြ"

"မေမေ"

"ဘယ်တွေလျှောက်သွားနေတာလဲ သမီးရယ်၊ မိုက်လိုက်တာ၊ သား လိုက်သွားတယ်၊ ပြန်မရောက်သေးဘူး ဆိုလို့ အိမ်က ဒရိုင်ဘာနဲ့ သားကြီးတို့ ထပ်လိုက်သွားကြတယ်၊ သူ့လိုက်၊ ကိုယ့်လိုက်နဲ့ ပြဿနာတွေ တက်ကုန်ရပြီ"

ဒေါ်မြနှင်းသဇင်က ဝင်လာသည်နှင့်လူလူ့ကို ဆူတော့သည်။

"လူလူက သယ်န်းကျွန်းမှာပဲရှိနေတာ မေမေ၊ မျိုးမျိုးကို ရန်ကုန်ခေါ်လာခဲ့ကြပြီ၊ စိုးရိမ်ရတဲ့အခြေအနေမို့လို့ တောပိုင်းမှာ မထားချင်တာနဲ့ သူ့ယောက်ျားကိုယ်တိုင် ပို့ပေးတာ"

"လူမမာကလည်း လူမမာပေါ့၊ ဒီကိစ္စနဲ့ပဲ ဟိုတစ်နေ့က ပြဿနာတက်ခဲ့တယ် မဟုတ်လား၊ ကိုယ့်ယောက်ျားက လည်း တစ်နေကုန်နေလို့မှ လေအေးစက်အောက်မှာ တစ်နာရီပြည့်အောင် အေးဆေးနေရတဲ့သူ မဟုတ်ဘူး၊ ခုကြည့်စမ်း... သူ့ခမျာ ပင်ပင်ပန်းပန်းနဲ့ မနားရရှာဘူး၊ အဲဒါကောင်းသလား၊

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူလူ"

"မေမေရယ်... နာရေးမို့လို့ လူလူ သွားမိတာပါ"

"ဘာရေးပဲဖြစ်ဖြစ် မိဘလက်ထဲမှာတုန်းက မိဘ၊ အိမ်ထောင်ရှိနေပြီဆိုရင် ကိုယ်ယောက်ျားပေါ့၊ ဘယ်သွားပါရစေ၊ ဘယ်လာပါရစေ၊ ပြောပြ၊ သွားဆိုမှ သွားရမှာပေါ့၊ ခုမဲ့ ကိုးနာရီထိုးတော့မယ်"

"ဟုတ်တယ် သမီး၊ သမီး သွားလာနေထိုင်တာကို ပြင်သင့်ပြီ၊ ဖေဖေတို့ကို နှစ်ဖက်မိဘယှဉ်မိတိုင်း မျက်နှာငယ်ရအောင် မလုပ်ပါနဲ့"

"သမီးလေးကို သိပ်မဆူပါနဲ့ ကိုလေးရယ်၊ သူလည်း ဒီနေရာကို ထပ်သွားတာမှ မဟုတ်ဘဲ၊ ရန်ကုန်ထဲမှာပဲဆိုတော့ ဟိုနား ဒီနားသဘောနဲ့ သွားတာဖြစ်မှာပေါ့၊ မိုးချုပ်စကတည်းက ပြန်ရောက်နေတာပါ"

ဒေါ်သီရိနိုင်က ဖေးဖေးမမ ဝင်ပြောပေးသည်။

ထိုစဉ် ဦးတိုင်းဝင်း ကားတစ်စီးနဲ့ ပြန်ရောက်လာ၏။ အားလုံး သတင်းထူးများ ပါမလားဟုတွေးကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

သစ္စာမွန်စာပေ



"အစ်ကို ဘယ်သွားနေတာလဲဟင်၊ သားဆီက ဖုန်း မရဘူးလား"

"ဖုန်းလုံးဝကို မဆက်ဘူး၊ ခုနစ်နာရီ သူ့ကိုဖိတ်ထားတဲ့ မိတ်ဆုံစားပွဲကို ကိုယ်သွားနေတာ၊ ဟိုမှာ နိုင်ငံခြား ဧည့်သည်တွေကော၊ ကိုယ်စားလှယ်တွေကော၊ အားလုံးပဲကွာ၊ မင်းသား ဘယ်လိုလုပ်သွားတယ် မသိဘူး၊ အရေးကြီးတာ ဘာလဲဆိုတာကို နည်းနည်းမှ ထည့်မစဉ်းစားဘဲ စိတ်အလို လိုက်သွားတယ်"

"ဒါကတော့ အစ်ကိုရယ်၊ သူလည်း သမီးကို စိတ်ပူလို့ ဖြစ်မှာပေါ့"

"မပူရဘူးလို့ ကိုယ်မပြောပါဘူး၊ ဒီခရီးနဲ့ ဒီခရီး၊ ဒီအချိန်နဲ့ ဒီအတိုင်းအတာ မိန်းကလေးတွေက လက်လွတ် စပယ် သွားပါ့မလား၊ ဒါကို သူတွေးရမယ်၊ သွားခဲ့တာက စိုးရိမ်စိတ်ကြောင့် ထားဦး၊ ဖုန်းတော့ လှမ်းဆက်ပေါ့ကွ၊ ခုတော့ ဟိုမှာ လူအားလုံးက ကိုယ့်ခါးကြားက ဖုန်းကိုပဲ လုကြတော့ မလိုလို၊ ဖုန်းနဲ့ဆက်ပေးပါလားလို့ မပြောကြပေမယ့် ဒီက မဆက်တော့ တစ်မျိုးတော့ထင်ကုန်ကြ ရော"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကရော ဘာဖြစ်လို့မဆက်တာလဲ၊ သား ဘယ်ရောက်နေလဲ မေးလို့ရတာပဲဟာ၊ သီရိ အဲဒါကို သိချင်လို့ အစ်ကို့ကို စောင့်နေတာ"

"ဆက်ပြီလား သီရိရာ၊ နှစ်ခါကိုင်သေးတယ်၊ သူ ပဲခူးလမ်းပေါ်မှာပဲ ရှိသေးတယ်၊ နောက်လုံးဝမကိုင်တော့ဘူး"

"ဘုရား… ဘုရား… မကိုင်ဘဲနေပါ့မလား အစ်ကိုရယ်၊ သားလေး လူဆိုး သူခိုးတွေနဲ့များ တွေ့နေသလား ပဲ"

ဒေါ်မြနှင်းသစင်တို့ ဖနီးမောင်နဲ့ မျက်နှာတွေငယ် လျက် သမီးဖြစ်သူကို လှမ်းကြည့်ကြသည်။

ဒီလောက်ထိ ပြဿနာကြီးထွားသွားလိမ့်မည်ဟု မထင်ခဲ့သော လှလှမျက်နှာလေးလည်း အရိုက်ခံရတော့မည့် ကလေးငယ် တစ်ဦးသဖွယ် မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည် ကာ ငိုမဲ့မဲ့ဖြစ်နေ လေသည်။

"အခု တိုင်းဂိုင်း ဘာလုပ်သွားတာလဲဆိုတာ အားလုံး သိချင်နေကြပြီ၊ ကိုယ် ခုထလာတဲ့အထိ သူတို့ရှိနေကြတုန်း၊ နိုင်ငံခြားပြန်ထွက်ဖို့ရက်က နီးနေပြီဆိုတော့ ဒီပွဲက အရေးကြီး





တဲ့ပွဲ၊ ဒါကို သူသိတယ်၊ တကယ်ဆို ဖုန်းလေးနဲ့ဖြစ်ဖြစ်၊ ဘယ်လိုအကျိုးအကြောင်းဆိုတာ ပြောသင့်တယ်၊ ကိုယ်က ဖအေတစ်ယောက်လုံးဖြစ်ပြီး သူ့တို့ပြောသမျှ ဘာမှမဖြေနိုင် ဘူး၊ ဘယ်လောက်ရှက်စရာ ကောင်းသလဲ"

"စိတ်ရှိသလောက်မပြောပါနဲ့ အစ်ကိုရယ်၊ ဒီမှာ ဧည့်သည်တွေကို အားနာဖို့ကောင်းပါတယ်၊ သူတို့လည်း စိတ်ပူလို့ လာမေးကြတာ"

"ရပါတယ် သီရိရယ်၊ မိဘက ပူတာပေါ့၊ ကိုတိုင်းဝင်း စိတ်အေးအေးနေပါ၊ ကျွန်တော့်သားလည်း လိုက် သွားပါတယ်"

ဦးဝဏ္ဏထွန်းတို့ပြောတော့မှ ဦးတိုင်းဝင်း အားတုံ့အားနာ ဖြစ်လျက် လက်ကာပြသည်။

"မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်တင်နေတာ မဟုတ်ပါဘူး၊ သမီးနဲ့လည်း မဆိုင်ဘူး၊ ဒီကောင် လုပ်နေ့ကိစ္စတွေကို ခေါင်းထဲမထည့်တာကိုပဲ ပြော နေတာ"

ထိုစဉ် ကားမီးရောင် ဝင်းခနဲလက်ကာ ခြံထဲကို ကား



www.burmeseclassic.com

www.burmeseclassic.com



တစ်စီး ကွေ့ဝင်လာလေသည်။

နှစ်ဖက်မိဘတွေ တံခါးဝဆီ အပြေးကြိုနေကြစဉ် လူလူ နေရာမှမထသေး…

ဒီလူကြီး ဘယ်လောက်များ ဒေါသတွေ သယ်ပိုးလာလိုက်မလဲ၊ တွေးမိတာနဲ့ပင် ရင်တွေခုန်နေ၏။

ကားလေး ပေါ်တီကိုအောက်ရောက်လာတော့ ကားက တိုင်းနိုင်ငံရဲ့ ကားမဟုတ်ဘဲ ကိုကြီးနဲ့ သူ့ဒရိုင်ဘာ။

"သားကြီး… ကိုတိုင်းကို မတွေ့ဘူးလား၊ ကိုတိုင်း ရော…"

"သားနဲ့မဆုံကြဘူးလားကွယ်…"

ဒေါ်သီရိနိုင် ငိုသံပါနေပြီ။

"တွေ့ပါတယ် အန်တီ၊ အတူတူပြန်လာကြတာပါ၊ ညီမလေး ရောက်နေပြီ မဟုတ်လား"

"ရောက်ပါပြီ ကိုကြီး"

အသံကြားသော်လည်း ညီမဖြစ်သူမျက်နှာကို မြင်တဲ့ အထိ တံခါးဝကနေ လည့်ပင်းရှည်ကြည့်လိုက်သေးသည်။

ပြီးမှ…

သစ္စာမွန်စာပေ



"သယ်န်းကျွန်းကအိမ်ထိ ကျွန်တော်တို့ ပတ်လိုက် သေးတယ်၊ ဟိုက လိပ်စာပေးလိုက်လို့လေ၊ ဟိုရောက်တော့ ညီမလေး ညနေကတည်းက ပြန်သွားပြီဆိုတာ သိတာ"

"အခု သားက ဘယ်မှာကျန်ခဲ့လဲဟင်"

"သူ မိတ်ဆုံစားပွဲရှိတယ်လို့ ပြောတာပဲ၊ အဲဒီမှာ ဝင်ကျန်ခဲ့တယ် အန်တီ"

ဦးတိုင်းဝင်းက ကျွတ်ခနဲ စုတ်သပ်ကာ

"ဒီပွဲကို မတက်လို့မဖြစ်မှန်းတော့ သိသေးတာပဲ၊ တော်သေးတာပေါ့၊ ကဲ ကဲ… ကိုဝဏ္ဏထွန်းတို့လည်း စိတ်အေးအေးနဲ့ ပြန်လိုက်သွားပြီး နားကြပါတော့၊ လူငယ်တွေကတော့ အမျိုးမျိုး ဒုက္ခပေးနေမှာပဲဗျ၊ ကျွန်တော်လည်း သားနောက် လိုက်ရဦးမယ်"

ဒေါ်မြနှင်းသဇင်သည် သမီးဖြစ်သူကို မျက်လုံးနဲ့ပဲ စကားလုံးပေါင်းများစွာ ပြောကာ ကားပေါ်တက်လေသည်။

လူလူ မေမေနား သွားရပ်တော့…

"မေမေတို့ ထပ်ပြီးအရှက်မရချင်တော့ဘူး သမီး၊ ဒါ နောက်ဆုံးဖြစ်ပါစေ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက လူလူ့ခေါင်းလေးကို ဖိပုတ်လိုက်ကာ

"ကဲ ကဲ… အိပ်ပျော်အောင် အိပ်၊ အားလုံးပြီးသွားပြီ၊ ကိုတိုင်းပြန်ရောက်လာရင်လည်း ခွေးမလေးလို ပြန်မကိုက်နဲ့နော်၊ သူ ညီမလေးအတွက် တော်တော်စိတ်ပူသွားတာ၊ ဆူတာ မာန်တာရှိရင် သည်းခံလိုက် ဟုတ်လား"

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့် ထွက်သွားပြီမှ လူလူ အထဲဝင်ခဲ့မိသည်။

"သမီးလေးလည်း တစ်ညနေလုံး စိတ်ဆင်းရဲသွားတာပဲ၊ ရေသွားချိုးလေ၊ စားစရာရှိရာတာစားပြီး အခန်းထဲမှာ သွားနားလိုက်တော့၊ သားက ညဥ့်နက်မယ်ထင်တယ်၊ မေမေပဲ စောင့်လိုက်မယ်၊ အခန်းထဲဝင်နေလည်း လဲ့နေလို့ရမှာ မဟုတ်ပါဘူး"

တကယ်လည်း ပင်ပန်းနေပြီမို့ လူလူ ရေချိုးအဝတ်လဲကာ ဘာမှလည်းမစားချင်တော့ဘဲ အိပ်ရာထဲ ဝင်လဲ့လိုက်မိသည်။

❋ ❋ ❋





အခန်းထဲမှာ လှုပ်ရှားသံသဲ့သဲ့ကြောင့် လူလူ အိပ်ပျော်သွားရာမှ နိုးလာလေသည်။

ဘယ်အချိန်ဖြစ်ဖြစ် ရေချိုးတတ်သည့်အကျင့်ရှိသော တိုင်းနိုင်ဝင်းက ရေချိုးပြီးစ ဝင်းမွှန်နေသောမျက်နှာနှင့် ရှပ်အင်္ကျီအပါးတစ်ထည်ကိုဝတ်ကာ ကြယ်သီးတပ်နေ၏။

သူမကိုလည်း မနိုး၊ ခေါသကြီးတာလည်းမပြဘဲ တိတ်ဆိတ်နေသဖြင့် လူလူ ဘယ်လိုနေရမှန်းမသိတော့ဘဲ ဖြစ်နေမိသည်။

သူ ဒေါသတကြီး ဆွဲလှုပ်၊ ကိုင်ပေါက်တော့မည်ဆိုလျှင် တို့ယ်တလည်း တုံ့ပြန်ဖို့ ပြင်ဆင်ထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောဖို့ကိုဝင် အဖက်မတန်သလို ဘေးတစ်ဖက်မှာ တိတ်ဆိတ်စွာ လှဲချလိုက်တော့ သူမ မကျေနပ်ဖြစ်ရ လှဲနေရာမှ ထထိုင်လိုက်မိသည်။

"ကိုကို"

"ဘာလဲ"

သူက လက်ပိုက်လျက် ပက်လက်လှဲနေရာမှ မျက်လုံးမဖွင့်ဘဲ ထူးသည်။

"လှလှ့ကို ဘာမှမမေးတော့ဘူးလား"

"မမေးချင်တော့ဘူး၊ မင်းအတွက် ကိုယ့်ရဲ့အချိန်တွေ၊ ကိုယ့်ရဲ့စိတ်အတွေးအားလုံး ကမ်းပါးက သဲမှုန်တွေဖြစ်ကုန်ပြီ၊ ရေထဲပါပါ၊ လေထဲရောက်ရောက် ဘာတစ်ခုမှ တန်ဖိုးမရှိတော့ဘူး၊ ဒီနေ့ တိုင်းနိုင်ငံဟာ ပေါ်ကြီးဖြစ်သွားပြီ၊ အေးဆေးနေပါကွာ၊ မပြောတာပဲ ကောင်းပါတယ်"

"လှလှ လှဲ့တို့ကို သေချာမှာခဲ့တာပဲ ကိုကို၊ သယ်ပိုးကျွန်းဆိုတာ သူတို့ ပြောမပြဘူးလား"

"မပြောလို့ပေါ့ကွ၊ တော်ပြီ လှလှ၊ ထပ်ပြောရင် ထပ်ရှက်မိတယ်၊ မင်း အိပ်တော့"





အံကြိတ်ထားသည့် သူ့မေးရိုးတွေ ထောင်နေတာကို မြင်တော့ လှလှ စိတ်မကောင်းဖြစ်သွားမိသည်။

ဒီနေ့ကျမှ ကိုကို ဘာဖြစ်လို့ ကိုယ်တိုင်လာကြိုရတာလဲ။ သာယာကျွန်းဟုထင်ကာ သွားချိန်ပြန်ချိန် နောက်ကျမှာပဲဟု တွေးမှုထား သူမကို စိုးရိမ်ကြီး၍ လိုက်သွားခဲ့တာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် သူ့ကို မပြောဆိုဘဲ ထွက်သွားမိတာ ကိုယ့်အပြစ်။

ထို့အပြင် အလားတူပြဿနာမျိုးလည်း ဖြစ်ခဲ့ပြီးပြီ။

ကိုယ်က ဂရုမစိုက်သလို ထပ်သွား ထပ်လုပ်တာကို သူက စိုးရိမ်ခဲ့တဲ့အဖြစ်မျိုး...

လှလှ ပက်လက်အိပ်လျက် နဖူးပေါ် လက်တင်ထားသည့် သူ့ရင်ဘတ်ပေါ်မှာ မျက်နှာလေးစောင်းလှဲကာ ဖက်ထားလိုက်မိသည်။

"လှလှ တောင်းပန်ပါတယ် ကိုကို၊ လှလှ့ကို ခွင့်လွှတ်ပါ၊ မိုးမိုးကလေ အခုချိန်မှာ မိဘစွန့်ပစ်ခံထားရသလို အရမ်းလည်း ဆင်းရဲတယ်၊ ရောဂါလည်း ဖြစ်နေရှာတဲ့သူပါ၊ လေးဘက်မှာက မသေနိုင်ပါဘူးလို့ လူတွေပြောကြပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ယယ်ယယ်ကတည်းက ဒီရောဂါပါခဲ့တဲ့ သူ့ခမျာ ခု တော်တော် လေးဖြစ်နေရှာတာ သိလား၊ ယောက်ျားက သူ့ကိုသနားလို့ ခွင့်ပြုပါတယ်၊ သူကိုယ်တိုင်က သူ့မိဘဆီကို မပြန်တာ၊ ဒါပေမယ့် ဆေးကုလည်းမခံဘူး၊ သူ့အမေကိုယ်တိုင် ခွင့်လွှတ်ပြီး ဆေးကုပေးမှ ခံမယ်တဲ့၊ အဲဒါကြောင့် သူတို့ သားအမိ၊ သားအဖတွေ ပြေလည်အောင် လှုလှုတို့ ကြိုးစား ပေးနေကြတာပါ၊ နောက်ဆို ကိုကိုမသိဘဲ မသွားတော့ဘူး နော်"

လှုလှုက မျက်နှာလေးရှေ့တိုးကာ တိုင်းနိုင်ငံရဲ့ မေးဖျား ကို ဖွဖွလေး နမ်းလိုက်သည်။

တိုင်းနိုင်ငံ မျက်လုံးဖွင့်ကြည့်လျက် တင်းတင်းစေ့ထား သည့် နှုတ်ခမ်းက မပြေ။

လှုလှုက သူ့နှုတ်ခမ်းပေါ်ကို သူမနှုတ်ခမ်းလေးနဲ့ ထိရုံ လေးနမ်းကာ

"ကိုကို မကျေနပ်သေးဘူးလား"

"မကျေနပ်သေးရင် ထပ်နမ်းမှာလား"

သူ့မျက်နှာတည်နေဆဲပေမယ့် ပြေလည်သွားပြီကို





သိကာ လှုလှုက ချစ်စဖွယ်ရွေးပြုံး၍ မျက်စောင်းထိုးသည်။

"မနမ်းပါဘူး၊ သူများစိတ်ကောက်ရင်ဖြင့် မချော့ ဘဲနဲ့"

ရင်ဘတ်ပေါ်က လျှောချဖို့ပြင်တော့ တိုင်းနိုင်ငံက တင်းခနဲ ပွေ့ဖက်လိုက်ပြီး

"မင်း အဲဒီလောက် ချစ်ဖို့ကောင်းမှန်း မှုမှုသိတယ်"

လှုလှု ကိုကို့ကို ပြန်လည်ဖက်တွယ်ကာ မျက်ဝန်းလေး တွေ မှိတ်ထားလိုက်မိသည်။

အချစ်ဟာ နေ့...

အနမ်းသည် ညဖြစ်သည်ဆိုလျှင်...

ဒေါသစိတ်လေးတွေဟာ နေလယ်မွန်းတည့် ဖြစ်တော့ မည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်... ကိုကို လာကြိုတယ်"

ကလေးလိုပဲ လက်သီးလေးနှစ်ဖက်ပူးဆုပ်၍ ခြေဖျား လေး ထောက်ကြွလျက် ရယ်လိုက်သည်။

တိုင်းနိုင်ငံက ပြုံး၍ ကားတံခါးဖွင့်ပေးလိုက်ပြီး...

"အိမ်ကို တန်းပြန်မလား၊ အပြင်မှာ မုန့်တစ်ခုခု ဝင်စားဦးမလား"

"မုန့်စားမှာပေါ့"

"အိုကေ"

မီးနီးရောင် ရှပ်လက်တိုမွှမွှနှင့် ဘောင်းဘီနက်ပြာ ဝတ်ထားသည် ကိုကို့ကို လှူလှူက ခေါင်းစောင်းကြည့်ကာ





"ကိုကို အရမ်းချောတာပဲ၊ ဒါပေမယ့် ဆေါသဖြစ်ရင် မုန်းစရာကြီး"

ပြုံးလိုက် မဲ့လိုက် အမျိုးမျိုးဖြစ်နေသည့် လှူလှူ့မျက်နှာ လေးကို မှန်ထဲကနေကြည့်၍ တိုင်းနိုင်ငံ ရယ်သည်။

"ကိုကို"

"ဘာလဲ"

"စင်္ကာပူသွားတော့မှာဆို"

"ဟုတ်တယ်"

"ဘယ်လောက်ကြာမှာလဲ"

"နှစ်နှစ်လောက်တော့ ကြာမယ်ထင်တယ်"

"ဟင်... နှစ်နှစ်တောင်"

"ဟုတ်တယ်၊ ဟိုမှာ လုပ်ငန်းဖောင်ဒေးရှင်းတစ်ခု လုပ်ရမယ်၊ အဲဒါ ကိုယ့်လုပ်ငန်း၊ ကိုယ်ရှိမှဖြစ်မှာ"

လှူလှူ မျက်နှာလေး ပျက်သွားသည်။

လွယ်အိတ်ကြိုးကို အမိပွါယ်မဲ့ ပွတ်ခြေရင်း နှုတ်ခမ်း လေး စူထားကာ

"ဟီတ်... ဘာဖြစ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး၊ နှစ်နှစ်တောင်ဆိုတော့ ပျော်သွားတာ၊ ကြောက်ရမယ့်သူ တစ်ယောက်လျော့သွားတာပေါ့"

"အဲဒီလိုရွဲ့ချင်တာတွေ ကိုယ်မကြိုက်ဘူး၊ ကိုယ့်အလုပ်ကိုက အဲဒီလိုပဲ ဆက်သွယ်သွားလာနေရတဲ့ အလုပ်၊ တကယ်ဆို လက်ထပ်ပြီးတဲ့ လကုန်ပိုင်းက သွားရမှာ၊ ဖေဖေ ဒီတာ့ဖွဲ့ပေးထားလို့"

"ဪ...ဪ... ကိုကိုက ဒါကြောင့် မသွားမလာရတာ၊ လူလူ့ကြောင့်ဆိုပြီး လူလူ့ကိုမည်းနေတာကိုး"

"ဟာ...မဟုတ်ဘူး၊ အဲဒါ ခက်တော့တာပဲ"

ကားလေးက လမ်းဘေးဘက်သို့ ထိုးဆင်းသွားသည်။ အရိုးဖြိုင်ဖြိုင်ကျနေသော စိန်ပန်းပင်ငယ်လေးနားမှာ ရပ် သွား၏။

တိုင်းနိုင်ငံက လူလူ့လက်ဖဝါးလေးကို လှမ်းဆွဲ၍

"မင်း တော်တော်ကလေးဆန်ပါလား လူလူ၊ ဒါ အစကတည်းက စီစဉ်ခဲ့တာကိုပြောတာ၊ ဒီစီးပွားရေးလုပ်ငန်းတွေကို ကိုယ်ကိုယ်တိုင်က ဝါသနာပါပြီး ဖေဖေနဲ့ မဟုတ်ဘဲ ကိုယ့်အရည်အချင်းနဲ့ ကိုယ်ရပ်တည်နိုင်အောင် ကြိုးစားခဲ့တာ၊





မြန်မာပြည်မှာ ဖေဖေ၊ နိုင်ငံခြားမှာ ကိုယ်၊ မြန်မာနိုင် နေပေမယ့် ခရီးထွက်နေရမှာကတော့ မိန်းမရှိရှိ ပခုံး ထွက်နေရမှာပဲ၊ ဖေဖေက နိုင်ငံခြားကိုယ်စားလှယ်ငဲ မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေနဲ့ ကွန်တက်လုပ်ဖို့တွေ၊ သွားရေးလာရေးတွေ ဒါပဲပါမှာ၊ ကိုယ့်ကိစ္စ၊ ကိုယ့်အလုပ်တွေမှာ မင်းနဲ့လုံးဝ မငြိဘူးလူလူ၊ စီးပွားရေးကသပ်သပ်၊ အိမ်ထောင်ရေးက သပ်သပ်"

လူလူက နှုတ်ခမ်းလေး စူထားနေဆဲ...

ကိုယ်ဟာ ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် နေတတ်ပေမယ့် ကိုယ်ယူထားတဲ့ ယောကျာ်းရဲ့ ကြည်ဖြူ လိုက်လျောမှုကိုတော့ လိုချင်သည်သာ။

သူ ဘယ်တုန်းကများ ကိုယ့်အပေါ် လိုက်လျော ညှာတာ ခဲ့ဖူးသလဲ။

ဒီကြားထဲ နိုင်ငံခြားထွက်ခွင့်မရလိုက်တာကိုတောင် ကြိတ်ပုန်းဒေါသထွက်ခဲ့ဦးမည်။

"ကဲ...ဘာမှာသွားစားမှာလဲပြော.."

လူလူ ဘာမှမပြောရသေးမီ ဒတ်ရှ်ဘုတ်ပေါ်မှာရှိနေ



www.burmeseclassic.com

www.burmeseclassic.com



၃ ဖုန်းလေးက မြည်လာသည်။

တာ၊

သူက ကောက်ကိုင်လိုက်ပြီး

"ဟလို..."

တစ်ဖက်က ပြောသံကြောင့် သူ လူလူ့ကို တစ်ချက် ကြည့်သည်။

"ဟုတ်ကဲ့မေမေ၊ အဲဒီကိစ္စက နောက်မှ ချိန်းလို့ မဖြစ်ဘူး၊ ခဏလေး စောင့်နိုင်းထားလိုက်ပါ"

တိုင်းနိုင်ငံက ဖုန်းပိတ်ကာ လူလူ့ကို တောင်းပန်သလို ကြည့်သည်။

"ဆောရီးကွာ၊ ကိုယ်တို့နောက်တော့မှ အေးအေး ဆေးဆေး ထွက်လည်ကြမယ်နော်၊ အရေးကြီးတဲ့ ဧည့်သည် စောင့်နေလို့ သွားရမယ်"

လူလူက ငွေ့ရည်ဖွဲ့သော မျက်ဝန်းလေးတွေနှင့် လက်ခံ ပြုံးသည်။

"ရပါတယ်...ခုဆင်းနေခဲ့ပေးရမလား"

ပြောလည်းပြော၊ လူလူက တံခါးလှည့်ဖွင့်၍ဆင်း သည်။





"လူလူ..."

တိုင်းနိုင်ငံက ကမန်းကတန်း လှမ်းဆွဲ၍ လူလူ့ပခုံး လေးကိုကိုင်ကာ မျက်နှာချင်းဆိုင်ကြည့်လိုက်သည်။

"ကိုယ့်ကို စိတ်ကောက်တာပေါ့ လူလူ၊ ပြောရင် နားလည်စမ်းပါကွာ၊ ကိုယ်ကြိုးစားနေတာ မင်းနဲ့ကိုယ်ရဲ့ အနာဂတ်အတွက် မဟုတ်ဘူးလား"

"မသိဘူးလေ... အဲဒါလူလူစိတ်လည်း မဝင်စားဘူး၊ လူလူက ကလေးဆန်တဲ့ ခပ်ညံ့ညံ့မိန်းမပဲ၊ ကိုကိုပဲ ကြိုက်သလို ညွှန်ကြားပါ"

"ကျွတ်..."

တိုင်းနိုင်ငံ ကျွတ်ခနဲ စုတ်သပ်သည်။

"နားမလည်တာကို ရှင်းပြရတာ ကိုယ် စိတ်မရှည် ဆုံးပဲ၊ အခု မင်းကိုယ့်ကို သက်သက်ရွဲ့နေတာ၊ အဲဒါကို ဘယ်လိုရှင်းပြရမလဲ၊ တကယ်ဆို ကိုယ့်မှာ အချိန်လုံးဝမရှိဘူး လူလူ၊ တမင်နားချင်လို့ နားလိုက်ရတာမျိုးပဲရှိတယ်၊ အခု မင်းကို ကိုယ်သတိရလို့ တမင်လာကြိုတာ၊ မင်းကို လွတ်လပ် ပျော်ရွှင်စေချင်လို့၊ အပြင်မှာ စားမယ် သောက်မယ်ပြောတာ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတကယ့်စိတ်ရင်းစေတနာပဲ၊ အလုပ်ကိစ္စ အရေးတကြီး ပေါ်လာလို့ ဦးစားပေးလိုက်ရတာပဲ၊ အလုပ်သဘောပဲ၊ ဒါကို မင်းနားလည်ဖို့ကောင်းတယ်"

သူ နာရီတစ်ချက်ကြည့်ကာ တားကို လမ်းကြောင်းထဲ ပြန်မောင်းသည်။

လူလူ လှုပ်ခတ်လာသည့် နှုတ်ခမ်းသားလေးကို ဖိကိုက်ထားလျက် မျက်ရည်ဝဲလေသည်။

သူပျော်စေချင်တယ်ဆိုတာ…ဒါလား။

❋ ❋ ❋





"အခြေအနေမကောင်းဘူး လူလူ၊ ခဏလေးလိုက်ကြည့်ပေးပါ"

ကိုလင်း မျက်နှာမြင်လိုက်ကတည်းက လူလူ နောက်ပိုင်း ပွဲစရာအားလုံးကို မေ့သွားသည်။

နွယ်နွယ်လက်ကို ဆုပ်ကိုင်ကာ နွယ်နွယ့်ကားနဲ့ပဲ ကိုလင်းနဲ့ မျိုးမျိုးနေထိုင်ရာ အိမ်လေးဆီသို့ လိုက်လာခဲ့မိ၏။

မျိုးမျိုးသည် မျက်ကွင်းတွေညိုမည်းကာ နှုတ်ခမ်းလေးတွေ နှမ်းဖျော့နေ၏။ သူတို့လက်တွေကို အင်အားချိနဲ့စွာ ဖိညှစ်ဆုပ်ကိုင်၍

"လူလူရယ်၊ ငါ… ငါနေရတော့မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောကောင်း မဆိုကောင်း မျိုးရယ်၊ ဖွယ်ဖွယ် လွဲပါစေ ဖယ်ပါစေ၊ နင်ဘာမှ မဖြစ်ပါဘူး၊ နေထိုင်မကောင်းတုန်း မိဘဆီမှာ ခဏလောက်ပြန်နေလိုက်ပါဟယ်၊ သားသမီး မျက်နှာမြင်ရင် မိဘက ဘာပြောမှာလဲ"

မျိုးမျိုးခေါင်းလေးခါလျှင် မျက်ဝန်းထောင့်မှ မျက်ရည်စက်တို့က နားသယ်စပ် ဆံစများကြားထဲသို့ စီးကျတိုးဝင်သွားလေသည်။

"ငါ့ကို ဘာမှ မပြောပေမယ့် ကိုလင်းကိုပြောကြမှာ၊ ငါ့... ငါ့ကိုခေါ်ထားပြီး ကိုလင်းကို ပြန်လွှတ်ကြမှာ၊ ငါလေ... သေတာတောင် ကိုယ်လင်းမျက်နှာကို ကြည့်ခွင့်ရတော့မှာ မဟုတ်ဘူး၊ အခု ငါဒီလောက်ဖြစ်နေတာကို သိရက်နဲ့ ရောက်မလာကြတာ နင်တို့သိလား၊ ငါကိုယ်တိုင် ဒူးထောက်တောင်းပန်မှ ငါ့ကိုပြန်လက်ခံပြီး ကိုလင်းကိုခါထုတ်ကြမလို့..."

"မဟုတ်လောက်ပါဘူး မျိုးမျိုးရယ်၊ တကယ်လို့ ဟုတ်ရင်တောင့် ကိုယ့်ကျန်းမာရေး မကောင်းတုန်း ခဏတော့ အလိုမှာနဲ့နေပေါ့၊ အခု ကိုလင်းခများလည်း စားဖို့ရှာရ၊ ဆေးဖိုးရှာရ၊ ပြီးတော့ နင့်နားမှာပြုစုရနဲ့ သနားပါတယ်၊ ကျန်းမာလာတဲ့အခါ နင်တို့ပြန်နိုးစပ်ဖို့ ငါတို့အစွမ်းကုန်ကူညီမယ်ဟာ"

"ဟုတ်ပါတယ် မျိုးမျိုးရယ်၊ မိဘအရိပ်က အေးမြပါတယ်၊ ကျန်းမာရေးကောင်းလာတဲ့အထိတော့..."

"ဟင့်အင်း..."

မျိုးမျိုးက အပြောမခံဘဲ ခေါင်းတွင်တွင်ခါနေသည်။

"ကိုလင်းက ငါ့ကိုသိပ်ချစ်တာ၊ သူ ငါ့အတွက် အရမ်းကြိုးစားထားခဲ့တာ၊ ငါသေရင်လည်း သူ့ရင်ခွင်ထဲမှာပဲ သေမယ်၊ ငါ စိတ်မကောင်းတာတစ်ခုပဲ၊ သူ့ခမျာ ငါ့လိုရောဂါသည်ကိုယူမိလို့ အိမ်ထောင်ရဲ့သာယာမှုကို ဘာမှမခံစားရဘဲ မုဆိုးဖိုဖြစ်ရတော့မယ်"

"အို... မျိုးမျိုး..."

လှလှက မျိုးမျိုးလက်ဖဝါးလေးကို ဆုပ်၍ အလန့်တကြားတားမိရင်း မျက်ရည်ကျလေသည်။

နွယ်နွယ်လည်း ငိုပြီ၊ ဖွတ်ပြုတ်လေးချော့တိုက်ပြီး ဆေးတိုက်လိုက်တော့ မျိုးမျိုး အိပ်ပျော်သွားရှာသည်။

သူတို့သုံးယောက် အိမ်ကလေးရဲ့အပြင်ဘက်မှာ







www.burmeseclassic.com

www.burmeseclassic.com



စုမိကြ၏။

ဆင်းရဲသားရပ်ကွက်မို့ ပတ်ဝန်းကျင်က ဆူညံနေသည်။

ကတ်ဆက်သံ၊ ကလေးငိုသံ၊ ရယ်မောအော်ဟစ်ကြ၊ ကလေးတွေ ဆော့ကြ၊ အသံမျိုးစုံ၊ ဒီကြားထဲ နေကြရသည့် အခန်းလေးမှာ အိမ်ရှင်နဲ့ ထရံလေးသာ ခြားနေတာမို့ ဟိုဘက်က ခုန်ပေါက်ဆူညံသမျှ ဒီဘက်က လူမမာ ဘယ်လိုနေမလဲ။

ကိုလင်းက သာယာကုန်းရွာသားပေမယ့် မိဘများက ပြေလည်ကြသည်။

မြို့ကသူဌေးတွေလို တိုက်ဆောက် ကားစီးချမ်းသာတာမျိုး မဟုတ်သော်လည်း၊ သားအတွက် တစ်ဆိုးတစ်အိမ်ထောင် အရင်းအနှီး အလုပ်အကိုင်လေးနဲ့ဖြစ်အောင် ထူမတ်ပေးထား၏။

ကိုလင်းကလည်း ကြိုးစားပါသည်။

မထင်မှတ်ဘဲ မျိုးမျိုးရောဂါထကာ လေးဘက်နာဖြစ်လိုက်သည်နှင့် အရေးကြီးလာပြီမှန်းသိကာ မိဘနဲ့လည်းနီးအောင်၊ ဆေးရုံတက်နိုင်ဖို့လည်း ရည်ရွယ်ချက်နဲ့ မြို့ကိုခေါ်လာခဲ့တာဖြစ်၏။





အိမ်ရှင်က ဆွေမျိုးမကောင်းသော်လည်း လူမမာခေါ်တင်လာတာကို မကြိုက်သလို ခပ်ကင်းကင်းနေသည်။

ဆေးရုံတင်ဖို့လည်း ပြောလို့မရ။

"မမေတို့ လာခေါ်မှတက်မယ်"

ဟု ခေါင်းမာနေသည်။ ရောက်မလာကြတော့

"သေပစေ" တဲ့။

သွားမလားလို့ စိတ်ချမ်းသာစေချင်၍ မေးတော့လည်း ကိုလင်းလက်ကိုသာ ဆုပ်ကိုင်ကာ တွင်တွင်ငြင်းလေသည်။

"ဘယ်လိုလုပ်ကြမလဲ ကိုလင်း၊ သူ့ကို ဆေးရုံမတင်လို့တော့ လုံးဝမဖြစ်တော့ဘူး"

"ဟုတ်ပါတယ်ဗျာ၊ ကူညီကြပါဦး၊ ကျွန်တော်က တိုက်တွန်းရင် သူ့ကိုပြုစုရတာ ငြီးငွေ့လာလို့လားလို့ မေးတယ်၊ သူသာ ကျန်းမာလာမယ်ဆိုရင် ကျွန်တော်အသည်းပဲ ထုတ်ပေးရပေးရ မကြောက်ပါဘူး"

"သူ့စိတ်ထဲမှာ သူ့မိဘတွေ သူ့အပေါ် ရက်စက်လေခြင်းဆိုပြီး ယူကျုံးမရ နာကျင်နေတာလည်း ပါမယ် ကိုလင်း၊ ပြီးတော့ သူ့မိဘဆီပြန်ပို့ဖို့ကြိုးစားရင် လူလူတို့တွေထက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလင်းကိုပို့ပြီး အထင်လွဲသွားနိုင်တယ်''

''အဲဒါ ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ အမေတို့လည်း ဒီနေ့ရောက်လာကြမယ်၊ ခဏ္ဍာခဏလာတယ်၊ ပြောတိုင်း ကျွန်တော့်ကိုပဲ အပြစ်တင်သွားကြတယ်၊ ဒီဘက်မှာလည်း ကျွန်တော် ဘယ်လိုပြောရမလဲ၊ စဉ်းစားပေးကြပါဦး''

''တစ်ခုပဲရှိတယ်၊ ကိုလင်းနဲ့လူလူတို့ အန်တီသူဇာဆီကို သွားမယ်''

''သူ့အိမ်ကို''

''ဟုတ်တယ်၊ ကိုလင်း အပြင်မှာနေခဲ့ပါ၊ အခြေအနေကောင်းမှ လူလူတို့ထွက်လာတော့ ဝင်ရောလိုက်ပေါ့၊ အန်တီကိုယ်တိုင် ဆေးရုံတင်ပေးဖို့ ပြောရမယ်လေ၊ ဒီလောက်ဖြစ်နေမှန်းသိရင် အန်တီသူဇာ လိုက်လာမှာပါ''

''ဒါဆို သွားမယ်လေ''

''နေဦး··· အိမ်မှာတစ်ယောက်ကျန်ခဲ့မှဖြစ်မယ်''

''ဒါဆို လူလူ နင်နဲ့ကိုလင်းသွားကြ၊ ငါ မျိုးကိုစောင့်နေခဲ့မယ်''

''အေး···''

သစ္စာမွန်စာပေ



လူလူက ကားပေါ်တက်ဖို့ပြင်သည်။

''ဟဲ့··ဒါဘာလုပ်တာလဲ''

''ကားနဲ့သွားမယ်လေ၊ ဒါမှ မြန်မြန်ရောက်မှာပေါ့''

''ကားယူသွားလို့ ဖြစ်မလားဟ၊ မျိုးမျိုးကြည့်ရတာ အသက်ရှူကျပ်နေသလိုပဲ၊ နင်တို့မရှိတုန်း မတော်တဆ တစ်ခုခု ဖောက်လာရင် ငါကားမရှိလို့ ရမလား''

ဒါဟုတ်သည်။ မျိုးမျိုး အသက်ရှူပုံက နေးကွေးဖင့်နွဲ့လျက်၊ မှုမမှန်။ ရုပ်ပျက်ဆင်းပျက် ပိန်ကျသွားသည့် သူငယ်ချင်းကို လှမ်းကြည့်ကာ နှစ်ယောက်သား မျက်ရည်သုတ်ကြရပြန်သည်။

ကိုလင်းက မျက်ဖန်းတွေ နီရဲကာ အံကြိတ်ထားရှာသည်။

''ကျွန်တော့် ဆိုင်ကယ်နဲ့ပဲသွားမယ်လေ၊ လူလူနောက်က ထိုင်လိုက်လို့ ဖြစ်မယ်မဟုတ်လား''

''ဘာလို့ မဖြစ်ရမှာလဲ၊ ဒီနည်းပဲရှိတော့တဲ့ဟာ''

သူတို့ ဆိုင်ကယ်လေးနဲ့ ထွက်လာကြတော့ နှယ်နှယ် အိမ်ပေါ်ပြန်တက်သွားလေသည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ညည်းမနည်း အရှိန်မြှင့်မယ်နော် လူလူ၊ မျိုးကို စိတ်မချလို့ပါ"

"ရတယ် . . မောင်းသာမောင်း"

❋ ❋ ❋





ကျောင်းမှာ လူလူမရှိတော့ဘူးဆိုတော့ ရင်ထဲမှာ ဟာသွားသည်။

ဟိုတစ်ခေါက်ကလို ဘယ်သွားသည်၊ ဘယ်လာသည် မှာသွားတယ်မရှိ။

တစ်နေ့က စကားပြော မဆင်မပြေဖြစ်ပြီးသည့် နောက်ပိုင်း သူလည်း ခရီးသွားကိစ္စတွေရှုပ်ကာ လူလူ့ကို ကျေနပ်အောင် မချော့မော့အားခဲ့ပေ။

ညဘက် အချိန်မရှိမှ ပြန်ရောက်ကာ အလုပ်လုပ်ရတာ အချိန်ပြည့်၊ အိပ်ရာဝင်တော့ သန်းခေါင်သန်းလွဲ။

လူလူ သူ့ကို စာမင်မကျေနပ်၍ ရှဲ့သွားတာများလား၊



www.burmeseclassic.com

www.burmeseclassic.com



လူလူ သွားစရာ မျိုးမျိုးတို့အိမ်ဆိုတာပဲရှိသည်။ ဟိုတစ်ခါလို ဖြစ်ကုန်မှာစိုးကာ နာရီကြည့်၍ သူ့အိမ်ကိုပဲ ပြန်မောင်းလာခဲ့မိသည်။

သင်္ဃန်းကျွန်းကို လူနာသွားမေးတာဆိုလျှင် အချိန်မလင့်မီတော့ ပြန်ရောက်မည်သာ။

မောလျှသော ပင့်သက်ရှိုက်ရင်း မီးပွိုင့်စိမ်းသွားတော့ တစ်ဖက်ကို ကွေ့တက်လိုက်၏။

"ဟာင်..."

အမှတ်မထင် လှမ်းမြင်လိုက်သည့် ဆိုင်ကယ်တစ်စီးပေါ်မှာ လူလူ၊ လယ်သာဂျာကင်နဲ့ ဘောင်းဘီနက် ဝတ်ထားသည့်လူရွယ်ကို ပန်းကိုင်လျက်။

တိုင်းနိုင်ငံ မျက်ဝန်းတွေ ကျဉ်းမြှောင်းသွားသည်။

ဆိုင်ကယ်ရှေ့ကနေ မိုက်မိုက်ကန်းကန်း ပိတ်ရပ်ပစ်လိုက်၏။

"အို..."

"ကျွိ"

ကိုလင်းကလည်း ဆိုင်ကယ်စီး ဂျင့်လည်သည်။ ကား





နဲ့ တစ်တောင်နီးပါး အကွာမှာ ဆိုင်ကယ်ကို တုံ့ခနဲရပ်ပစ်လိုက်နိုင်သည်။

ရုတ်တရက် လန့်ဖျန့်ကာ လူလူ ကိုလင်းခါးကို ဖက်ထားလိုက်ရ၏။

"ကိုကို"

"ဒါ ဘယ်ကပြန်လာတာလဲ လူလူ"

"သင်္ဃန်းကျွန်းက ကိုကို... လူနာ..."

"တော်ပြီ အဲဒါ ကိုယ်နားမထောင်ချင်ဘူး၊ လာ ကားပေါ်တက်"

လူလူ ဆိုင်ကယ်ပေါ်က လျှောဆင်း၍ သူ့ဆီမလာဘဲ ဆိုင်ကယ်သမားဘေးမှာပဲ ရပ်လိုက်ကာ

"လူလူ ပြန်လိုက်လို့ မဖြစ်သေးဘူးကိုကို၊ မျိုးအသည်း အသန်ဖြစ်နေတယ်၊ အဲဒါ သူ့အမေကို..."

"မလိုချင်ဘူးကွာ၊ ဘာလူနာမှ ကိုယ်မယုံကြည်ဘူး၊ လောလောဆယ် မင်းကိုယ်နဲ့ ပြန်လိုက်ခဲ့"

လူလူ ကိုလင်းကို ပြန်ကြည့်ကာ မျိုးမျက်နှာဖျော့ဖျော့ညှိုးညှိုးလေးကို သတိရလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူလူ မလိုက်ဘူး၊ ကိုကိုစိတ်ဆိုးရင် အိမ်ကျမှ ကြိုက်သလို လုပ်ပါ၊ ဟော့… ကိုလင်း သွားမယ်"

ပြဿနာဖြစ်လျှင် ရှင်းလို့ရသည်။ သေသွားတဲ့လူကို ပြန်ရှင်ခိုင်းလို့မရ။

မျိုးရဲ့အသက်တစ်ချောင်းအတွက် လူလူ ဖွတ်မိတ် ထွက်လာခဲ့သည်။

သူမအတွက် အိမ်အပြန်လမ်းကို မှန်းဆမကြည့်ရဲ။

❋ ❋ ❋





**မမျိုးစန္ဒီမျိုး**

**အသက် (၁၉) နှစ်**

လက်အစုံက တုန်ယင်ကာ သတင်းစာရွက်က တဖျတ်ဖျတ်ခါနေ၏။

မျိုးဆုံးသွားပြီ…မျိုး သေပြီ။

မျိုးကို သူ့အမေလက်ထဲ ရောက်သွားတဲ့အထိ နောက်မှာ ဘာဖြစ်နေနေ သူမ အစအဆုံး ကူညီခဲ့သည်။

မျိုးအေးရုံတက်ပြီဆိုတော့ စိတ်အေးသွားမိ၏။

ဒါပေမယ့် လူလူ ကိုကိုနဲ့တော့ လမ်းခွဲခဲ့ရပါပြီ။

ကိုယ့်မှာလည်း သောကနဲ့မို့ မျိုးဆီကို မရောက်ဖြစ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆုံးသွားတာကိုပင် ဒီဘက်က အိမ်ထောင်ရေး အခြေအနေကြောင့်ပဲ သူတို့ အသိမပေးခဲ့ကြတာလား။

ဒါမှမဟုတ် မေမေတို့ကတော့ အကြောင်းကြားတာကို သိနေလိမ့်မည်။ သူမ သောကဆင့်ပွားရမည်စိုးကာ သူမ တစ်ယောက်တည်း မသိခဲ့ရတာလား။

ခုတော့ သတင်းစာထဲကနေ နာရေးကြော်ငြာကို ဖတ်မိကာမှ သိရတဲ့အဖြစ်။

ဖြစ်မှ ဖြစ်ရလေ မျိုးရယ်...။

ငါ့ကိုခွင့်လွှတ်ပါ၊ ငါ နင်ရဲ့နောက်ဆုံးထွက်သက်ကို မမှီခဲ့ပါဘူး။

ပြုစုမပေးလိုက်နိုင်တဲ့ တာဝန်မကျေတဲ့ သူငယ်ချင်းပါ။

လှူလှူ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျကာ ဆို့ကျမ်လာသည်။

နှလုံးသားက မျက်လုံးတွေထဲထိ မှုန်မိုက်ပြာဝေလာသည်။

လက်ထဲက သတင်းစာလေး လျှော့ရဲ့စွာ လွတ်ကျသွားလေသည်။





"အမလေး... သမီးရေ..."

"ဟာ...ညီမလေး...လှူလှူ"

မေမေနဲ့ ကိုကြီးတို့ ခေါ်သံကို ကြားလိုက်သလိုလို ဝေးကွာ သွားသလိုလို...

သူမ အသိတွေမဲ့သွားခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



တယ်နေရာကိုပဲကြည့်ကြည့် သူ့ရဲ့ရုပ်လွှာ…

ဘာသံပဲကြားကြား သူ့အသံလေးလောက် နားထဲမှာ မချို။

တစ်ယောက်တည်း ကမ္ဘာအပြင်ဘက် ထွက်ရပ်နေရသကဲ့သို့ ပတ်ဝန်းကျင်ရဲ့ ဆူညံရယ်မောလှုပ်ရှားမှုအားလုံးကို မမြင်သလို မကြားသလို ဖြစ်နေသည်။

တိုင်းနိုင်ငံ တစ်ခါတစ်ရံမှ ဆောက်တတ်သည့် စီးကရက်ကို ညှို့နစ်နာရီကျော်တဲ့အထိ တစ်လိပ်ပြီးတစ်လိပ် မှာရှိုက်နေမိသဲ…

ဒရင်းဘတ်ပေါ်မှာလှဲနေရင်း ခြိမ်းမှာပြင်ကို ငေးကြည့်နေမိသည်။





မြင်နေကျ မှင့်ဖက်လွှာလေးတစ်ချပ် အိပ်ရာထဲကနေ လွင့်ထွက်သွားသည့်နောက်ပိုင်း အိပ်ရာပေါ်မှာ သူ ကျောချလို့ မရတော့ပေ။

သူက ကိုယ့်ကို ရက်စက်ခဲ့တာလား။ ကိုယ်က ရက်စက်မိတာလား။ ဒေါသကြောင့် ဟုန်းခနဲတောက်သွားခဲ့သည့် မီးညွန့်က ဦးနှောက်ရဲ့ကြေးမုံပြင်ကို ညှိုမှိုင်းဝေဝါးသွားစေကာ သူ လူလူ့ပါးကို ရိုက်ပစ်လိုက်မိသည်။

"ရှင်… ရှင်ကြီး သိပ်ရက်စက်တယ်၊ သိပ်ကြမ်းတမ်းတယ်၊ ရှင့်ကို မုန်းတယ် သိလား"

လူလူ ဒေါသူပုန်ထ ဒေါသတန်းအော်၍ နောက်ဆုတ်ထွက်သည်။

ညှိုပုတ်သွားသည့် ပါးကလေးတစ်ဖက်ကိုကြည့်၍ မှားပြီဆိုတာ သူသိသည်။ ယောက်ျားနဲ့မိန်းမ ဘယ်သူမှားမှား ပြဿနာတစ်ရပ်ကို လက်နဲ့ဖြေရှင်းသင့်သလား။

ထိုယောက်ျားမျိုးကကော သူ့ရဲ့ကောင်းမည်သတဲ့လား။

သူ အောက်တန်းကျခဲ့မိပြီ။

"သမီးလေးရယ်… မေမေတို့ ရှိပါသေးတယ်၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့ ရှင်းပေးပါ့မယ်၊ ခဏလေး နေပါဦး”

“ဟင့်အင်း… ဟင့်အင်း… မနေဘူး၊ လူလူ့မှာ အပြစ်မရှိဘဲနဲ့ သူထင်ရာမြင်ရာနဲ့ ပုံကြီးချဲ့ပြီးရိုက်တာ၊ အဲဒါ မျိုးမျိုးယောက်ျား၊ မျိုးမျိုးနေမကောင်းလို့ သူ့အိမ်ကို သွားပြောမလို့ဆိုတာ ဘယ်လိုမှပြောမရဘူး”

သူ ဒေါသတွေ ပေါက်ကွဲရပြန်သည်။

“မင်းကို ငါ သိမှတ်နေတာ မဟုတ်ဘူးလူလူ၊ သူစိမ်း ယောက်ျားတစ်ယောက်နဲ့ လက်ပွန်းတတီး နှစ်ယောက်တည်း ဆိုင်ကယ်တွဲစီးတာ မသင့်တော်လို့ပြောတာ၊ မင်းတို့ဘာသာ ဘာ အကြောင်းနဲ့ဖြစ်ဖြစ် ငါ နားလည်မပေးနိုင်ဘူး၊ တိုင်းနိုင်ငံ ရဲ့မိန်းမက ယောက်ျားတစ်ယောက် ဆိုင်ကယ်နောက်မှာ ပါသွားတာမြင်တယ်ဆိုတာမျိုးလည်း အပြောမခံနိုင်ဘူး၊ တစ်ယောက်အစ တစ်ရာအဆုံး ဝိုင်းစန်းလှောင်ပြောင်ကြမယ့် ပါးစပ်တွေကို မင်း ဘယ်လိုလိုက်ရှင်းမလဲ”

“မလိုပါဘူး၊ ကိုယ်မဟုတ်ရင် ပြီးတာပဲ”

“မဟုတ်ဘူးဆိုတာကြီး ပေါ်လာတဲ့အချိန်ထိ ငါ့ သိက္ခာ၊ ငါ့မျက်နှာကို ဘယ်မြောင်းထဲ သွားထည့်လိုက်ရမလဲ”

သစ္စာမွန်စာပေ



“အို… မသိဘူး၊ ရှင့်မာန် သိက္ခာတွေကို ရှင်ပဲ မက်နေ၊ လူလူ မနေနိုင်ဘူး၊ ဖယ်… ဖယ် မေမေနိုင်”

“မဖယ်နဲ့ မေမေ၊ လူလူ… မင်းနေဦး၊ ငါပြောတာကို နားထောင်”

“မထောင်ဘူး၊ မနေဘူး၊ ရှင်ကြီး မလာနဲ့နော်၊ သွား… သွား”

လူလူ အနားမှာရှိသည့် လူကြီးတွေကိုပင် ဂရုမစိုက်တော့ဘဲ သူ့ကို တွေ့ရာနဲ့ကောက်ပေါက်၊ ရိုက်ကြိုးတင်ငိုကြွေးကာ မရမနေ ထွက်ပေါက်ရှာနေသည်မို့ ယှက်တပ်ပေးလိုက်ရသည်။

မေမေကိုယ်တိုင် လိုက်ပို့ပေးခဲ့တာပါ။

သုံးညရှိသွားပြီ။

သူ တစ်ညမှ အိပ်မပျော်ခဲ့ပေ။ အလုပ်တွေထဲမှာလည်း စိတ်မပါ။ တကယ်တမ်းကျတော့ ကိုယ်အလိုအပ်ဆုံးအရာသည် သာ တန်ဖိုးအရှိဆုံး။

အစကတော့… သွားပစေဟု မာနထား၍ ကြည့်နေလိုက်သည်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ခပ်ဆိုးဆိုး၊ ဂျစ်ကန်ကန်လေး၊ အတင်းလိုက်ချော့ခေါ်လျှင် ဘယ်လိုမှပြောဆိုလို့ရတော့မည် မဟုတ်။

သူ့ဘက်က မိဘများသည်လည်း ချော့မော့ပြန်ပို့ကြမည် ဖြစ်သည်။

တစ်ရက်မှာ ဟန်ဆောင်နိုင်ခဲ့သည်။ နှစ်ရက်ကျတော့ သူ မှုလောင်ပြင်းပြလာ၏။

"သမီးက ဘယ်လိုမှပြောလို့မရဘူး သိရဲ့လား၊ သူ့ အစ်ကိုကိုတောင် အဲဒီအကြောင်း လာစပြောရင် ထမင်းမစားတော့ဘူးဆိုလို့ သူ့အစ်ကို နောက်ဆုတ်နေရတယ်"

သတင်းကြားလာတော့ သုံးရက်မြောက်မှာ သူ ဘယ်လိုမှ နေလို့မရတော့ပေ။ မနက်က လူလှဆီကို သူ ဖုန်းဆက်သည်။

"ခဏလေးနော် သား"

ဒေါ်မြနှင်းသင် ဖုန်းလာကိုင်ပြီး အတော်ကြာမှ ပြန်လာကာ

"အိပ်နေတယ် သားရယ်" တဲ့။





မြေးမှန်းသိတော့ လိုက်ချင်လာသည်။

လူလှမရှိလျှင် သူ မနေတတ်တော့မှန်း နာရီ၊ စက္ကန့်နဲ့ အမျှ သိလာခဲ့၏။

"ကိုကိုကလည်း မျက်နှာကြီးက ဖြစ်နေလိုက်တာ"

ဟု မှုန့်ကာ လည်ပင်းကိုဖက်၍ မေးဖျားလေးကို နမ်းတတ်သူ။

ကျောမှသိုင်းဖက်ကာ ပခုံးစွန်မှာ မှီနွဲ့၍ ခိုးခိုးခစ်ခစ် ရယ်တတ်သေးသည်။

လွမ်းလိုက်တာ ချာတိတ်ရယ်...

မင်း ကိုယ့်ဆီက တပွေ့တစ်ပိုက်ကြီး ရအောင်ယူပြီးမှ ထွက်သွားရက်တာ ကိုယ် ဘယ်လိုနေရမလဲ...။

တိုင်းနိုင်ငံ လက်ထဲက စီးကရက်တိုကို ခွက်ထဲမှာ ထိုးချေပစ်ကာ နာရီကြည့်လိုက်သည်။ သုံးနာရီခွဲတော့မည်။

ဘယ်လိုမှ နေလို့မရတော့သည့်စိတ်က ဖုန်းကို ပေါင်ပေါ်ဆွဲတင်လိုက်၍...

"ဟလို"

အငေ့ကြီးကြာအောင်ခေါ်နေမှ တစ်ဖက်က ကိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

တော်ပါသေးရဲ့။ ဖြုတ်မထားလို့…

"ကျွန်တော်ပါ… အန်ကယ်တွန်းလား၊ ကျွန်တော် လူလူနဲ့ စကားပြောချင်လို့ပါ အန်ကယ်၊ ခဏလေးခေါ်ပေးပါ"

"သမီး နေမကောင်းဘူးကွယ့်၊ မနက်က သူ့ သူငယ်ချင်းရဲ့ နာရေးသတင်းကိုဖတ်ပြီး မူးလဲသွားတာ"

"ဗျာ…"

မျိုးမျိုးဆိုတဲ့ကောင်မလေး ဆုံးသွားပြီပေါ့။

ဖုန်းကိုင်လျက် သူ့ရင်ထဲမှာ ဗလောင်ဆူသွားသည်။ ကိုယ့်အပူနဲ့ကိုယ် သတင်းစာတောင် မဖတ်ဖြစ်တဲ့အထိ။

သွားပြီ… လူလူ သူ့အပေါ် ပိုမိုအပြစ်ဖွဲ့စရာ ဖြစ်သွားပြီ။

"အန်ကယ်… ကျွန်တော် လူလူကို ခဏလောက် တွေ့ပါရစေ၊ သူကျေနပ်တဲ့အထိ တောင်းပန်ပြီး ပြန်ခေါ်ပါရစေ၊ ကျွန်တော့်ဘက်က ကိုယ်ထိလက်ရောက် ပြုမူလိုက်မိတဲ့ အပြစ်အတွက် အန်ကယ်တို့ကိုပါ တောင်းပန်ပါတယ်"

"အန်ကယ်တို့က နားလည်ပါတယ်ကွယ်၊ လင်နဲ့





မယား လျှာနဲ့သွားပဲ၊ သမီးလည်း မလိမ္မာတာရှိတယ်၊ ဥစရာ တရွတ်ညဉ့်ရှိတယ်၊ အန်ကယ်တို့က မျှတမြင် ပါတယ်၊ မင်းတို့လူငယ်ချင်း ပြေလည်ဖို့က ဒ်းရတယ် တစ်ခုတော့ ရှိတယ်၊ သမီးက ကျန်းမာရေးမကောင်း သူ့စိတ်က ပြင်းထန်နေဦးမယ်ဆိုရင် အချိန်ကို ခရ သူ့မှာ စေချင်တယ်"

ခဆိပ်ရှိ

လူကြီးက ထိန်းသိမ်းဝေမယ့် သူ မစောင့်နိုင်ခဲ့တာ၊

တစ်ရက် နှစ်ရက်အတွင်း သူ နိုင်ငံခြားထွက်ရတော့မည်။ လူလူ့ကို ဒီပုံစံမျိုးနဲ့တော့ သူ ခွဲမသွားနိုင်ပေ။ ဘယ်လိုမှလည်း စိတ်ဖြောင့်နိုင်မှာ မဟုတ်။

မိုးလင်းအောင်စောင့်ရသည့်ဒုက္ခက ကမ္ဘာနဲ့လရဲ့ အကွာအဝေးကို မျှော်ကြည့်တွက်ချက်နေရတဲ့ အတိုင်း။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



သ

လူရှု

သူမေ

"ဟင့်အင်း… သူ့ကို လူလူ မတွေ့ချင်ဘူး၊ အသံတောင် မကြားချင်ဘူး၊ ဒီအိမ်ကိုလည်း လုံးဝမလာပါစေနဲ့၊ သူ နောက်ထပ်ရောက်လာဦးမယ်ဆိုရင် လူလူ ထွက်သွားမှာပဲ"

ငိုသံတွေကို ကြားနေရသည်။

သမီးသဘောကို အရင်မေးပါရစေဆို၍ ထိုင်နေရသော်လည်း လူလူ့အသံကြားတော့ အတင်းပြေးဆွဲခေါ်ချင်သည့်စိတ်ကို ထိန်းလို့မရ။

သူ့အဖြစ်က…

ကိုယ့်မိန်းမ ကိုယ်ခေါ်တာ ဘာဖြစ်လဲဆိုပြီးတော့ ရဲစိတ်တင်း၍လည်း ဆွဲမခေါ်ရဲ။





ကိုယ့်ဘက်က မလွန်ဘူး ထင်ခဲ့ပေမယ့် ရှိုင်းပျစော်ကားခဲ့မိသည့် ကိုယ်ထိလက်ရောက်မှုက ပြောစရာဖြစ်ခဲ့ပြီ။

"ရန်သူတောင်မှ လက်နက်ချရင် ကျေအေးရတယ် သမီးရယ်၊ လင်နဲ့မယားဆိုတာ…"

"လင်နဲ့မယားမို့ မကျေအေးနိုင်တာ မေမေ၊ သူ့မှာ လက်နက်ကိုင်မထားပေမယ့် သူ့မာန၊ သူ့အတ္တက အဆိပ်ရှိတယ်၊ လူလူ့အပေါ် ဘယ်တုန်းကမှ အလျှော့ပေးခဲ့တာ၊ အလိုလိုက်ခဲ့တာ မရှိဘူး၊ ခွင့်မလွှတ်ခဲ့ဘူး၊ မဟုတ်တာလေးကအစ အပြစ်ပြောပြီး ဆူတာ၊ ခုလည်း မဟုတ်တာ မဟုတ်ကြောင်း ပြောလိုက်တာ သူ့ကို ခံအော်တယ်ဆိုပြီး လူလူ့ကို ရိုက်တာ၊ လူလူ သူ့ကို မုန်းတယ်၊ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

လူကြီးတွေ ဘယ်လိုပြောဆို နားချလို့မှမရတာ- သူ ကြားနေရ၏။ ထိုစဉ် ကိုကြီး အပြင်က ပြန်လာသည်။

ကားပေါ်မှဆင်းကာ နောက်ခန်းတံခါးကိုဖွင့်၊ ကိုယ်နှင့်ခံကာ အထဲကပစ္စည်းတွေကို တစ်ခုချင်းယူ၍ ရင်ခွင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ပိုက်၏။

ပြီးမှ တံခါးကို ကိုယ်နှင့်ပဲ ပြန်တွန်းပိတ်ကာ အိမ်ပေါ်ကို တက်လာမှ သူ့ကို မြင်လေသည်။

"ကိုတိုင်း..."

ခပ်တိုးတိုး ခေါ်သံထွက်လျက် ခြေလှမ်းတုံ့သွားသည်။ မျက်နှာကွက်ခနဲ ပျက်သွားပြီးမှ ချက်ချင်းဖြင်ဆင်၍ ရယ်ပြသည်။

"ကိုတိုင်း ညီမလေးနဲ့ တွေ့ပြီးပြီလား"

သူ ပြန်မဖြေရသေးခင် ကိုကြီး ဖရိုဖရဲပွေ့ပိုက်လာသည့် အထုပ်တွေထဲမှ ပစ္စည်းတချို့ ပြုတ်ကျကုန်လေသည်။

"ဒေါက်..."

"ဘုတ်..."

ကိုယ့်ရှေ့မှာမို့ မနိုင်မနင်းနဲ့ ကိုကြီးကို တိုင်းနိုင်ငံပဲ ထကောက်ပေးလိုက်ရင်း ခပ်ဝေးဝေးကို လိမ့်ထွက်သွားသည့် အရာကို လိုက်ကောက်လိုက်တော့ ဝိုင်အိုလက်ပေါင်ဒါဘူး လေး။

သူ ဘူးကိုကိုင်မိသည်နှင့် ကိုကြီးကို ဖျတ်ခနဲ ကြည့်





သည်။

ကိုကြီးက မျက်နှာချက်ချင်းလွှဲကာ ခြေထောက်နားက အထုပ်ကို ကမန်းကတန်း ကောက်လိုက်၏။

တိုင်းနိုင်ငံ မြင်လိုက်သည်။ အဖြူရောင် ပိတ်အုပ် တစ်အုပ်ကို ကိုကြီးက သူ့ရင်ဘတ်ထဲ ထိုးထည့်ကာ ပစ္စည်း တွေနဲ့ ကွယ်လိုက်၏။

ဝိုင်အိုလက်နဲ့ ပိတ်အုပ်က ဘာလုပ်ဖို့လဲ။

"ကဲ... သားရေ၊ သမီးကတော့ ဘယ်လိုမှ ပြောမရ ဘူး၊ သားလည်း သွားမတွေ့ပါနဲ့တော့၊ ပြဿနာဆိုတာ ဖြစ်နေတုန်းရှင်းရတာ မကောင်းဘူးလေ၊ တဖြည်းဖြည်းတော့ မေမေတို့ နားချပေးပါ့မယ်"

"တဖြည်းဖြည်းရှင်းလို့ မရတော့ဘူး မေမေ၊ ကျွန်တော့် နှစ်ဆယ့်တစ်ရက်နေ့မှာ စင်္ကာပူကို သွားရတော့မှာ၊ ခုလို အဆင်မပြေဖြစ်လျက်နဲ့ ကျွန်တော် ဘယ်လိုလုပ်သွားရ မလဲ"

သူ ခေါင်းငိုက်စိုက်ကျသွားတာကို စိတ်မကောင်းသလို ငေးကြည့်ကာ ကိုကြီးက အိပ်ခန်းဘက် တန်းဝင်သွားသေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ညီမလေး"

"ဘာပြောမလို့လဲ ကိုကြီး၊ သူ့အကြောင်းထပ်ပြောရင် ညီမလေး ဒီမှာမနေတော့ဘူးလို့ ပြောပြီးသားနော်"

ခပ်တင်းတင်းပြောကာ လူလူ ကိုကြီးကို ကျောခိုင်းနေလိုက်သည်။

မျက်ဝန်းမှ မျက်ရည်တို့က နားသယ်စပ်ဆံစများမှ တစ်ဆင့် ခေါင်းအုံးပေါ်မှာ စိုစွတ်ကုန်လေသည်။

ပါးက နာတာထက် အသည်းက ပိုနာသည်။

ရက်စက်လေခြင်းဟု တွေးမိတိုင်း အံကြိတ်ထားရသည်။ မျိုးမျိုးဆုံးသွားပြီဆိုတော့ ကြေကွဲခြင်းက ပိုလာပြန်သည်။

ဒီနေ့ထိ သူပေးနေခဲ့သမျှဟာ မာနကြီးသော ဝတ္တရားကျေမှုများသာဖြစ်လျက် အကြွင်နာဆိုတာ စိုးစိမျှ မပါပေ။

ချစ်တယ်ဆိုသည့် စကားတစ်ခွန်းကို ယောင်လို့မှ မပြောခဲ့ဘူး။ သူမကိုလည်း ချစ်ရဲ့လားဟု မေးခဲ့ဖူးတာ မရှိ။

သူမသည် ပင်လယ်ထဲမှာ မျော ပွင့်ရင်း ရေငတ်နေ





ရသူလို…

သူ့အပေါ် သဘောကျ ကျေနပ်ခဲ့သည်မှန်သော်လည်း ချစ်ခွင့်မရခဲ့သလို သူ့အချစ်ကိုလည်း မရခဲ့သေးပေ။

အလွယ်တကူရခဲ့တာမို့ တန်ဖိုးမထားခဲ့သည့်စိတ်က အချစ်ကို တောင့်တရမှန်း မသိခဲ့တာလား။

သိနေလျက် ချစ်ပါလျက်နှင့် မာနကြီးကြီးနဲ့ ရေငုံနှုတ်ပိတ်နေခဲ့သည်လား။ ဘာပဲဖြစ်ဖြစ် အချစ်ကို မကိုးကွယ်တတ်သော ယောက်ျားတစ်ယောက်ရဲ့ ပေးဆပ်ခြင်းများမှာ သိမ်မွေ့သော ချစ်ခြင်းဟာ ဘယ်သောအခါမှ ရှိလာမှာ မဟုတ်ပေ။

ပါးပြင်ကိုစမ်းမိတိုင်း သူမရင်မှာ အမုန်းတရားများသာ တိုးပွားလာမိ၏။

ရှင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး ကိုတိုင်းနိုင်ငံ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

"ဟော… မောင်ရင်က တိုင်းနိုင်ငံ မမှုတ်လား၊ လူလူ့ယောက်ျားလေး"

"ဗျာ"

သူ နှုတ်ဆက်လာသူကို လှည့်ကြည့်လိုက်မိသည်။

တိုက်ပုံအဖြူ၊ ယောပုဆိုးနှင့် အတော်ခန့်ညားသော လူကြီး တစ်ဦးအဖြစ်မှလွဲ၍ ထိုလူကြီးကို သူမသိပေ။

"အေးလေ… မောင်ရင်က ကျုပ်ကို ဘယ်သိမလဲ၊ ပြောဖူး ဆိုဖူးတာမှ မရှိကြဘဲ၊ ကျုပ်က ဦးဝဏ္ဏထွန်းရဲ့မိတ်ဆွေ ဒေါက်တာ ဇော်လွင်ပါ၊ ကျုပ်လည်း မောင်ရင့်ကို မင်္ဂလာဆောင်မှာ တစ်ခါ၊ လူလူနဲ့အတူ ကားစီးသွားတုန်းကတစ်ခါ လှမ်းမြင်ဖူးတာ ပဲရှိတာ"





"ဟုတ်ကဲ့ အန်ကယ်၊ မမှတ်မိတာကို ခွင့်လွှတ်ပါ"

ခရီးထွက်ခါနီးမှ ဧည့်သည်တွေက အနားမှာ ဟိုမေး ဒီမေး လာရှုပ်နေကြသဖြင့် တိုင်းနိုင်ငံ စိတ်ညစ်နေသည်။

ဖုန်းလာတာတွေလည်း ဦးတိုင်းဝင်းက ဒိုင်ခံပြောပေးနေရသည်။

သူ့အောင်မြင်ချင်တဲ့အထဲမှာ နိုင်ငံကျော်ဖို့ မပါပါ။

ကိုယ်လုပ်သမျှဖြစ်ဖို့ တစ်ခုတည်းသာ။ ခုတော့ ကိုယ့်သောကနဲ့ကိုယ်မှ အေးဆေးဆွေးငေးနေခွင့် မရတဲ့ဘဝ။

ဧည့်သည်တွေရှင်းသွား၍ လေဆိပ်အဆောက်အဦး တစ်ဖက်အပြင်ကို ထွက်ရပ်နေလိုက်မိစဉ် ဦးဇော်လွင်ဆိုသည့် ဒေါက်တာက ရောက်လာပြန်ပြီ။

သူကတော့ စီးပွားရေးလမ်းကြောင်းနဲ့ ဟုတ်ပုံမရ။

"မောင်ရင့်နားမှာ ဧည့်သည်တွေဝိုင်းနေလို့ ကျုပ်လာနှုတ်မဆက်တာ၊ စကားပုသွားမလို့ ထင်တယ်"

"ဟုတ်ကဲ့"

"တစ်ယောက်တည်း သွားမှာလား၊ လူလူ မပါဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပြီ။ ဘယ်အင်တာဗျူးမှာ ထည့်မလို့များ လာမေးနေပါလိမ့်။ တိုင်းနိုင်ငံ မဖြေချင်တော့ပါ။

"ဒီလိုပါ၊ လူလူ နေမကောင်းလို့ ကျုပ် ပို့နေတယ်၊ သွားကြည့်ပေးခဲ့ရသေးတယ်၊ အခု ခရီးထွက်မယ်ဆိုတော့ သူများပါသလားလို့ အံ့ဩလို့ပါ"

"မပါပါဘူး၊သူ ကျွန်တော့်ကို စိတ်ဆိုးနေတယ်၊ ဒီကိုလာခါနီး စကားပြောဖို့ကြိုးစားတာတောင် လုံးဝလက်မခံဘူး"

တိုင်းနိုင်ငံ မျက်နှာညှိုးမှောင်နေသည်။

ဆံပင်တစ်ချက်သပ်၍ တစ်ဖက်လှည့်သွား၏။

"နိုင်ငံခြားမကလို့ စကြာဝဠာပဲသွားသွား၊ လူလူ့ကို မဆိုင်ပါဘူး၊ လူလူ သူ့ကို ခေါင်းထဲမှာကော ရင်ထဲမှာပါ လုံးဝမထားဘူး၊ တွေ့လည်း မတွေ့ချင်ဘူး"

လူလူ ခါးခါးသီးသီး ငြင်းသည်။

ဖုန်းဆက်တော့လည်း မကိုင်၊ မေမေကိုယ်တိုင်သွားတာတောင် ခေါင်းခါငြင်းခဲ့တာ ဖြစ်သည်။

လေယာဉ်လာဖို့ကိုသာ သူ ဆုတောင်းနေမိသည်။

လှူထုပရိသတ်တွေကိုလည်း သူ လက်ခံကာ မပြော

သစ္စာမွန်စာပေ



ချင်။

ပတ်ဝန်းကျင် တောင်မြောက် ဘယ်ဒေသကိုမှလည်း စွေစောင်း မကြည့်ချင်တော့ပေ။

သည်အစိမ်းရောင်နယ်မြေမှသူ သွားလိုလှချေပြီ။

ထိုစဉ် လေယာဉ်ဆိုက်ရောက်တော့မည်ဖြစ်ကြောင်း ကြေညာသံ ထွက်ပေါ်လာ၏။

ဒေါက်တာ ဦးဇော်လွင်လည်း လှုပ်လှုပ်ရှားရှား ဖြစ်သွား ၏။

"ဟော... လေယာဉ်လာတော့မယ်ကွ၊ ကျုပ်လည်း စကားပွသွားမှာပဲ၊ အဖော်ရတာပေါ့၊ အင်း... ကျုပ်အမြင်ပြောရရင် အိမ်ထောင်ကျကြတာလည်း တစ်နှစ်ပြည့်သေးတာ မဟုတ်ဘူး၊ ပြီးတော့ သားဦးဆိုတော့ သူလည်း မောင်ရင်ခရီးထွက်တာကို အလိုမကျတာဖြစ်ရင် ဖြစ်မှာပေါ့၊ မိန်းမသားဆိုတာ ကိုယ်ဝန်ရှိလာရင် လင်သားကို မိဘထက်အားကိုးတာမျိုး..."

"ဗျာ... ဘယ်လို"

ကြားလိုက်ပေမယ့် ကိုယ့်နား ကိုယ်မယုံချင်။

သစ္စာမွန်စာပေ

www.burmeseclassic.com



တိုင်းနိုင်ငံ လှုပ်လှုပ်ရှားရှားကြီး ဖြစ်သွားတာကို ဦးဇော်လွင်က အံ့ဩဟန်နှင့် ကြည့်သည်။

"မောင်ရင့်မိန်းမမှာ ကိုယ်ဝန်ရှိနေတယ်လေ၊ အဲဒါ မောင်ရင် မသိဘူးလား၊ ကျုပ်ကိုယ်တိုင် စမ်းသပ်ပြီး ပြောခဲ့တာ၊ သုံးလရှိနေပြီ၊ လူမှာ အရမ်းအားနည်းနေလို့တောင် ဂရုစိုက်ဖို့ ပြောခဲ့သေးတယ်၊ ကျုပ်က သူတို့ရဲ့ Family Doctor လေ၊ ဒီရက်ပိုင်းမှာ စကော်ပူသွားဖို့ရှိတော့ သေသေချာချာ မှာခဲ့ရတာ"

တိုင်းနိုင်ငံ လက်သီးဆုပ်လျက် မျက်စိမျက်နှာ ပျက်နေလေသည်။ ကိုကြီးလက်ထဲက လွတ်ကျခဲ့သော ဝိုင်အိုလက် ပေါင်ဒါဘူးနဲ့ မိတ်ဒ်ုကို မှတ်မှတ်ရရ သတိရလာသည်။

ဒီတုန်းက ကိုကြီးအမူအရာတွေ ပျက်နေတာ ဖုံးဖိမရ။

ဒါကို ဘာဖြစ်လို့ သူ့ကို မသိစေချင်ကြတာလဲ။

ရက်စက်လိုက်တာ လူလူရယ်…

နှလုံးသားတစ်ပြင်လုံး တုန်ခါလာမှုက လေယာဉ် စက်သံကြီးနဲ့ အပြိုင်…

❋ ❋ ❋





"ညီမလေး… ဒီမှာ ကြည့်စမ်း၊ ကိုကြီး ဝေါလ်ရှိ တွေ ဝယ်လာတာ မလှဘူးလား"

မျက်လုံးနက်နက် ဝိုင်းဝိုင်းလေးများနှင့် နူတ်ခမ်းစိုလက် လက်ကလေးတွေ တွေးအိနေသည့် ချစ်စဖွယ်ကလေးပုံလေး တွေ။ ကိုကြီးက ရှေ့မှာ အကျအနလာထိုင်ကာ ပုံတွေကို တစ်ရွက်ချင်း ဖွင့်ပြနေသည်။

ပုံလေးတွေက ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုးနဲ့ ချစ်စရာလေးတွေပါ။ ဒါပေမယ့် လူလူ့စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရသည်။

"ညီမလေး"

"ရှင် ကိုကြီး"

"ဘယ့်နှယ် ဝိုင်လှလှချေလား၊ ပုံတွေကို မကြိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ပါတယ် ကိုကြီးရဲ့၊ လှလှလေးတွေပဲဟာ"

ကိုကြီးက နွမ်းလျနေသည့် လှုလှု့မျက်နှာလေးကို ကြည့်၍ ပြုံးသည်။

"ဟန်ဆောင်ပြုံးမနေစမ်းပါနဲ့ ညီမလေးရာ၊ ကိုကြီး သိပါတယ်၊ ကိုတိုင်း နိုင်ငံခြားထွက်သွားတာကို ညီမလေး ခံစားနေရတာ မဟုတ်လား"

လှုလှု့မျက်နှာလေး မာနရောင် လက်သွားသည်။

"ခံစားနေရတာ မဟုတ်ဘူး ကိုကြီး၊ ခံပြင်းမိတာ၊ သူ ဒီထက်မက ခယတောင်းပန်သင့်တယ်၊ ညီမလေး သူ့ကို ဒီထက်မက ခံစားစေချင်တယ်၊ ဒါကို သူ ရှောင်ထွက်သွားတာ၊ တမင်မာနကြီးပြသွားတာ"

"မဟုတ်ပါဘူး ညီမလေးရာ၊ သူ ဖုန်းတွေ အချိန်မတော် အချိန်တော် ထဆက်၊ အခေါက်ခေါက် အခါခါလာ၊ မထွက်ခင်ညကတောင် ညီမလေးကို တွေ့ခွင့်တောင်းသေးတာ ပဲဟာ၊ ပြီးတော့ နိုင်ငံခြားထွက်ဖို့ကိစ္စက ညီမလေးတို့ ပြဿနာမဖြစ်ကြခင်ကတည်းက ရှိနေခဲ့တာ မဟုတ်လား"

လှုလှု ငြိမ်နေလေသည်။





"ရိုက်လိုက်တာ သူလွန်ပေမယ့် သူမကြိုက်ဘူးဆိုတာ သိလျက်နဲ့ ညီမလေး ဒီအပြစ်ကိုပဲ ထပ်ကျူးလွန်ခဲ့တာ၊ သူ့ဘက်ကကြည့်တော့လည်း ဒေါသဖြစ်စရာပဲ"

"မဟုတ်ဘူး ကိုကြီး၊ ညီမလေးက နာရေးကြောင့်သွားတာ၊ ပျော်ပွဲရွှင်ပွဲသွားတာမှ မဟုတ်တာ၊ နောက်ပြီး နောက် ကြောင်းကို အသိပေးခဲ့ဖို့ ဘယ်လိုမှအချိန်မရတဲ့ အခြေအနေ ဖြစ်ခဲ့တာ၊ ဒါကို ဘာမှမမေးမြန်း မစူးစမ်းဘဲ ညီမလေးကို သူရိုက်တာကောင်းလား"

"မကောင်းပေမယ့် ချစ်လို့ သဝန်တိုပြီဆိုရင် ကိုယ့် ဘက်ကတော့ မှန်နေတာချည်းပဲကွ၊ ယောက်ျားချင်းမို့ ကိုကြီး သူ့ကိုနားလည်တယ်၊ တိုင်းနိုင်ငံက ပညာတတ်တယ်၊ ငွေကြေး ပြည့်စုံတယ်၊ ရုပ်ချောတယ်၊ ဒါပေမယ့် စာရိတ္တမဖောက် ပြန်ခဲ့ဘူး၊ နာမည်ပျက် အစွန်းအထင်း လုံးဝမရှိတဲ့အပြင် နေတာထိုင်တာ သိက္ခာရှိတယ်၊ ညီမလေးလက်လည်း အသက် ကြီးတယ်လေ၊ ဒီတော့ ညီမလေးခံစားတတ်သလို သူ ခံစားမှာ မဟုတ်ဘူး၊ သူ့ရင်ထဲမှာ ဘာဖြစ်နေလဲဆိုတာ ဝင်ကြည့်လို့ ရတာမှ မဟုတ်တာ ညီမလေးရာ၊ မာနကြီးတာတို့၊ ကြော



www.burmeseclassic.com

www.burmeseclassic.com



တယ်တို့ဆိုတာ မပြောသင့်ပါဘူး”

“သမီးရေ…”

မောင်နှမနှစ်ယောက် စကားပြောနေတုန်း ဒေါ်မြနှင်းသဇင် အခန်းထဲ ဝင်လာသည်။

ပြီးတော့… ကလေးပုံတွေကို ကောက်ကြည့်ကာ…

“မေမေ့သားကြီးလည်း ဖအေနဲ့ အလုပ်ထဲပြေးလိုက်၊ အားတာနဲ့ ပုံတွေပြေးဝယ်၊ ကလေးကစားစရာတွေ ဝယ်စု၊ ကိုယ်ဝန်ဆောင် အားဆေးတွေ ဝယ်လာ၊ အလုပ်ကို ရှုပ်နေတာပဲနော်၊ ကလေးက ဗိုက်ထဲမှာရှိသေးတယ်၊ ရှားလည်းရှားတဲ့ အစ်ကိုပါပဲ”

ပြော၍ ဒေါ်မြနှင်းသဇင် ရယ်သည်။

“မေမေ… ညီမလေးကို ကြည့်ပါဦး၊ တော်တော်ပိန်သွားတယ်၊ အားဆေးတွေ မေမေ တိုက်ရဲ့လား”

“တိုက်ပြီကော သားရယ်၊ ကိုယ်ဝန်ဆောင်ကာစဆို ဒီလိုပဲ ဖြစ်တတ်ကြတာပဲ သားရဲ့၊ ကျန်းမာရေးစစ်ပြီးပြီ၊ ဘာမှ စိုးရိမ်စရာ မရှိဘူး၊ သိပ်လည်း ပူမနေပါနဲ့”

ဒေါ်မြနှင်းသဇင်က လူလူ့ဆားမှာ ဝင်ထိုင်ကာ





လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ပြီး

“မနိုင်ဆီက ဖုန်းလာတယ် သမီးရဲ့၊ သူတစ်ယောက်တည်း ပျင်းလို့ပါတဲ့၊ ကြာခံချက်နဲ့ ရောက်သီးသုပ်လုပ်ထားပါ့မယ်၊ သမီးကိုခေါ်ပြီး ခဏလောက် လာလည်ပါဦးတဲ့၊ သူလည်း သိပ် နေမကောင်းဘူးတဲ့ကွယ်၊ သမီးလည်း အပြင်လေးဘာလေး ထွက်ဖြစ်အောင် မေမေနဲ့ လိုက်ခဲ့နော်”

“မလိုက်ချင်ဘူး မေမေရယ်၊ အဲဒီအိမ်ကို ခြေတောင် မချတော့ဘူး”

“မခေါ်ချင်လို့ရတယ်၊ မတော်ချင်လို့မရဘူး သမီးရဲ့၊ သမီးဗိုက်ထဲမှာ သူတို့ရဲ့သွေးလေးရှိနေပြီ၊ ခုအသိမပေးလည်း နောက်တော့ သိရ၊ တော်ကြရမှာပဲ၊ တိုင်းနိုင်ငံလည်း ရှိတာမှ မဟုတ်ဘဲ၊ လူကြီးကိုယ်တိုင်ခေါ်တာ မသွားလို့မကောင်းဘူး သမီးရဲ့၊ မနိုင်တို့က ဝတ္တရားကျေတဲ့ လူကြီးမိဘတွေပါကွယ်”

လူလူ မငြင်းသာတော့ပါ။ တကယ်ဆို အားလုံးကို မေ့ပစ်ဖို့ ဆုံးဖြတ်ပြီးသား။ ရင်ထဲမှာ မျက်ရှုနေတာ ဘာကြောင့်မှန်း မသိပေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာလေး ချောင်သွားလိုက်တာ သမီးရယ်၊ တော်တော်ဖျားနေတာလားဟင်၊ ရောက်သီးသုပ်လေးရော ခံတွင်းတွေ့ရဲ့လား"

"စားလို့ကောင်းပါတယ် မေမေနိုင်၊ နလံထစမို့ သိပ်မစားနိုင်လို့ပါ"

"ရော့ သမီး၊ ပန်းသီးစိပ်လေး စားဦး"

ဒေါ်သီရိနိုင်က သမီးရင်းလေးပမာလို ပန်းသီးစိပ်လေးတွေကို လှုလှုလက်ထဲထိ တယုတယ ထည့်ပေးသည်။

သျှုမ မလုံမလဲ ဖြစ်ရလေသည်။

ကိုကိုနဲ့ မြသနှာတက်ကြတုန်းက မေမေနိုင် ဖုန်းဆက်တာကိုပင် သျှုမ ချက်ချင်းချုပ်စံခဲ့တာဖြစ်သည်။





ခုတော့…

သူ့မအပေါ် ဘယ်လိုတေးမှတ် စိတ်ကွက်ခဲ့ပုံမရဘဲ တယုတယ ဂရုစိုက်လွန်းနေ၏။

ဂရုစိုက်သည့်မှာ ရင်ခွင်ထဲ ထွေးပိုက်ထားချင်သလိုမျိုး အရိပ်တကြည်ကြည့်မို့ အနေခက်လှပါသည်။

သူ့သားနဲ့ အဆင်ပြေစေချင်၍ ယုယလိုက်လျှောနေသည်လား။ ဒါလည်း မဖြစ်တန်ရာ။

မေမေနိုင်ဟာ ဒီမှာနေစဉ်ကတည်းက ကိုကိုနဲ့လှူလှူဘာဖြစ်ဖြစ်၊ လှူလှူဆိုးတာတွေလျှင်တောင် မမြင်ဟန်၊ မကြားဟန်ဆောင်နေသည်။

စိတ်ကွက်ငြိုငြင်တာမျိုးမရှိခဲ့ဘဲ အမြဲတမ်း သျှုမဘက်ကသာ ဖေးမပြောဆိုခဲ့သူ။

"သမီးလေးကိုတွေ့တော့ သားကြီးကို သတိရလိုက်တာကွယ်၊ သူ့ခမျာ သမီးမရှိတော့ မအိပ်နိုင်၊ မစားနိုင် ဖြစ်နေရှာတာ၊ သူတို့လင်မယား မပြောနဲ့၊ မနိုင်တောင်မှ မနေတတ်ခဲ့ဘူး မနှင်းရယ်၊ တကယ်ပါ၊ သမီးလေးက အိမ်မှာ ကလေးလိုပဲလေ၊ သူ့ပုံစံ သူ့အသံလေးက ဘယ်နေရာဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



စိုပြေနေတာကို၊ မရှိတော့မှ ကျန်ခဲ့တဲ့လူတွေက မနေတတ် မထိုင်တတ်ဖြစ်ကြရတာ''

''ဟုတ်ပါ့မလား မနိုင်ရယ်၊ ကျွန်မတို့ဖြင့် အဲဒီတစ်ယောက်ကြောင့် အရှမ်းကိုဦးနှောက်ခြောက်ရတာ၊ သားသည်းမခံနိုင်တာလည်း မပြောနဲ့''

''အို... မဟုတ်ဘူး၊ ဒီကိစ္စ သမီးလေး မလွန်ဘူး၊ သားရေးထက် နာရေးဆိုတာ ဥပေက္ခာပြုရင်ကောင်းတဲ့ ကိစ္စမျိုးမှ မဟုတ်တာ၊ မမေးမြန်း မသေချာဘဲ ဒေါသဖြစ်တတ်တာက သားမှားတာပါ''

''မဟုတ်ပါဘူး မနိုင်ရယ်၊ သူ့ဘက်ကကြည့်တော့လည်း ဖြစ်လောက်စရာပါ''

ဧည့်ခန်းထဲမှာ ထိုင်မိကြသည်နှင့် မိဘတွေကတော့ သူ့ဘက် ကိုယ့်ဘက် ဖေးဖေးမမလေးတွေ ပြောပေးနေကြသည်။

လူလူ ဘာမှမပြောခဲ့မိပါ။

ရင်ထဲမှာ အားနည်းနုံးချိနေသလို လှိုက်ဟာလျက် ဘာအစားမှ မစားချင်။ ဘာသံမှလည်း မကြားချင်။





တစ်ယောက်တည်း တစ်နေရာလေးမှာ ငွေနေချင်သည်။

ဒီအိမ်ကြီးကို ရောက်လာတော့ ပိုဆိုးသွားသည်။

ဖြစ်ခဲ့သမျှတွေက အသစ်ပြန်ဖြစ်လာသည်။

မခံချင်စိတ်တွေ တဖွားဖွားနိုးထလာသလို သူ့ရှိမနေသည့်အတွက် အုံ့ခဲနာကျင်နေသော မာနစိတ်က ပေါက်ကွဲရာမဲ့နေသည်။

''မေမေနိုင်၊ သမီး အခန်းထဲ ခဏဝင်မယ်နော်၊ ယူစရာလေး ရှိလို့''

''သွားလေ သမီး၊ သွား... ကိုယ့်အခန်း ကိုယ်သွားတာပဲကွယ်၊ သမီးလေး စိတ်မကြေလည်းသေးပေမယ့် မေမေက သမီးလေးကို မေမေ့သမီးအဖြစ်က ဘယ်တော့မှ နုတ်ထွက်ခွင့်ပြုမှာ မဟုတ်ဘူး၊ သားရဲ့ဇနီး မေမေ့သမီးပဲ''

ဒေါ်သီရိနိုင်မျက်နှာက ပီတိတို့နှင့် ပြုံးကြည်နေသည်။

လူလူ နေရာမှ ထထွက်လာခဲ့ရင်း စေ့ရုံသာ စေ့ထားသည့် အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

နှစ်ယောက်အိပ်မွေ့ယာကြီးက သပ်ယပ်စွာပြင်ထား



www.burmeseclassic.com

www.burmeseclassic.com

အိပ်ထားသည့်ဝံ လုံးဝမရှိဘဲ သူမခေါင်းအုံးက ဒရင်းဘတ်ပေါ် ရောက် နေသည်။

ထိုအပေါ်မှာ စောင်ခေါက်တစ်ခုနှင့် ဘေးက စားပွဲပု လေးပေါ်မှာ ဆေးလိပ်ခံခွက်နှင့် စီးကရက်တို့တွေ စုပြုံထပ်ညှပ် နေလေသည်။

လူလူ စူးစိုက်ကြည့်နေမိပြီးမှ ဆတ်ခနဲ မျက်နှာလွှဲကာ အဝတ်ဗီရိုကြီးနှစ်လုံးဆီ လျှောက်သွားခဲ့၏။

အံဆွဲထဲမှာ ဓါတ်ပုံအယ်လ်ဘန်လေး ရှိသည်။ ထိုအထဲမှာ လူမျိုးနှယ်သုံးယောက်ရဲ့ ခင်မင်ခဲ့ကြတဲ့ ရာစုလေး တွေကို သက်တမ်းနှစ်အလိုက် ဓါတ်ပုံတွေနဲ့ အမှတ်တရ စုဆောင်းထားတာ ရှိသည်။

အိမ်မှာ တစ်ယောက်တည်းနေရင်း မျိုးကို အမှတ်တရ ပြန်ကြည့်ချင်လို့ဖြစ်သည်။

ဗီရိုခေါင်မိုးပေါ်က သော့တွဲလေးကို လှမ်းယူ၍ ဗီရိုကို ဖွင့်လိုက်သည်။ ဘွားခနဲမြင်လိုက်မိသည်က ကိုကိုနဲ့ သူမရဲ့ မင်္ဂလာ စုံတွဲပုံ။

ရွှေရောင် ကနုတ်ဘောင်ကွပ်လေးနှင့် တောက်ပနေ

သစ္စာမွန်စာပေ



သည်။ ဒီပုံကို သူမ ခုလိုမျိုး အထဲမှာထောင်မထားခဲ့ပေ။

ခေါက်ပါပေမယ့် အံဆွဲထဲမှာပဲ မှောက်ထည့်ထားတာ ဖြစ်သည်။

ဓါတ်ပုံကို စားပွဲပေါ်မှာ ထောင်ထားဖို့ ကိုကိုနဲ့ သူမရှေ့မှာပဲ မေမေနိုင်ကိုယ်တိုင် ဘောင်သွင်းပြင်ဆင်ပြီးမှ လာပေးထားခဲ့သည်။

ဒါကို ဗီရိုထဲယူထည့်ထားတာက ကိုကိုကိုယ်တိုင် သတိထားမိပြီး မေးမြန်းတာကို လိုချင်လို့…

ဒါပေမယ့် ဒီနေ့ထိ ဓါတ်ပုံ ဘာလို့ထောင်မထားတာ လဲလို့ သူ မမေးခဲ့ပါချေ။

လူက အားနည်းနေသည့်အရှိန်နှင့် ရင်ထဲမှာ ပူပြင်း ဆို့နင့်လာကာ အံကြိတ်ထားသည့်ကြားမှ မျက်ရည်တွေက ပါးပြင်သို့ အထိန်းအကွပ်မဲ့ ပြေးဆင်းလာကြသည်။

အလကားလူ…

သိက္ခာနဲ့ မာနကို ရှေ့တန်းတင်ပြီး ရင်ထဲက ရှိသမျှ ဆန္ဒအားလုံးကို ဖျောက်ဖျက်ထားနိုင်လောက်အောင် အစွာကြီး တာ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်နေတာကို ချစ်ပါတယ်လို့ ဖွင့်မပြောမိဖို့ ကြိုးစား ဖုံးဖိပြီး တစ်ဖက်သားကို ထိန်းချုပ်နိုင်ဖို့ ကြိုးစားတာ…

သွား… ရှင့်ကိုမုန်းတယ် သိလား…

ဓါတ်ပုံကို လှမ်းဆုပ်လိုက်မိသည့်လက်က တင်းကျပ်သွားကာ တဆတ်ဆတ်ခါလေသည်။

လူလူ အင့်ခနဲ ရှိုက်ငိုမိလျက် အယ်လ်ဘန်ယူဖို့တောင် စိတ်မဝင်စားနိုင်တော့ဘဲ ဗီရိုတံခါးကို ပြန်ပိတ်မစ်လိုက်မိ၏။

ထိုစဉ်မှာပင် သူမနောက်ကျောမှ လှုပ်ရှားမှုတစ်ခုနဲ့ အတူ ရင်းနှီးခဲ့ဖူးသော ရေမွှေးနံ့က ထောင်းခနဲ ဝင်လာ၏။

သို့သော်… လူလူ လှည့်ကြည့်ချိန်မရလိုက်မီ သူမ တစ်ကိုယ်လုံးကို နောက်ကနေ သိမ်းကျုံးပွေ့ဖက်ပစ်လိုက်ခြင်း ကို ခံလိုက်ရလေသည်။

"အို… ကိုကို… ရှင်…"

အံ့ဩလွန်းသဖြင့် နှုတ်ခမ်းလေးဝိုင်းကာ သူ့မျက်နှာ ကို မြင်နိုင်အောင် လည်ပင်းလေးလိမ်၍ ကြည့်ဖို့ကြိုးစားသည်။

သူ မဟုတ်နိုင်ပါဘူး… သူက နိုင်ငံခြားမှာပဲ။

"လွမ်းလိုက်ရတာ ကလေးရယ်၊ သုံးရက်လောက်





ကိုယ်ယောင်ချောက်ချားနေလိုက်ရတာ သုံးကမ္ဘာလောက် ဝေးနေရ သလိုပဲ"

"အို…"

နောက်လှည့်ကြည့်ဖို့ ကြိုးစားနေသည့် လူလူ့မျက်နှာ လေးကို တိုင်းနိုင်ငံ မက်မောစွာ နမ်းသည်။

"ရှင်… ရှင်… နိုင်ငံခြားထွက်သွားပြီဆို… ဒီ… ဘာတွေဖြစ်ကုန်တာလဲ၊ လွှတ်ပါ"

နောက်ကနေ လက်ဖမိုးလေးနှစ်ဖက်ကိုပါ ထပ်ကိုင်၍ သိုင်းဖက်ထားသဖြင့် ရုန်းလို့လည်း မရ။

အတင်းလိုက်နမ်းနေသည့် သူ့မျက်နှာကိုလည်း ရှောင် တိမ်းလို့ မလွှတ်။

"ရှင်နော်… လွှတ်လို့ပြောနေတာ မရဘူးလား"

"မရဘူးကွာ၊ ခုလည်း မလွှတ်ဘူး၊ နောက်လည်း ပြန်မလွှတ်တော့ဘူး၊ ကိုယ့်ဘဝမှာ မင်းမရှိလို့မဖြစ်ဘူး ကလေး ရယ်၊ ကိုယ် မင်းကို ဆုံးရှုံးမခံနိုင်ဘူးဆိုတာ နာရီစက္ကန့်တိုင်း သေချာနေတယ်၊ ဖြစ်ခဲ့သမျှ ကိုကိုမှားတယ်လို့ပဲ ထားလိုက်ပါ၊ တောင်းပန်တယ်ကွာ၊ ကျေနပ်တော့နော်၊ ကိုကို့ကို ဒီထက်



www.burmeseclassic.com

www.burmeseclassic.com



မရက်စက်ပါနဲ့"

"ဖယ်စမ်းပါ၊ ရှင့်ကို ခွင့်မလွှတ်ဘူးလို့ ပြောခဲ့ပြီးသား၊ ခုရော… ဘာတွေ ဘယ်လိုပူးပေါင်းကြံစည်ကြတာလဲ"

"လူကြီးတွေကို အပြစ်မမြင်ပါနဲ့ လူလူရယ်၊ ကိုကို့ဒုက္ခကို မမြင်ရက်တော့လို့ မေမေက သဘောတူခဲ့တာပါ၊ ဒီလိုမလုပ်ဖို့ မေမေ တားပါသေးတယ်၊ ဒါပေမယ့် မင်းက ဘယ်လိုမှရှင်းပြခွင့်မပေးတော့…"

"ရှင်မရှိတော့ဘူးထင်လို့ လာခဲ့မိတာ သိလား၊ ဒီလိုမှန်းသိရင် သေတာတောင် မလာဘူး၊ လူကိုလွှတ်လို့ ပြောနေတယ်နော်"

"မလွှတ်နိုင်ဘူး၊ ကိုယ့်မိန်းမကို ကိုယ်ဖက်တာ ဘယ်သူ့ဂရုစိုက်ရမှာလဲ"

"ရှင်နဲ့လူလူက ဘာမှမဆိုင်တော့ဘူး၊ လူလူ့ဘက်က ရှင်းနေပြီးသား"

"ရှင်းလို့ရမလားကွ၊ ဘယ်နေရာရောက်ရောက်၊ ဘယ်အချိန်ဖြစ်ဖြစ် မင်းက ကိုယ့်မိန်းမပဲ၊ ခုဆို မင်းရင်ထဲမှာ ကိုယ့်ရင်သွေးလေးရှိပြီ၊ အဲဒါ ဘာမှမဆိုင်လို့မရဘူးဆိုတာ





သက်သေပဲ၊ ကိုကိုလေ… ရင်သွေးဆိုတဲ့အသံကြားလိုက်တာနဲ့ လေဆိပ်ကနေ ချက်ချင်းလှည့်ပြန်လာခဲ့တာ"

"ဘယ်လို"

လူလူ သူ့ဘက်ကို ရင်ဆိုင်လှည့်၍ တအံ့တသြ ကြည့်သည်။

"အဲဒါ ရှင့်ကို ဘယ်သူပြောတာလဲ"

"ဒေါက်တာဦးဇော်လွင် ပြောတာ၊ ဘာဖြစ်လို့ ကိုကို့ကို အသိမပေးတာလဲဟင်၊ ကိုယ်တို့ ဆုံဆည်းထိုက်ကြလို့ လက်မတင်လေး သိလိုက်ရတာ၊ တကယ်လို့ လေယာဉ်ပေါ်မှာ သာ ပါသွားခဲ့ရင် နှစ်နှစ်ကျော်လောက်ဝေးပြီး ကိုယ် ဘာမှကို သိမှာမဟုတ်ဘူး"

"မသိတော့ ကောင်းတာပေါ့၊ ရှင်လည်း ရှင့်အလုပ် ဆက်လုပ်၊ လူလူလည်း ကိုယ့်လမ်းကိုယ်လျှောက်ရုံပဲ၊ မိန်းမ တစ်ယောက်ကို ဂရုမစိုက်စွာ ဥပေက္ခာပြုသွားနိုင်တဲ့မာန ရှင့်မှာ ရှိတာပဲ၊ ရင်သွေးနဲ့ဖန်းပြပြီး လူလူက ဖြားယောင်းဖို့ မလိုပါဘူး၊ ခုလည်း ကလေးကြောင့် ရှင်ပြန်လာတာလား၊ ရတယ်… မွေးပြီးရင် ပို့ပေးလိုက်မယ်၊ ရှင်နဲ့လူလူ ပတ်သက်စရာ မလို



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"မဟုတ်ဘူး လူလူ၊ မင်း ကိုကို့ကို အထင်လွဲနေတာ၊ ကိုကို့မှာ မာနတွေ ရှိကောင်းရှိခဲ့လိမ့်မယ်၊ အဲဒါ မင်းအပေါ်မှာတော့ မဟုတ်ဘူး၊ မင်းရဲ့အရိပ်တွေချည်းရှိတဲ့ ဟောဒီအိမ်ရာ၊ ဟောဒီအခန်းထဲမှာ ကိုကို ဆက်မနေရဲတော့တာ မင်းကိုချစ်တဲ့ စိတ်တစ်ခုတည်းပဲ၊ ဘာမာနမှ မပါဘူး၊ မင်းကို ကိုယ် အဆုံးရှုံးမခံနိုင်တာ ပထမ၊ ရင်သွေးက ဒုတိယပါ"

"သြော်... သြော်... ဒါကြောင့် လေယာဉ်ကွင်းကနေ လှည့်ပြန်လာရတာပေါ့နော်"

"အဲဒါက မင်း ကိုယ့်ကို ဘာမှကြိုးစားခွင့်မပေးခဲ့လို့ ကာလတစ်ခုထိ အရှုံးပေးသွားဖို့ ကိုယ်ရင်းနှီးလိုက်တာ၊ ရင်သွေးရှိနေပြီဆိုတာ သိလိုက်ရတော့ ကိုယ့်ဘက်က ဆုပ်ကိုင်ပြစရာ အားကိုးရှိသွားပြီလေ၊ အဲဒါကြောင့် ဇမ်းသာအားရ လှည့်ပြန်လာတာပေါ့၊ စကားနာတွေ ထိုးမနေပါနဲ့ကွာ၊ ရင်ထဲမှာ တချစ်ချစ်မြည်နေတာ ဒီမှာ နားထောင်ကြည့်..."

"အို..."

လူလူ သူ့လက်ထဲမှာ အရုပ်လေးတစ်ရုပ်လိုပါပဲ...

သစ္စာမွန်စာပေ



"ဘာညာ ဘာညာတွေနဲ့ ငြင်းဖို့မကြိုးစားနဲ့တော့၊ မရဘူး၊ ကိုယ့်မိန်းမပေမယ့် အခမ္ဘချုပ်ပြီး ဒုတိယအကြိမ် သိမ်းပိုက်ရဦးမှာပဲ၊ ပထမဆုံးအဖြစ် ရည်းစားစကားပြောမယ်၊ နောက်ဆုံးအဖြစ် ချစ်တယ်လို့ မင်းဖြေရမယ်၊ ဒါပဲ..."

"ဒီမှာ..."

လူလူ ဖျတ်ခနဲ မျက်နှာမော့၍ ပါးစပ်ဟလိုက်သည်နှင့် သူက လူလူ့နှုတ်ခမ်းလေးကို လက်ဖဝါးနဲ့ပိတ်အုပ်ထားကာ...

"နေဦး၊ ကြိုတင်သတိပေးထားမလို့၊ မချစ်ဘူးလို့ ဖြေရင် မင်းနှုတ်ခမ်းလေး ငိုသွားအောင် ဒဏ်ခတ်ပစ်မယ်၊ မုန်းတယ်ဆိုရင် လူပါအမှုန့်ဖြစ်သွားမယ်၊ ကဲ... ရပြီ ဖြေတော့"

သူ လက်ခွာပေးလိုက်တော့ လူလူ လှစ်ခနဲပြုံးမိကာ မျက်နှာလေး ငုံ့သွားသည်။

"ဟိတ်... ဖြေလေ"

သူ လူလူ့ကိုယ်လုံးလေးကို ဖွေ့ခနဲပွေ့ယူလိုက်လျှင် လန့်ဖျန့်ကာ သူ့ရင်ဘတ်အင်္ကျီကို ဆုပ်ဆွဲထားလိုက်မိသည်။

"ဖြေရဲ့လား... မချစ်ဘူးလို့"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သွား"

လူလူ သူ့ရင်ဘတ်ကို ထုပစ်လိုက်မိသည်။

ရင်ခုန်သံတွေ တိုးတိတ်လျှံထွက်လာကာ ရည်းစားထားစ အမျိုးဖျန်းကလေးလို…

ကိုကို့ကို စတွေ့ဖူးကတည်းက ချစ်တာလေ…

သျှင်မ

BURMESE CLASSIC

www.burmeseclassic.com